
www.burmeseclassic.com



www.burmeseclassic.com

#၉

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၁၁၀၄၀၉၀၇ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၁၂၁၆၁၀၀၇ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၇ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်ခိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – ဥက္ကာ (ATOMIC Digital Art)

■ ကွန်ပျူတာစာစီ – သူသူ (ကွန်ပျူတာ)


■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၂၀၀၀ ကျပ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

၅ ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## အခန်း (၁)

"ကဲဟာ. . . သေစမ်း"

"မလုပ်နဲ့ မမစုလတ်၊ မလုပ်ပါနဲ့ဆိုနေဟာ"

ကျွန်မက မောင်လေးဖိုးသား၏လည်ပင်းကို နောက်ဘက်မှ [illegible]၍ လက်နှစ်ဖက်ဖြင့်ညှစ်ထားရာ ဖိုးသားတစ်ယောက် ထွန့်ထွန့်[illegible]နေ၏။ ကျွန်မက သဘောကျစွာရယ်မောရင်း လက်ကို ဖြေလျှော့[illegible]လိုက်တော့မှ ဖိုးသားက ဝုန်းကနဲထရပ်ကာ စိတ်ဆိုးမာန်ဆိုး [illegible]

"အဲဒီလိုမနောက်ပါနဲ့လို့ နင့်ကို ငါ ဘယ်နှခါပြောရမလဲ [illegible]လတ်၊ နင် ငါ့ကို အမြဲတမ်းခေါင်းရှုပ်အောင်လုပ်တယ်၊ သန်း[illegible] [illegible]လို့ ဝင်စားတာလားမသိဘူး"

ဖိုးသား၏ ခပ်စွာစွာစကားကြောင့် ကျွန်မသူငယ်ချင်းဖြစ်သူ [illegible]က အူလှိုက်သည်းလှိုက်ရယ်၏။ ပုံပုံအဖို့တော့ ဖိုးသားပါးစပ်မှ

www.burmeseclassic.com



ထွက်သမျှစကားလုံးတိုင်းသည် ပြက်လုံးကောင်းများဖြစ်နေပုံရ၏။

ကျွန်မက

"ဟဲ့. . . ပုံပုံ လာမယ့်မောင်မယ်သစ်လွင် ကြိုဆိုပွဲကျရင် နင်နဲ့ ငါ ဘာအစီအစဉ်လုပ်ရမလဲဆိုတာ အကြံရပြီ. . . သိလား၊ မျက်လှည့်ပွဲလုပ်မယ်ဟာ၊ ငါတို့နှစ်ယောက်က ဖိုးသားကို တစ်ခါတည်း လက်စတုံးသွားအောင် ကိုယ်ယောင်ဖျောက်ပြလိုက်ရင် မကောင်းဘူးလား"

ကျွန်မစကားကြောင့် ဖိုးသားကမဲ့ရွဲ့ပြီး ကျွန်မကို လျှာထုတ်ကာပြောင်ပြသည်။ ဗိုက်ထုပ်တွေစားထားသောကြောင့် သူ့လျှာတစ်ပြင်လုံး မရမ်းရောင်သန်းနေ၏။

ထိုစဉ် မေမေက ထမင်းစားပန်းကန်တစ်ထပ်ကြီးကိုသယ်ပြီး မီးဖိုထဲသို့ဝင်လာ၏။ ထို့နောက် သူမက ပန်းကန်ပြားများကို အိုးတွေခွက်တွေထည့်ထားသည့် ကတ်ထူစက္ကူပုံးများနံဘေး၌ ချထားလိုက်၏။

မနေ့ကမှပင် ဒီအိမ်ကြီးသို့ ပြောင်းလာခဲ့ရသည်ဖြစ်သောကြောင့် တချို့အထုပ်အပိုးများမှာ လုံးဝမဖွင့်ရသေး။ ပစ္စည်းပစ္စယအားလုံးကိုလည်း နေရာတကျဖြစ်အောင် မထားသိုရသေးချေ။

မေမေက ကျွန်မကိုမျက်မှောင်ကုတ်၍ ကြည့်လိုက်ရင်း

"စုလတ်နော် သမီးစကားပြောတာဆင်ခြင်စမ်း။ တစ်ခါတလေ ကိုယ်ပြောတဲ့စကားတွေက ပါးစပ်စီးတတ်တယ်၊ တော်ကြာ မောင်လေး တစ်ခုခုဖြစ်သွားမှ ငါပြောလိုက်မိလေခြင်းဆိုပြီး နောင်တရမနေနဲ့"

ကျွန်မက မေမေမကြားအောင် တီးတိုးလေသံဖြင့်

"စိတ်ချပါ မေမေ၊ သမီးဘယ်တော့မှ နောင်တရမှာမဟုတ်ပါဘူး"

"ဟော. . . ကြားလားမေမေ၊ မမစုလတ်က သူ့ကြောင့် သားတစ်ခုခုဖြစ်သွားရင် နောင်တမရဘူးလို့ပြောနေတယ်"

မောင်လေးဖိုးသားက ကြားဖြစ်အောင်ကြားသွားပြီး မေမေ့ကို



အော်တိုင်နေ၏။ ကျွန်မက

"ငါက ပျော်စေပျက်စေပြောတာပါဟာ"

"နင်က လူပျက်မပဲ"

ဖိုးသား၏ မကျေမချမ်းရေရွတ်လိုက်သောစကားကြောင့် ပုံပုံက ခွက်ထိုးခွက်လန်ရယ်ပြန်လေသည်။

ဘာကြောင့်များ ပုံပုံတစ်ယောက် ဖိုးသားကို လူရွှင်တော်တစ်ယောက်လို အောက်မေ့နေပါလိမ့်ဟု စဉ်းစားမရ။ ပုံပုံတစ်ယောက်တည်းတင်မဟုတ်ပါ။ ကျွန်မသူငယ်ချင်းတွေအားလုံးက ဖိုးသားကို တော်တော်လေးချစ်ကြသည်။

သူ့တစ်ကိုယ်လုံးမှာ ဘယ်နေရာမှာများ သွားပြီး ချစ်မွေးတွေပေါက်နေသလဲမသိပါ။

မေမေက

"စုလတ်နော် သမီးကလူကြီးဖြစ်နေပြီ၊ ဖိုးသားက အခုမှ (၉)နှစ်ပဲရှိသေးတာ၊ သမီးမောင်လေးကို သမီးမှဂရုမစိုက်ရင် ဘယ်သူဂရုစိုက်မှာလဲ"

မေမေ့စကားကြောင့် ကျွန်မပုခုံးတွန့်ရုံတွန့်ပြလိုက်၏။

မလှမ်းမကမ်းမှ ဖိုးသားက လှမ်းပြီးပြောင်ပြနေသည်ကို မြင်ရသည်။

. . . . . . . . .

နောက်ထပ်ရက်အနည်းငယ်ကြာလျှင် ဒါတွေဖြစ်လာမည်ဆိုသည်ကိုသာ ကျွန်မကြိုသိခဲ့လျှင် ဖိုးသားကို ဒီလိုဆက်ဆံခဲ့မှာမဟုတ်တာ သေချာပါသည်။

တကယ်ပဲ နောက်ရက်အနည်းငယ်အကြာမှာ ကျွန်မမောင်လေးဖိုးသားတစ်ယောက် ဟောဒီလောကကြီးထဲက အပြီးအပိုင်ပျောက်ကွယ်သွားမှာကို ကျွန်မကြိုတင်မသိခဲ့ချေသည်တကား။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သမီးရေ. . . စုလတ်၊ မေမေ့ကို ဟောဒီအထုပ်အပိုးတွေ လာဖြေပေးဦး"

မေမေ့ခေါ်သံအဆုံးတွင် ဖိုးသားက အလျားဖားလျားပြေးသွားပြီး

"သားလုပ်ပေးမယ် မေမေ၊ အထုပ်တွေအားလုံး သားဖွင့်ပေးမယ်"

"ဟဲ့ ဟဲ့ မလုပ်နဲ့၊ အားလုံးထုတ်လိုက်ရင် ရှုပ်ပွကုန်မှာပေါ့၊ မီးဖိုချောင်အတွက်လိုတဲ့ဟာတွေကိုပဲ အရင်ထုတ်ဦးမယ်"

ကျွန်မက

"ဒါဆိုလည်း ဖိုးသားကိုပဲခိုင်းလိုက်တော့ မေမေ၊ ပုံ့ပုံ့ကို သမီးပဲ ဒီအိမ်ကြီးအနှံ့ လျှောက်ပြလိုက်ဦးမယ်"

"ဟုတ်တယ်အန်တီရဲ့၊ မနေ့က အန်တီတို့ ဒီအိမ်ကြီးကို



ပြောင်းလာကတည်းက သမီးက လိုက်လာပြီးကြည့်ချင်နေတာ၊ အန်တီတို့ အလုပ်ရှုပ်မှာစိုးလို့"

"သြော်. . . အေးအေး၊ ဒါဆိုလည်း စုလတ်နဲ့ပဲ လျှောက်ကြည့်လိုက်လေ၊ အိမ်ကအရမ်းကြီးပြီး မသုံးဘဲထားတဲ့အခန်းတွေက များတော့ တချို့အခန်းတွေက ဖုန်တသောသောနဲ့၊ သတိထားပြီးသွားကြနော်၊ အံမယ်. . . သမီးက နားရွက်တစ်ဖက်တည်းမှာ နားပေါက်သုံးပေါက်တောင်ဖောက်ထားပါလား"

မေမေက ပုံ့ပုံ့၏နားရွက်ကို အနီးကပ်ကြည့်ရင်းပြောလိုက်၏ ပုံ့ပုံ့က

"ဟုတ်တယ်အန်တီရဲ့၊ ဒီမှာကြည့်ပါလား"

ပုံ့ပုံ့၏စတိုင်လ်က ဒီလိုပင် အမြဲတမ်းခေတ်ဆန်နေသည်။ အဝတ်အစားဆိုလျှင်လည်း တောက်ပသောအရောင်တွေကိုသာ ရွေးပြီးဝတ်တတ်၏။ ကျွန်မနှင့်တော့ ဆန့်ကျင်ဘက်ပင်။ မီးခိုးရောင်မှိုင်းမှိုင်းအရောင်တွေကိုသာ ကြိုက်တတ်သော ကျွန်မနှင့်အတူတွဲပြီး လမ်းလျှောက်သည့်အခါတိုင်း ပုံ့ပုံ့၏စတိုင်လ်က ထူးထူးခြားခြားပေါ်လွင်နေသည်။

မောင်လေးဖိုးသားက မေမေနှင့်ပုံ့ပုံ့တို့ကြားသို့ အတင်းတိုးဝင်လာပြီး

"မေမေ သားလည်း နားခေါင်းမှာအပေါက်ဖောက်ချင်တယ်။ ပြီးရင် ရွှေကွင်းလေးတပ်ပေးနော်"

ဖိုးသား၏စကားကြောင့် မေမေ့ခမျာ ပါးစပ်အဟောင်းသားဖြစ်သွားရ၏။ ကျွန်မက ဖေဖေ၏ လက်သမားသုံးသေတ္တာထဲမှ တူတစ်ချောင်းကိုဆွဲထုတ်လိုက်ပြီး

"ကဲ. . . လာခဲ့ ဖိုးသား၊ ငါကိုယ်တိုင်ဖောက်ပေးမယ်"

ဖိုးသားက သူမ၏ မရမ်းရောင်ထနေသောလျှာကိုထုတ်ကာ ခြောင်ပြပြန်၏။ မေမေက

www.burmeseclassic.com



"ကဲ. . . ညည်းတို့ သွားမှာသာသွားကြစမ်းပါဟယ်၊ ဒီကောင်လေးကို စမနေကြစမ်းနဲ့၊ ငါစိတ်ရှုပ်လွန်းလို့"

မေမေ့စကားကြောင့် ပုံပုံ့ကရယ်မောရင်း ကျွန်မနောက်မှ လိုက်ပါလာခဲ့တော့သည်။

ဒီလိုနှင့် ကျွန်မတို့နှစ်ယောက်သား အပေါ်ထပ်ဆီသို့တက်သော လှေကားအနီးသို့ရောက်လာခဲ့ကြသည်။ ပုံပုံ့က တစ်ဝက်တစ်ပျက်ကွာကျနေသော နံရံကပ်စက္ကူများ၊ အိုမင်းအက်ကွဲနေသော အင်္ဂတေသားများကိုကြည့်ရင်း

"ဒီအိမ်ကြီးရဲ့သက်တမ်းက တော်တော်ကြာပြီထင်တယ်နော်"

"ဟုတ်တယ် အနည်းဆုံးတော့ နှစ်ပေါင်း(၈၀)လောက်တော့ ရှိပြီထင်တာပဲ၊ ဒီအိမ်ကိုဝယ်ကာစတုန်းကဆိုရင် အခြေအနေက တော်တော်ဆိုးတာ၊ အခုလောက် နေလို့ထိုင်လို့ဖြစ်နေတာတောင် ဖေဖေနဲ့ မေမေက ပြီးခဲ့တဲ့လကတည်းက နည်းနည်းစီလာပြင်ထားလို့ဟ"

ကျွန်မ စကားပြောနေစဉ်မှာပင် ခြေလှမ်းလိုက်တိုင်း ကြမ်းခင်းက တကျွိကျွိမြည်နေ၏။ ပုံပုံ့က

"သရဲကားတွေထဲမှာပါတတ်တဲ့ အိမ်ကြီးမျိုးနဲ့တူတယ်နော်"

"ငါကတော့ အဲဒါတွေမတွေးမိပါဘူးဟာ၊ ဒီလို ကျယ်ကျယ်ဝန်းဝန်းနေရတာကိုပဲ စိတ်ချမ်းသာလှပါပြီ၊ နင် သိတဲ့အတိုင်းပဲလေ. . . အရင်တုန်းက တိုက်ခန်းနဲ့နေရတာဆိုတော့ ဖေဖေနဲ့မေမေက ဘယ်လိုလုပ်ပြီး ငါ့အတွက် သီးသန့်အခန်းဖွဲ့ပေးနိုင်မှာလဲ၊ ထပ်ခိုးလေးပေါ်မှာပဲ ငါနဲ့ ဖိုးသားနေရတာ၊ အခု ဒီအိမ်ရောက်မှ ငါ့အတွက် ကိုယ်ပိုင်အခန်းကျယ်ကျယ်ရတော့တယ်၊ အိမ်အိုတာ ဟောင်းတာက အရေးမကြီးပါဘူးဟာ"

ကျွန်မက ညည်းညည်းတွားတွားပြောလိုက်သည်။ ပုံ့ပုံ့က

"လာလေဟာ၊ နင့်အခန်းကိုသွားကြည့်ကြရအောင်"

"ဟဲ့ ဟဲ့ လှေကားလက်ရန်းကိုမမှီနဲ့ဟ၊ သစ်သားတွေက



ထွေးနေပြီး တော်ကြာကျိုးကျသွားလိမ့်မယ်"

ကျွန်မကပြောရင်း လှေကားအပေါ်သို့တက်ရန် ခြေလှမ်းပြင်လိုက်သည်။ ထိုစဉ် ကျွန်မမျက်လုံးများက တစ်စုံတစ်ရာကိုမြင်ပြီး မြဲလှမ်းတုံ့သွား၏။

"နေဦး. . . ပုံပုံ၊ ဟိုမှာ မြေအောက်ခန်းထဲဆင်းတဲ့တံခါးကို ဘယ်သူ ဖွင့်ထားပစ်ခဲ့ပြန်ပြီလဲမသိဘူး။ ငါ သွားပိတ်လိုက်ဦးမယ်၊ ကြောင်တွေဘာတွေဝင်နေမှာစိုးလို့"

ပုံပုံ့က လှေကားပေါ်တက်နေရင်းတန်းလန်းမှ

"မြေအောက်ခန်းထဲမှာ ဘာတွေရှိသလဲ စုလတ်"

"ဘယ်သိမလဲဟ၊ ငါတောင် တစ်ခါမှဆင်းမကြည့်ရသေးဘူး။ မှောင်လည်းအရမ်းမှောင်တယ်၊ ပြီးတော့ အကောင်သေတစ်ကောင်ကောင်ကို မြှုပ်ထားသလိုမျိုး အနံ့ကလည်းပုပ်အဲ့အဲ့နဲ့"

ကျွန်မက နှုတ်ခမ်းကိုအနည်းငယ်မဲ့ကာပြောလိုက်ရင်း မြေအောက်ခန်းတံခါးရှိရာဆီသို့ လျှောက်သွားလိုက်သည်။ ပွင့်နေသော အံဖုံးတံခါးကိုပိတ်ရန် လက်လှမ်းလိုက်စဉ်မှာပင် ထူးဆန်းသောအသံတစ်ခုကြောင့် ကျွန်မ၏လက်တွေ လေထဲမှာပင်ရပ်တန့်သွားကြ၏။

ညည်းညူသံတစ်ခု. . .။

ဟင်. . . မြေအောက်ခန်းထဲမှာ ဘယ်သူရောက်နေပါလိမ့်။ ကျွန်မ အသက်ပင်မရှူမိဘဲ ငြိမ်သက်စွာ နားထောင်နေမိသည်။ ကုတ်ခြစ်သံလိုလို ခြေသံလိုလို အသံတိုးတိုးဖျော့ဖျော့တစ်ခုကို ကြားရလေသည်။

ကျွန်မက ကိုယ်ကိုငုံ့ကိုင်းကာ မြေအောက်ခန်းထဲသို့ဆင်းသော လှေကားရင်းဆီသို့ လှမ်းကြည့်လိုက်၏။ မှောင်နေလွန်းသောကြောင့် ဘာမှမမြင်ရ။

ထိုစဉ်. . . တစ်စုံတစ်ယောက်၏ညည်းတွားသံကို ကြားလိုက်ရပြန်လေသည်။ ညည်းသံက တိုးဖျော့လွန်းသောကြောင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



လာသည်ဟုထင်ရ၏။ နောက်ပြီး သံမံတလင်းပေါ် ရှပ်တိုက်သွားသော ခြေသံတွေကိုလည်းကြားရသည်။

"မြေအောက်ခန်းထဲမှာ ဘယ်သူလဲ"

ကျွန်မက လှမ်းမေးရင်း မြေအောက်ခန်းမီးခလုတ်ကို ဖွင့်လိုက်သည်။

တစ်ကြိမ်. . .။

နှစ်ကြိမ်. . .။

သုံးကြိမ်. . .။

လုံးဝမီးလင်းမလာပါ။

"ဖိုးသားလား၊ ဖိုးသားရေ မြေအောက်ခန်းထဲမှာလား"

ကျွန်မအသံက လိုဏ်ဂူထဲမှာလို ဟိန်းထွက်သွားသည်။

"မမစုလတ်လား၊ ဘာလို့ခေါ်နေတာလဲ ငါမအားသေးဘူး။ ဒီမှာ မေမေ့ကို ကူနေရတယ်"

ဖိုးသား၏အသံက မီးဖိုခန်းဆီမှ လွင့်ပျံ့လာ၏။ သေချာပြီ၊ ဒါဆိုလျှင် မြေအောက်ခန်းထဲမှာ ရှိနေသူက ဖိုးသားမဟုတ်နိုင်တော့။

ဖေဖေများလား။ ဖေဖေ အစောကြီး အိမ်ပြန်ရောက်နေတာများလား။

"ဖေဖေလား မြေအောက်ခန်းထဲမှာ ဘာဆင်းလုပ်နေတာလဲ"

မေးသာမေးရသည်၊ ကျွန်မအသံတွင် ယုံကြည်မှုမပါ။ ခြောက်ကပ်ကွဲအက်နေသည်။

"ဖေ. . .ဖေ"

မည်သည့်တုံ့ပြန်သံမှ မကြားရ။ တိတ်ဆိတ်နေသည်။

ကျွန်မ အသက်ရှူရန်မေ့လျော့နေခဲ့၏။ အဲသည်အချိန်မှာပင် ရှည်လျားတိုးညင်းသော သက်ပြင်းချသံ့သဲ့သဲ့ကို ကြားလိုက်ရသည်။

ကျွန်မ တစ်ကိုယ်လုံးတုန်ယင်သွား၏။

ထို့နောက် မြေအောက်ခန်းထဲမှ စကားတီးတိုးခေါ်ငင်သံကို



ကြားလိုက်ရလေတော့သည်။

"ဖိုးသားရေ. . .မင်းအလာကို ငါတို့စောင့်နေကြတယ်၊ လာခဲ့တော့ ဖိုးသား. . . လာခဲ့. . .လာခဲ့တော့"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘယ်သူလဲ. . . ဘယ်သူခေါ်နေတာလဲ"

ကျွန်မက အော်မေးလိုက်သည်။ အခုတော့လည်း ဘာတုံ့ပြန်သံမှမကြားရ။ တိတ်ဆိတ်နေသည်။

"ငါ့မောင်လေးနာမည်ကိုခေါ်နေတာ ဘယ်သူလဲ"

ကျွန်မအမေးကို ပြန်ဖြေမည့်သူမရှိ။

"မေးနေတာမကြားဘူးလား၊ ငါဆင်းလာခဲ့ရမလား"

ကျွန်မက ဟန်လုပ်ပြီးခြိမ်းခြောက်လိုက်သည်။ မြေအောက်ခန်းထဲတွင်ကား ပကတိ တိတ်ဆိတ်နေ၏။

ခေတ္တမျှ နားစိုက်ထောင်ကြည့်လိုက်ပြီးနောက် မြေအောက်ခန်းတံခါးကို ဝုန်းကနဲ ဆွဲပိတ်လိုက်သည်။

ဟင့်အင်း. . . မြေအောက်ခန်းထဲမှာ ဘယ်သူမှမရှိပါဘူး။

ဒါတွေအားလုံးသည် အကြားအာရုံ၏ လှည့်စားချက်မျှသာ



ဖြစ်သည်။ အိမ်အိုအိမ်ဟောင်းကြီးတွေမှာ ဒီလိုပဲဖြစ်တတ်ကြတယ် မဟုတ်လား။ ဟိုနေရာက တကျွိကျွိမြည်၊ ဒီနေရာက တကျွိကျွိမြည်နှင့် ထင်ယောင်ထင်မှားဝါးအသံများကို ကြားရတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။

ဒီလိုအသံတွေကိုပဲ သရဲခြောက်သလိုလို ဘာလိုလို လူတွေပြောတတ်ကြသည်မှာလည်း နေရာတကာတိုင်းမှာ ကြားရတတ်သည့် ပုံပြင်ဟောင်းတစ်ပုဒ်သာဖြစ်သည်။

ဒီအချက်ကို နိုင်နိုင်မာမာ လက်ဆုပ်လက်ကိုင်ပြဖို့ကြိုးစားရန် ကျွန်မဆုံးဖြတ်လိုက်သည်။

စောစောက ကျွန်မကြောက်လန့်နေခဲ့သော မြေအောက်ခန်း တံခါးဆီသို့ ဆတ်ကနဲပြန်လှည့်လိုက်သည်။

အသက်ကိုဝဝရှူသွင်းပြီး စိတ်ကိုတည်ငြိမ်အောင် စုစည်းလိုက်ပြီး ထို့နောက် စောစောက ကျွန်မဆွဲပိတ်လိုက်သော မြေအောက်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။

"ဟင်"

တံခါးက လုံးဝပွင့်မလာပါ။

ဘယ်လိုဖြစ်တာပါလိမ့်ဟုတွေးရင်း ကျွန်မ ခေါင်းနားပန်းကြီးသွားသည်။ စောစောကလေးတင် တံခါးရွက်နှစ်ချပ်ကိုစေ့ပြီး ကျွန်မကိုယ်တိုင် တွန်းပိတ်ခဲ့သည်မဟုတ်ပါလား။

ကြည့်ရတာ ဒီတံခါးရွက်နှစ်ချပ်က မြေအောက်ခန်းက ရေငွေ့ကြောင့် အစိုဓာတ်နဲ့ ကျပ်နေတာဖြစ်နိုင်တယ်ဟု ကျွန်မတွေးလိုက်မိသည်။

"ကဲဟာ. . . ကဲဟာ"

ကျွန်မ အားကုန်သုံးပြီး တံခါးကိုဆောင့်ဆွဲဖွင့်ကြည့်သည်။ တံခါးရွက်က တစ်ခုခုနှင့်ညပ်နေသလားမသိ။ လုံးဝပွင့်မလာချေ။

"ဟဲ့. . . ဘာလုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ဆီမှ ရုတ်တရက်ထွက်ပေါ်လာသော မေမေ့အသံကြောင့် ကျွန်မလန့်အော်ပြီး ထခုန်မိသည်။ မေမေက စက္ကူပုံးအညိုများကို တွန်းရွှေ့သွားရင်း

"ပုံပုံရော ဘမှယ်မှာလဲ၊ ပြန်သွားပြီလား"

"ဟင့်အင်း. . . ဟင့်အင်း မေမေ"

စောစောက မြေအောက်ခန်းထဲမှ အသံကြားရသည့်အကြောင်း မေမေ့ကိုပြောပြလျှင်ကောင်းမလားဟု တွေးလိုက်မိသေးသည်။ သို့သော် ချက်ချင်းပင် အဲဒီစိတ်ကူးကိုပယ်ဖျက်လိုက်၏။ ကျွန်မစိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထိန်းရင်း

"ပုံပုံက အပေါ်ထပ်ကိုတက်သွားနှင့်ပြီ၊ သမီး သူ့ကို အိမ်အနှံ့လိုက်ပြလိုက်ဦးမယ်နော်"

ဟုပြောပြီး အပေါ်ထပ်ဆီသို့ ကမန်းကတန်းပြေးတက်ခဲ့လေတော့သည်။

●

ကျွန်မတို့နှစ်ယောက်သား ဖိုးသား၏အခန်းရှေ့မှ ဖြတ်လာကြစဉ် ပုံပုံက အဆက်အစပ်မရှိဘဲ စကားတစ်ခွန်းကို လွှတ်ကနဲပြောလိုက်သည်။

"စုလတ် နင့်အဖေနဲ့နင့်အမေကလည်း ဖိုးသားကို တော်တော်ချစ်ပုံရတယ်နော်၊ အရမ်းအလိုလိုက်တာပဲ"

ကျွန်မက ပုခုံးကိုတွန့်ပြရင်း

"ဖိုးသားက မွေးကတည်းက မျက်စိအာရုံကြောဘာဖြစ်လို့ဆိုလားပဲ၊ မျက်လုံးတစ်ဖက်က ကောင်းကောင်းမမြင်ရဘူးလေ၊ (၅)နှစ်သားကတည်းက မျက်မှန်တပ်ရတာ၊ အဲဒါကို ဖေဖေနဲ့မေမေက သနားလို့ဆိုပြီး အလိုလိုက်ရာကနေ အခုထိ ဆိုးချင်တိုင်းဆိုးနေတော့တာ



ခဲ့တာ"

"နင့်ကိုကြည့်ရတာ ဖိုးသားကို မနာလိုဖြစ်နေပုံရတယ်. . . ရလောက်"

"အောင်မာ. . . မဖြစ်ပါဘူး၊ ဒီငချွတ်လေးကို ဘာလို့မနာ[illegible]လဲ၊ နေစမ်းပါဦး နင်က ဘာကိုကြည့်ပြီး ငါ့ကို ဒီလိုစွပ်စွဲရတာလဲ"

ကျွန်မလေသံက သိသိသာသာမာသွားပုံရ၏။ ပုံပုံက အနည်းငယ်မျက်နှာပျက်သွားပြီး

"ဆောရီးပါဟာ၊ အလကားပြောတာပါ၊ ဘာမှမဟုတ်ပါဘူး၊ တဲ့ပါ. . . နင့်အခန်းကို သွားကြည့်ကြရအောင်"

ပုံပုံက လေပြေကလေးဖြင့်ပြောလာသောကြောင့် ကျွန်မရင်ထဲမှာ ဝမ်းနည်းသလိုခံစားလိုက်ရသည်။ သူ့လိုမျိုး ကျွန်မအချစ်ဆုံးသူငယ်ချင်းတစ်ယောက်ကို ရန်လိုသည့်စကားပြောဖြစ်ဖို့ ကျွန်မရည်ရွယ်ပါ။

အထူးသဖြင့် ပုံပုံက နေရာတကာတွင် သဘောကောင်းအေးဆေးပြီး အလျှော့ပေးတတ်သူတစ်ဦးဖြစ်၏။ တစ်စုံတစ်ခုနှင့်ပတ်သက်၍ ငြင်းခုန်ရသည့်အခါတိုင်း သူမက ဦးအောင်တောင်းပန်လေ့ရှိသူ ဖြစ်သည်။

ကျွန်မက ပုံပုံကို ကျွန်မအခန်းထဲသို့ခေါ်သွားပြီး ပြတင်းပေါက်လိုက်ကာများကို ဆွဲဖွင့်လိုက်သည်။ အခန်းနံရံတွေရော လိုက်ကာတွေပါ မီးခိုးရောင်ဖြစ်နေသဖြင့် တစ်ခန်းလုံး လေးလံထိုင်းမှိုင်းနေသလို ခံစားရသည်။ အထူးသဖြင့် ပြတင်းပေါက်အပြင်ဘက်မှာ နေရောင်ခြည် လင်းလင်းချင်းချင်းမရှိသည့်အခါမျိုးတွင် အခန်းသည် ပို၍မှောင်မိုက်နေသလို ခံစားရ၏။

"ဟိုဒင်း. . . အခန်းထဲမှာ မီးလုံးတွေထပ်ဆင်ဖို့လိုသေးတယ် ပုံပုံရဲ့၊ ပြီးတော့ နံရံတွေမှာလည်း ပိုစတာလေးဘာလေးကပ်လိုက်ပြီးတော့မှ အခန်းကကြည့်ကောင်းမယ်ထင်တယ်ဟာ၊ အခုတော့. . ."

www.burmeseclassic.com

www.burmeseclassic.com



ရှက်ရွံ့ရွံ့ဖြင့်ပြောနေသည့် ကျွန်မ၏စကားကိုဖြတ်ပြီး ပုံ့ပုံ့က

"ဒီအတိုင်းလည်းကောင်းပါတယ်ဟာ၊ တစ်ခန်းလုံး မျက်စိကိုအေးနေတာပဲ"

ပုံ့ပုံ့ကတော့ သည့်လိုပင်။ အခြေအနေ ဘယ်လောက်ဆိုးဆိုး ကောင်းကွက်တစ်ကွက်ကို ရှာကြံပြောပြီး တစ်ဖက်သားကို နှစ်သိမ့်တတ်သူဖြစ်သည်။

ထိုစဉ် အိမ်အပြင်ဘက်ဆီမှ စကားပြောသံများကို ကြားရသဖြင့် ကျွန်မက ပြတင်းပေါက်မှငုံ့ကြည့်လိုက်သည်။

"ဟယ်. . . ပုံ့ပုံ့၊ ကိုလင်းနဲ့ပူးသီးတို့ လာနေကြတယ်ဟဲ့၊ ကြည့်စမ်း"

ကျွန်မအသံထဲတွင် ဝမ်းသာကြည်နူးမှုတွေ ရောစွက်သွားသလားမပြောတတ်ပါ။ ကိုလင်းက အထက်တန်းကျောင်းသားဘဝကတည်းက ကျွန်မကို စိတ်ဝင်စားနေမှန်း သူငယ်ချင်းတွေအားလုံးရော ကျွန်မိကိုယ်တိုင်ပါ သိနှင့်ပြီးသားဖြစ်သည်။

ပူးသီးဟု နာမည်ပြောင်ဖြင့်ခေါ်ကြသော ဇော်အောင်ကတော့ ပုံ့ပုံ့ကို စိတ်ဝင်စားခြင်းရှိမရှိ မပြောတတ်ပါ။ ကျွန်မ မျက်စိထဲတွင်တော့ သူတို့နှစ်ယောက်ကို လိုက်ဖက်ညီသည်ဟုထင်ပြီး မကြာခဏ နောက်ပြောင်လေ့ရှိသည်။

အခုလည်း ပုံ့ပုံ့က ကျွန်မကို မသက်သာလိုကြည့်ပြီး

"နင် သူတို့ကိုဖိတ်ထားတာလား စုလတ်"

"ဟင့်အင်း မဖိတ်ပါဘူး"

ကျွန်မက ရှည်ရှည်ဝေးဝေး ရှင်းပြမနေနိုင်ဘဲ မှန်တင်ခုံရှေ့ ကမန်းကတန်းပြေးပြီး မျက်နှာကို တို့ဖတ် လေးငါးချက်ရိုက်လိုက်သည်။ နှုတ်ခမ်းကိုလည်း နှုတ်ခမ်းနီ မသိမသာ ပါးပါးကလေးထပ်ဆိုးလိုက်ပြီးမှ ပုံ့ပုံ့ကိုခေါ်ကာ အောက်ထပ်သို့ဆင်းခဲ့၏။



ဖိုးသားကတော့ အိမ်ရှေ့ဆီသို့ ကြိုတင်ရောက်နှင့်ကာ ကိုလင်းတို့နှင့် စကားဖောင်ဖွဲ့နေလေပြီ။ ဖိုးသားက ဇော်အောင့်ကို

"ကိုကြီး. . . ကိုကြီးနာမည်ကို ဘာဖြစ်လို့ ပူးသီးလို့ခေါ်ကြတာလဲဟင်၊ အဲဒါ နာမည်အရင်းပဲလား"

ဖိုးသား၏ စပ်စပ်စုစုမေးခွန်းကြောင့် ကျွန်မအားနာသွားမိ။ အတော်လေးအလှမ်းဝေးနေသောကြောင့် ဖိုးသားကိုကျွန်မလှမ်းပြီး မဟန့်တားနိုင်ခင်မှာပင် ဇော်အောင်က

"ဘယ်ကလာ ငါ့နာမည်အရင်းဟုတ်ရမှာလဲကွ"

"ဒါဆို ကိုကြီးရဲ့နာမည်အရင်းက ဘယ်သူလဲ"

ဇော်အောင်က ပြုံးဖြီးဖြီးလုပ်ရင်း

"မပြောဘူးကွာ၊ ဘာလို့ပြောရမှာလဲ"

ဖိုးသားက ဒီလောက်နှင့် လက်လျှော့တတ်သူမဟုတ်ချေ။ သူက

"ဘာလို့ မပြောချင်ရတာလဲ၊ ကိုကြီးနာမည်အရင်းက ရှက်စရာကောင်းတဲ့နာမည်မို့လို့လား၊ သားတို့ကျောင်းမှာ သူငယ်ချင်းတစ်ယောက်ရှိတယ်၊ သူ့နာမည်ကို ရှက်လို့မပြောဘူး၊ သူ့နာမည်အရင်းက 'ပေစိနောင်'တဲ့၊ ကိုကြီးနာမည်ကရော 'ပေစိနောင်'ပဲလားဟင်"

ကိုလင်းရော ဇော်အောင်ပါ ပြိုင်တူရယ်လိုက်ကြ၏။ ကိုလင်းက

"အေး. . . ဟုတ်တယ်၊ ဖိုးသားမှန်းလိုက်တာကွက်တိပဲ၊ ပူးသီးနာမည်အရင်းကလည်း ပေစိနောင်ပဲကွ၊ ဟား. . . ဟား"

ထိုစဉ် ကျွန်မကဝင်၍

"ဟဲ့. . . ဖိုးသား၊ လူကြီးတွေကို ဘာတွေလျှောက်ပြောနေတာလဲ၊ အားနာစရာကြီး"

"ကိစ္စမရှိပါဘူး စုလတ်ရာ၊ ဖိုးသားကသိပ်စကားတတ်တော့ ငါတို့တောင်ရယ်နေရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဇော်အောင်၏စကားကြောင့် ကျွန်မမျက်နှာပူရသည်မှာ အတော်လေးသက်သာသွားသည်ဟုထင်မိ၏။ ကိုလင်းက

''မနေ့ကတည်းက စုလတ်တို့အိမ်ပြောင်းတာကို လာကူမလို့ပဲ၊ ကျောင်းမှာ ကျူတိုရီယယ်ရှိနေလို့၊ အခုရော ဘာများလိုသေးလဲ လို့လာကြည့်တာ၊ အိမ်ကြီးက တော်တော်ကြီးတယ်နော် စုလတ်''

''ဘာမှမလိုတော့ပါဘူး၊ လာလေ. . . ကိုလင်း၊ အိမ်ထဲကို လျှောက်ကြည့်သွားပါဦးလား၊ မေမေကတော့ နောက်ဖေးမှာ အလုပ်ရှုပ်နေလေရဲ့''

ကျွန်မက ပြောပြောဆိုဆိုဖြင့် အိမ်အတွင်းဘက်ဆီသို့ ခပ်သွက်သွက်လျှောက်ပြီးဝင်လာခဲ့သည်။ ထို့နောက် ကျွန်မကပင်ဆက်၍

''အားတော့နာစရာကြီး ကိုလင်းရယ်၊ သန့်ရှင်းရေးမလုပ်ရသေးတော့ တစ်အိမ်လုံးလည်းရှုပ်ပွ. . . ဟင်''

အံ့သြစရာတစ်ခုကို မြင်တွေ့လိုက်ရသောကြောင့် စကားဆက်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားပွင့်သွား၏။

မြေအောက်ခန်းသို့ ဆင်းသည့်တံခါး. . .။

စောစောက ကျွန်မဖွင့်ခဲ့စဉ်မှာ တုပ်တုပ်မျှမလှုပ်အောင် ကျပ်နေခဲ့သော မြေအောက်ခန်းတံခါးသည် အခုတော့ ဟောင်းလောင်းပွင့်နေလေပြီ။

ကျွန်မက ဖိုးသားဘက်သို့လှည့်ပြီး

''ဟဲ့ ဖိုးသား၊ မြေအောက်ခန်းတံခါးကို ဘာဖြစ်လို့ဖွင့်ပစ်ခဲ့ရတာလဲ''

''ဟာ. . . သားမဖွင့်ပါဘူး၊ မမစုလတ်ကလည်း အသာနေစမ်းပါ၊ ကိုကြီးပေစိနောင် သားအခန်းထဲကို အရင်လိုက်ကြည့်ပါလား၊ သားမွေးနေ့တုန်းက PLAY STATION (2) လက်ဆောင်ရထားတာရှိတယ်။ WINNING ELEVEN နောက်ဆုံး VERSION နဲ့ ဘောလုံးကန်ကြည့်ကြရင် မကောင်းဘူးလား''



''ဟာ. . . မိုက်တာပေါ့ကွာ''

''ဖိုးသားအိုင်ဒီယာကိုတော့ ကြိုက်သွားပြီကွာ''

ကိုလင်းနှင့်ပူးသီးက ကျွန်မတို့နှစ်ယောက်ကို ဖုတ်လေသည့်ငါး ရှိသည်ဟုတောင်မထင်တော့ဘဲ ဘောလုံးကစားပွဲဗီဒီယိုဂိမ်းရှိရာသို့ ဖိုးသားနောက်မှ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

လေကားပေါ် တဖျတ်ဖျတ်ပြေးတက်သွားသည့် သူတို့သုံးယောက်၏ကျောပြင်ကို မျက်လုံးပြူးပြီးကြည့်ရုံမှတပါး ကျွန်မ ဘာမှ တတ်နိုင်တော့ပြီ။

ခဏအကြာတွင် ဖိုးသား၏အခန်းတံခါး ပိတ်လိုက်သံကိုကြားရသည်။

ပုံပုံက ကျွန်မဘက်သို့လှည့်ပြီး တီးတိုးပြော၏။

''စုလတ် နင့်ကိုကြည့်ရတာ ကိုလင်းအပေါ်မှာ ဖိုးသားလောက်တောင် ဆွဲဆောင်မှု မရှိသလိုပဲနော်''

သူမက ရယ်ရယ်မောမောပြောခြင်းဖြစ်သော်လည်း ကျွန်မရင်ထဲတွင် အနည်းငယ်မျက်သွားသလို ခံစားရသည်။ ကျွန်မက

''အဲဒါကြောင့် ဟိုးအရင်ကတည်းက ငါ့အဖေနဲ့အမေကို ပြောသားပဲ၊ ငါက တစ်ဦးတည်းသော သမီးပဲဖြစ်ချင်တာ''

နောက်နှစ်ရက်ခန့်အကြာတွင်တော့ အဲသည်စကားကိုပြောခဲ့ခြင်းအတွက် ကျွန်မကိုယ်ကျွန်မ အပြစ်ရှိသူတစ်ယောက်လို ခံစားရသည်မှန်း ကြိုတင်မသိခဲ့ပါချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တနင်္ဂနွေနေ့နံနက်. . .။

ဖေဖေရောမေမေပါ အရေးပေါ်အလုပ်ကိစ္စတစ်ခုဖြင့် တောင်ငူသို့သွားရန် အလောတကြီးပြင်ဆင်နေကြသည်။ မေမေက သွားပွတ်တံ၊ သွားတိုက်ဆေး အစရှိသည့် တိုလီမိုလီပစ္စည်းလေးများကို ခရီးဆောင်အိတ်ထဲသို့ထည့်နေစဉ် ဖေဖေကတော့ သူ့တိုက်ပုံအင်္ကျီကို မတွန့်ကြေအောင် အင်္ကျီချိတ်ဖြင့်ချိတ်ပြီး ကားအတွင်း၌ ချိတ်ယူသွားဖို့ ပြင်ဆင်နေ၏။

ကျွန်မက တံခါးဘောင်ကိုမှီကာ သူတို့လုပ်သမျှကို ငေးကြည့်နေမိသည်။ ထိုစဉ် ဖိုးသားက ပြေးဝင်လာကာ ကုတင်ပေါ်သို့ခုန်တက်လိုက်ပြီး

"မေမေ သားလည်းလိုက်ချင်တယ်၊ သားကို ဘာလို့ခေါ်မသွားတာလဲ"



"မနက်ဖြန် သားကျောင်းတက်ရဦးမယ်လေ သားရဲ့၊ ဘယ်ဖြစ်မလဲ"

"ဟာ. . . မေမေကလည်း"

ဖိုးသားက ကုတင်ပေါ်တွင်ခြေဆောင့်ကာ ရှုပွရှုပွလုပ်နေသည်။ ဖေဖေက

"ဖိုးသား အဲဒီလိုမဆိုးရဘူးလေ၊ ဖေဖေတို့မရှိတုန်း မမကြီးပြောစကားကို နားထောင်ရမယ်နော်၊ သမီးကလည်း မောင်လေးကိုဂရုစိုက်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

ကျွန်မက ဖေဖေစိတ်ကျေနပ်အောင် ကတိပေးလိုက်သည်။ မေမေက ကျွန်မကို တစ်ချက်လှမ်းကြည့်ရင်း . . .

"သမီး. . . အဆင်ပြေပါ့မလား၊ သမီးကိုယ်တိုင်လည်း ကျောင်းသွားရဦးမှာဆိုတော့ မောင်လေးကျောင်းအကြိုအပို့က ကသီလင်တဖြစ်နေဦးမယ်၊ အန်တီသင်းသင်းတို့ကို ဒီမှာလာနေပေးဖို့ မှာခဲ့ရမလား"

"ရပါတယ် မေမေ၊ သူတို့လည်း အားမှာမဟုတ်ဘူး၊ နေပါစေ"

ကျွန်မက ခပ်အေးအေးပင်ပြောလိုက်သည်။ ထိုစဉ် ဖေဖေက သူ့လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး

"ကဲ မြင့်ရေ သွားကြမှကောင်းမယ်ထင်တယ်၊ နေမြင့်လာရင် ခရီးကဝေးတော့ ကားမောင်းရတာပင်ပန်းတယ်"

"သွားကြစို့လေ ကိုသက်၊ မြင့် ဒီမှာ အထုပ်အပိုးတွေအားလုံးပြင်ပြီးပြီ၊ ကားပေါ်တင်လိုက်ရုံပဲ၊ ကဲ. . . သားနဲ့သမီးရေ တာ့တာ"

မေမေက ကျွန်မတို့နှစ်ယောက်ကို တစ်လှည့်စီပွေ့ဖက်နမ်းရင်း နှုတ်ဆက်လိုက်သည်။

နောက်ခဏအကြာမှာတော့ ဖေဖေ့ဗင်ကားအဖြူလေး တယော့

www.burmeseclassic.com



လိမ့်မောင်းနှင့် ထွက်ခွာသွားသည်ကို ကျွန်မ မျက်စိတစ်ဆုံးငေးကြည့်နေမိတော့သည်။

သည့်နောက်တွင်တော့ ကျွန်မက မီးဖိုခန်းဆီသို့ဝင်သွားပြီး

"ဖိုးသားရေ လာဦး၊ ဒီမှာဟင်းအိုးတွေရော ပန်းကန်တွေပါ ဆေးစရာ အများကြီးပဲ၊ ငါ့ကို လာကူစမ်း"

"ဘာလို့လာရမှာလဲ၊ မအားသေးဘူး တီဗွီကြည့်ရဦးမယ်"

ဖိုးသား၏တုံ့ပြန်ပုံက အဲသည်အတိုင်းပင်။ ဖေဖေနှင့် မေမေတို့ အိမ်မှာမရှိသည့်အခါမျိုးဆိုလျှင် သူခါတိုင်း ဆိုးသွမ်းသည်ထက် နှစ်ဆပိုပြီးဆိုးလေ့ရှိသည်။

ထိုစဉ် အိမ်ရှေ့ဆီမှ တဒေါက်ဒေါက်တံခါးခေါက်သံကို ကြားလိုက်ရသည်။

"လာပြီ"

ဟုအော်ရင်း ကျွန်မပြေးထွက်ခဲ့၏။ ဖေဖေနှင့်မေမေတို့ တစ်ခုခုကျန်ခဲ့သောကြောင့် ပြန်လာယူတာများလားဟု တွေးလိုက်မိသေး၏။ သို့သော်. . . မဟုတ်ပါ။ အိမ်ရှေ့တံခါးကို ဖွင့်လိုက်သောအခါ ပုံ့ပုံ့ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

သူမက

"ငါ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်ကြည့်သေးတယ်ဟ၊ နင်တို့ ဘာလို့ထွက်မကြည့်ကြတာလဲ"

ကျွန်မက ရယ်မောလိုက်ပြီး

"အပြင်မှာ ခလုတ်ပဲရှိတယ်ဟ၊ ခေါင်းလောင်းက တတ်မှ မတတ်ရသေးပဲ၊ နေစမ်းပါဦး နင်ကစောစောစီးစီး ဘာစိတ်ကူးပေါက်လာရတာတုန်း"

ပုံ့ပုံ့က ချက်ချင်းမဖြေသေးဘဲ လက်ထဲတွင်ကိုင်လာသော စာအုပ်ထူထူတစ်အုပ်ကို ချိုင်းကြားမှာညှပ်လိုက်ရင်း အိမ်ထဲသို့ဝင်လာ၏။ ပြီးမှ



"မောင်မယ်သစ်လွင်ကြို့ဆိုပွဲကျရင် ငါတို့နှစ်ယောက် ဘယ်လိုဖျော်ဖြေရမလဲဆိုတာ ငါအကြံရပြီစုလတ်. . . သိလား"

"ဟမ်. . . ငါတို့က ဘာလုပ်ရမှာတုန်း"

"အိပ်မွေ့ချတဲ့အစွမ်းပြမယ်လေ"

ကျွန်မက အံ့သြတကြီးဖြင့်

"ဘာ!. . . ကြံကြီးစည်ရာဟယ်၊ နင်ရောငါပါ ဘယ်သူမှ အိပ်မွေ့မချတတ်ဘဲနဲ့"

ပုံ့ပုံ့က ရယ်မောလိုက်ရင်း

"တကယ့်အစစ်တော့ ဘယ်ဟုတ်ပါ့မလဲဟ၊ ဟန်ဆောင်သရုပ်ပြတဲ့သဘောလောက်ပဲလေ၊ လုပ်နည်းကိုင်နည်းကလည်း ဘာမှမခက်ဘူး၊ ဟောဒီစာအုပ်ထဲမှာပါတဲ့အတိုင်း ခပ်တည်တည်နဲ့ လုပ်ပြလိုက်ရုံပဲ"

သူမက ချိုင်းကြားထဲတွင်ညှပ်ထားသောစာအုပ်ကို ကျွန်မဆီသို့ လှမ်းပေး၏။ စာအုပ်ခေါင်းစဉ်က

'လူတိုင်းလေ့လာစရာ အိပ်မွေ့ချပညာ'

ကျွန်မက

"နင် အတည်ပြောနေတာလား ပုံ့ပုံ့"

"တကယ်ပါဆိုနေဟာ၊ ငါက ဒီစာအုပ်မှာရေးထားတဲ့ လုပ်နည်းလုပ်ဟန်အတိုင်း နင့်ကို အိပ်မွေ့ချလိုက်မယ်၊ အဲဒီအခါကျရင်နင်က အိပ်မွေ့ကျပြီး မသိစိတ်က နင့်ရဲ့အရင်ဘဝက အကြောင်းတွေကို ပြောပြပေါ့ဟာ၊ မကောင်းဘူးလား"

"ငါက အတိတ်ဘဝအကြောင်းတွေကို ဘယ်လိုလုပ်ပြီးသိမှာလဲ"

"ဒါကတော့ လုပ်ကြံပြီးလျှောက်ပြောရမှာပေါ့ဟာ၊ နင်ကလည်း အလိုက်တာ စုလတ်ရယ်၊ ပရိသတ်က အရင်ဘဝက အကြောင်းတို့ ဘာတို့ဆိုရင် ဟုတ်ဟုတ်မဟုတ်ဟုတ် နားထောင်ရတာ မငြင်းတော့

www.burmeseclassic.com



ဘူးပေါ့''

အားတက်သရောပြောနေသည့် ပုံ့ပုံ့ကြောင့် ကျွန်မ ခေါင်းကို ကုတ်လိုက်မိသည်။ သူမကိုငြင်းဖို့ စကားလုံးရှာမရဖြစ်နေသောကြောင့် ကျွန်မ၏မျက်လုံးအကြည့်ကိုလွှဲပြီး လမ်းမဘက်ဆီသို့ ရွှေ့လိုက်သည်။

အဲသည်အခိုက်အတန့်မှာပင် ကျွန်မအကြည့်ကို တစ်စုံတစ်ရာက ဖမ်းစားလိုက်လေတော့၏။

လူတစ်ယောက်. . .။

ကျွန်မတို့အိမ်ရှေ့ မျက်နှာချင်းဆိုင်ကွက်လပ်ရှိ ကုက္ကိုပင်ကြီးနောက်ကွယ်မှ ချောင်းကြည့်နေသည်။

ဘယ်သူလဲ. . . သူ ဘယ်သူလဲ။

ထိုသူကို သဲသဲကွဲကွဲမြင်ရအောင် အိမ်ရှေ့ဆင်ဝင်ဆီသို့ ခပ်သွက်သွက်လေးထွက်လိုက်မိသည်။ ထိုသူက ကျွန်မသူ့ကို ပြန်ကြည့်နေမှန်း သိသွားသလား မပြောတတ်။ သစ်ပင်နောက်ဆီသို့ ရိပ်ကနဲ ပြန်ဝင်သွား၏။

ဘာဖြစ်လို့ ဒီလူက ငါတို့အိမ်ကို ချောင်းကြည့်နေရတာလဲ။ ဘယ်သူလဲ။

ကျွန်မက လှေကားအတိုင်းပြေးဆင်းသွားလိုက်သည်။

''စုလတ်. . . ဘာဖြစ်လို့လဲ''

''ခဏနေဦး ပုံ့ပုံ့၊ ငါ အခုချက်ချင်းပြန်လာခဲ့မယ်''

အော်ပြောခဲ့ပြီး အိမ်ရှေ့ကုက္ကိုပင်ဆီသို့ ကျွန်မ ပြေးထွက်လာခဲ့သည်။ သစ်ပင်အနီးသို့ရောက်ရောက်ချင်း ကျွန်မက

''သစ်ပင်နောက်မှာ ဘယ်သူလဲ''

ပြန်ဖြေသံမကြားရ။ တိတ်ဆိတ်နေ၏။

ကျွန်မက ခြေကိုဖွဖွနင်းရင်း သစ်ပင်ဆီသို့ တိုးကပ်သွားလိုက်သည်။ ထို့နောက် ဘာသံမှမကြားရအောင် သတိထားရင်း သစ်ပင်နောက်ကွယ်ဆီသို့ ဖြုန်းကနဲ ပတ်ကြည့်လိုက်၏။



ဘယ်သူမှရှိမနေပါ။

စောစောက ချောင်းကြည့်နေသူသည် ယခုတော့ ပျောက်ကွယ်သွားလေပြီ။

ကျွန်မက သက်ပြင်းကိုရှိုက်လိုက်၏။

ထိုစဉ် လက်နှစ်ဖက်က ကျွန်မပခုံးကို ဖြုန်းကနဲ ဆုပ်ကိုင်လိုက်လေသည်။

■

www.burmeseclassic.com

## အခန်း (၅)

ကျွန်မက လန့်ပြီးအော်လိုက်၏။

''ဟဲ့. . . စုလတ်. . . နင် ဘာဖြစ်နေတာလဲ''

''အမယ်လေး ပုံ့ပုံ့ရယ်၊ ငါဖြင့် လန့်သွားတာပဲ၊ စောစောက ဟောဒီသစ်ပင်နောက်မှာ လူတစ်ယောက်တွေ့လိုက်လို့ဟ၊ ဒီမှာကြည့်ပါလား''

ကျွန်မက စိုစွတ်နေသောမြေသားပျော့ပျော့ပေါ်တွင် ထင်ကျန်ရစ်ခဲ့သည့် ခြေရာတစ်စုံကို ပြရင်းပြောလိုက်သည်။ ပုံ့ပုံ့က

''ဟင်. . . အဲဒီလူ ဘယ်ရောက်သွားပြီလဲ''

''မသိဘူး။ ငါလည်း ဟောဒီနားကိုရောက်လာရော သူလည်း ပျောက်ကွယ်သွားတော့တာပဲ''

ပုံ့ပုံ့က ကျွန်မပုခုံးကိုပုတ်ရင်း

''စာပို့သမားတစ်ယောက်ယောက် ဖြစ်ချင်ဖြစ်မှာပေါ့ဟာ၊ လာ



ပါ ပြန်ကြရအောင်''

အိမ်ထဲသို့ ပြန်ရောက်လာကြသောအခါ ပုံ့ပုံ့က မျက်နှာစာကြော်ငြာကို ပြန်ပိတ်လိုက်ရင်း

''စုလတ် နင်လည်း ဒီအိမ်ကြီးကိုပြောင်းလာပြီးမှ စိတ်တွေ လှုပ်ရှားနေသလိုပဲနော်''

''အင်း. . . ဟုတ်တယ် စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် နင်နဲ့ငါ စက်ဘီးတစ်ပတ်လောက် လျှောက်စီးကြည့်ရင် မကောင်းဘူးလား''

ပုံ့ပုံ့က ခေါင်းကိုခါယမ်းရင်း

''ဟာ ဘယ်ဖြစ်မလဲဟ၊ နင်နဲ့ငါ အိပ်မွေ့ချတဲ့အစီအစဉ်ကို အတတ်တိုက်ကျရဦးမယ်လေ''

ကျွန်မ သက်ပြင်းကိုသာ ချလိုက်မိသည်။ ဘာမှမတတ်နိုင်ပါ။ ပုံ့ပုံ့က စိတ်အားထက်သန်လွန်းနေသဖြင့် သူ့ဆန္ဒအတိုင်း မီးစင်ကြည့်ကနဲ့သာရှိတော့သည်။

ကျွန်မက

''အေးလေ ဒါဆိုလည်းလုပ်တာပေါ့၊ တစ်ခုတော့ရှိတယ်၊ အတိတ်ဘဝကအကြောင်းတွေ ပြောဖို့ဆိုရင် ငါက ယုတ္တိရှိရှိနဲ့ ပြောဆတ်တာမဟုတ်ဘူး၊ ကပေါက်တိကပေါက်ချာတွေ ဖြစ်ကုန်လို့ အလိမ်ပေါ်သွားရင်ရှက်စရာကြီး''

''အဲဒီတော့. . .''

''ငါက အိပ်မွေ့ချတဲ့သူ လုပ်မယ်ဟာ၊ နင့်ကိုငါ အိပ်မွေ့ချတာ ပိုပြီးယုတ္တိရှိလိမ့်မယ်ထင်တယ်. . . ပုံ့ပုံ့''

ကျွန်မစကားကြောင့် ပုံ့ပုံ့ကအနည်းငယ်စဉ်းစားနေပြီးမှ

''ကောင်းတယ် စုလတ်၊ ငါ့အရင်ဘဝအကြောင်းနဲ့ ပတ်သက်ပြီး ဂမ္ဘီရဆန်ဆန်တွေ ငါစဉ်းစားထားတာရှိတယ်၊ အိုကေ စလိုက်ကြရအောင်''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ဦးသား အိပ်မွေ့ချနည်းစာအုပ်ကို အခန်းထဲတွင် အတူဖတ်ကြသည်။ ထို့နောက် ပုံ့ပုံ့က

"ငါတို့အတွက် ဒင်္ဂါးပြားလိုမျိုး အဝိုင်းပြားတစ်ခုလိုမယ်ဟ၊ ပြောင်ပြောင်လက်လက်ဖြစ်ရင်ပိုကောင်းမယ်၊ ကြိုးနဲ့ဆွဲပြီး ချိန်သီးလို ရှေ့နောက်လှုပ်ယမ်းရတဲ့ဟာမျိုးပေါ့"

"အေး. . . ရှိတယ် ရှိတယ်၊ ငယ်ငယ်တုန်းက ငါ့ကို အဘွား က ခမည်းပေးထားတဲ့ ငွေဒင်္ဂါးပြားတစ်ပြားရှိတယ်"

ပြောတော့သာလွယ်သော်လည်း ထိုငွေဒင်္ဂါးပြားက ဗီရိုချောင် ကြိုချောင်ကြားတွင် ကပ်နေသောကြောင့် အတော်ကြာအောင်ရှာယူရ၏။ နောက်ပြီး အရောင်ကအတော်မှေးမှိန်နေပြီ။ ကိစ္စတော့မရှိပါ။ အသေ အချာပွတ်တိုက်လိုက်လျှင်တော့ အရောင်ထွက်လာမည့်ပုံရ၏။

နောက်ပြီး အစကတည်းက လည်ပင်းမှာဆွဲရန် ခမည်းပေး ထားခြင်းဖြစ်သောကြောင့် အပေါက်ဖောက်ကာကြိုးတပ်ထားပြီးသားဖြစ် သဖြင့် အဆင်ပြေသွား၏။

ဒီလိုနှင့် ကျွန်မက စာအုပ်ထဲတွင်ပါသည့်အတိုင်း ပုံ့ပုံ့ကို သက်တောင့်သက်သာအနေအထားဖြင့် ထိုင်ခိုင်းလိုက်သည်။ ထို့နောက် ငွေဒင်္ဂါးပြားလေးကို ကြိုးဖြင့်ဆွဲကာ သူမ၏မျက်နှာတည့်တည့်တွင် ရှေ့နောက်လွှဲယမ်းရင်း တည်ငြိမ်လေးနက်သောအသံဖြင့်

"ဟောဒီဒင်္ဂါးပြားလေးကို. . . ကြည့်စမ်း၊ ကြည့်နေနော်၊ ဟုတ်ပြီ၊ မင်းရဲ့မျက်ခွံတွေ လေးလာပြီ. . . လေးလာပြီ၊ ဟုတ်ပြီ၊ တဖြည်းဖြည်းနဲ့ မင်းအိပ်ချင်လာပြီ. . . အိပ်တော့မယ်. . ."

ပုံ့ပုံ့၏ဦးခေါင်းက ပုခုံးပေါ်သို့ တစောင်းအနေအထားဖြင့် ဖြုန်းကနဲမှိုကျသွားပြီး ချက်ချင်းဆိုသလိုပင် တခူးခူးတခေါ်ခေါ် ဟောက်သံများထွက်ပေါ်လာလေတော့သည်။

ကျွန်မရယ်ချင်သွားမိ၏။ ထို့ကြောင့်

"ပုံ့ပုံ့. . . နင် လုပ်ပုံက သဘာဝလည်းမကျဘူးဟာ၊ ချက်



ချင်းကြီး ဖြုန်းကနဲအိပ်သွားပြီး ဟောက်တောင်ဟောက်နေလိုက်သေး သေး ဘယ်သူကယုံမှာလဲဟ"

"ဆောရီး. . . ဆောရီး. . . ငါ သဘောပေါက်ပြီ၊ ပြန်လုပ် ကြမယ်၊ နင်ကလည်း အိပ်မွေ့ချတဲ့အမိန့်ပေးတာကို မာဆတ်ဆတ် အသံကြီးနဲ့ မပြောနဲ့ဟ၊ အသံတိုးတိုးနဲ့ ဆွဲဆွဲငင်ငင်ပြောမှပေါ့"

"ကဲ. . . ပြန်စကြရအောင်၊ ပုံ့ပုံ့. . . နင်က အတိတ်ဘဝ အကြောင်းကို ပြောတဲ့အခါကျရင် (၁၀)နှစ် (၁၁)နှစ်အရွယ်လောက်က အကြောင်းကို အရင်ပြောနော်၊ ပြီးမှ တဖြည်းဖြည်း သတိရလာတဲ့ပုံမျိုးနဲ့ ကလေးဘဝလောက်ကအကြောင်းတွေဆီကို တဖြည်းဖြည်း နောက် ပြန်သွားရမယ်သိလား"

"အေးပါ. . . ငါ သဘောပေါက်ပါတယ်"

သည်လိုနှင့် ကျွန်မတို့ ပြန်လည်ဇာတ်တိုက်ဖို့ နေရာယူ လိုက်ကြသည်။ ကျွန်မက ငွေဒင်္ဂါးပြားကို ပုံ့ပုံ့၏မျက်နှာရှေ့တည့် တည့်တွင် လွှဲယမ်းရင်း

"ကြည့်နေပါ၊ ဟောဒီဒင်္ဂါးပြားလေး ရွေ့သွားတဲ့အတိုင်း လိုက် ကြည့်ပါ. . . ဟုတ်ပြီ မင်းရဲ့. . ."

"အဲဒါ ဘာလုပ်နေကြတာလဲ"

ဖိုးသား၏အသံစူးစူးက ကျွန်မအိပ်ခန်းဝဆီမှ ဖြုန်းကနဲထွက် ပေါ်လာသည်။ ကျွန်မလန့်သွားပြီး လက်ထဲမှ ငွေဒင်္ဂါးပြားက လွတ်ကျ သွားလေ၏။

ငွေဒင်္ဂါးက ကြမ်းပြင်တစ်လျှောက်လိမ့်သွားရာ အခန်းဝမှပြေး ဝင်လာသော ဖိုးသားက ဖျတ်ကနဲကောက်ယူလိုက်ပြီး . . .

"ဒီဥစ္စာကဘာလဲဟင်၊ မမစုလတ်တို့ ဘာလုပ်နေကြတာလဲ"

ကျွန်မက ဘာမှပြန်မပြောနိုင်ခင်မှာပင် ပုံ့ပုံ့က

"ငါ့ကို အိပ်မွေ့ချနေတာလေ၊ စုလတ်က အိပ်မွေ့ချတာ အိပ်ကျွမ်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသားက မယုံကြည်နိုင်စွာဖြင့် ကျွန်မဘက်သို့မျက်လုံးပြူး ကြည့်ရင်း

"ဘာ. . . မဖြစ်နိုင်တာ၊ လာဖြီးမနေနဲ့"

"ဖိုးသား. . . ဒါ. . . နင့်အလုပ်မဟုတ်ဘူး၊ အဲဒီ ဒင်္ဂါးပြား ငါ့ကိုပြန်ပေးစမ်း"

ကျွန်မက လေသံမာမာဖြင့်ပြောလိုက်၏။ ဖိုးသားက

"မပေးဘူး၊ ပြန်ပေးစေချင်ရင် ငါ့ကိုအိပ်မွေ့ချပြ"

"ဖိုးသား. . . ဒါ. . . ဆော့စရာမဟုတ်ဘူးနော်၊ ငါတို့ အလုပ်လုပ်နေတာ၊ မြန်ပေးစမ်း"

ဖိုးသား၏မျက်မှန်နောက်ကွယ်မှ မျက်လုံးသေးသေးလေးနှစ်လုံးက တဖျတ်ဖျတ်အရောင်တောက်နေ၏။ သူက ကြိုးစကိုကိုင်ထားပြီး ဒင်္ဂါးပြားကလေးကို ကျွန်မရှေ့တွင်လှုပ်ယမ်းပြသည်။

ကျွန်မက လှမ်းဆွဲလိုက်သောအခါ သူ့လက်ကို ဆတ်ကနဲ ရုတ်ပြီး နောက်ကျောတွင်ဝှက်ထားလိုက်၏။ ထို့နောက်

"ငါ့ကို အရင်အိပ်မွေ့ချပြမှပေးမယ်"

အတော်ရိုက်ချင်စရာကောင်းသည့်ကလေးပင်။ ပုံ့ပုံ့က

"ကဲ. . . စုလတ် သူ့ကို အိပ်မွေ့ချလိုက်စမ်းပါဟာ"

"ဘာပြောတယ်. . . ပုံ့ပုံ့"

"ဖိုးသားကိုအိပ်မွေ့ချပြီး ကြက်ကလေးဖြစ်သွားအောင် ခွေးကလေးဖြစ်သွားအောင် လုပ်လိုက်စမ်းဟာ"

"ဟုတ်တယ် ဟုတ်တယ်. . . ငါ့ကို ခွေးကလေးဖြစ်သွားအောင် လုပ်ကြည့်စမ်းပါ"

ဖိုးသားက အတော်ပင် အကြောမာသည့်ကလေးဖြစ်သည်။ သည်လိုခြောက်ရုံလောက်နဲ့တော့ သူ မဖြုံပါ။

နောက်ဆုံးတော့ ကျွန်မကပင် အလျှော့ပေးရတော့သည်။

"ကဲ. . . လာလာ၊ နင့်ကိုအိပ်မွေ့ချပြီးရင် ဟောဒီအခန်းထဲက



ထွက်ပြီး ဝေးဝေးမှာသွားကစားနေပါမယ်လို့ ကတိပေးရမယ်၊ နားလည်လား"

"ပေးတယ်၊ငါ. . . အခုဘာလုပ်ရမလဲ"

"ဟောဒီခုံပေါ်ကိုလာ၊ ပြီးတော့ နင့်ကိုယ်နင် သက်တောင့်သက်သာဖြစ်အောင်နေစမ်း"

ကျွန်မက သူ့လက်ထဲမှ ဒင်္ဂါးပြားကိုယူရင်း ပြောလိုက်သည်။ ဖိုးသားကတော့ ကျွန်မစကားဆုံးသည်နှင့် ဆိုဖာပေါ်တက်ပြီး ခုန်ဆွခုန်ဆွလုပ်နေတော့သည်။

"ဟဲ့. . . ငြိမ်ငြိမ်ထိုင်စမ်း၊ နင့်ကို သက်တောင့်သက်သာနေလို့ပြောတယ်မဟုတ်လား"

"ငါက သက်တောင့်သက်သာဖြစ်ချင်ရင် ဒီလိုမျိုးခုန်တာပဲ ဥစ္စာ"

"အေး. . . နင် ငြိမ်ငြိမ်မနေရင်တော့ အိပ်မွေ့ချလို့မရဘူး"

ထိုသို့ ပြောလိုက်မှပင် ခြေထောက်တွဲလောင်းချကာ နောက်ကျောကိုမှီရင်း ငြိမ်ငြိမ်ထိုင်တော့သည်။ ပြီးတော့ သူက

"မမစုလတ်. . . ငါ ဘယ်လိုဖြစ်သွားမှာလဲဟင်၊ ထူးထူးဆန်းဆန်းတွေဖြစ်ကုန်မှာလား"

"နင် ဘာမှခံစားလိုက်ရမှာမဟုတ်ဘူး၊ ခဏကလေး အိပ်ပျော်သလိုဖြစ်သွားလိမ့်မယ်၊ သဘောပေါက်လား"

ကျွန်မက သူ့ရှေ့တွင်ရပ်ရင်း ငွေဒင်္ဂါးပြားကို ချိန်သီးလို လှုပ်ယမ်းဖို့ ပြင်ဆင်လိုက်သည်။ ကျွန်မစိတ်ထဲတွင်တော့ အကြံအစည်က ရှိပြီးသားဖြစ်၏။

အိပ်မွေ့ချဖို့ အမိန့်ပေးပြီးသည့်နောက်တွင် ဖိုးသားက သူ ဘာမှမဖြစ်ဘူးဟုပြောမှာသေချာသည်။ အဲသည့်အခါကျလျှင် ကျွန်မအား အိပ်မွေ့ကျသူသည် သိစိတ်ရောမသိစိတ်ပါ ကင်းလွတ်သွားသည့် အတွက် ကိုယ့်ကိုယ်ကို အိပ်မွေ့ချခံလိုက်ရမှန်းပင် မသိနိုင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေပေးလိုက်မည်ဟု စိတ်ကူးထား၏။

ကျွန်မ စိတ်ကူးအတိုင်း ဖြစ်လာနိုင်ပါ့မလား. . .။

■



## အခန်း (၆)

"ကဲ. . . ဖိုးသား. . . ငြိမ်ငြိမ်နေနော် စကားလုံးဝမပြောရဘူး"

ကျွန်မလုပ်သမျှကို ပုံပုံ့ကတော့ ပြတင်းပေါက်ဘေးက ကုလားထိုင်မှာထိုင်ရင်း လှမ်းကြည့်နေ၏။ ကျွန်မက ဖိုးသား၏မျက်နှာတည့်တည့်တွင် ငွေပြားချိန်သီးလေးကို လွှဲယမ်းရင်း အသံတိုးတိုးဖျော့ဖျော့ဖြင့်

"ငွေပြားဆီကနေ မျက်စိကိုမလွှဲနဲ့ ကြည့်နေ. . . အဲဒီအတိုင်းကြည့်နေ. . . ဟော. . . ဟော"

ဖိုးသားက တဟားဟားအော်ရယ်လိုက်၏။ ကျွန်မက

"နင် ဘာရယ်တာလဲ"

"မမစုလတ် နင့်ဟာက လိမ်ဆင်ကြီးမုန်းအသိသာကြီးပါ"

သူ့စကားကြောင့် ကျွန်မ စိတ်ဆိုးသွား၏။ ပုံပုံ့က သူမ၏အိတ်ထဲမှ အိပ်မွေ့ချနည်းစာအုပ်ကိုထောင်ပြရင်း

www.burmeseclassic.com

www.burmeseclassic.com



"စုလတ်က လိမ်တာမဟုတ်ဘူး၊ ဟောဒီစာအုပ်ထဲက ခတ်ကြီး သူ့တကယ်လေ့ကျင့်ထားတာ၊ မယုံဘူးလား"

ဖိုးသားက စာအုပ်ကိုလှမ်းကြည့်ပြီး မျက်လုံးအပြူးသားဖြင့်

"ဟင်. . . တကယ်လား"

"တော်ပြီ. . . တော်ပြီ၊ နင် အဲဒီလိုရယ်နေရင် ဟိုမေးဒီမေးတွေလုပ်နေရင် နင့်ကို ငါအိပ်မွေ့မချတော့ဘူး"

စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလိုက်သော ကျွန်မ၏စကားကြောင့် ဖိုးသားက သူ့နှာခေါင်းပေါ်လျှောကျနေသော မျက်မှန်ကိုပင့်တင်ရင်း

"လုပ်ပါ. . . လုပ်ပါ၊ ဒီတစ်ခါတည်းပါ၊ ငါ မရယ်တော့ပါဘူး"

"ကဲ. . . ဒါဆိုလည်း လာ. . . ထိုင်"

"ငါ့ကို ခွေးလေးဖြစ်အောင်လုပ်ပေးနော် မမစုလတ်"

ပုံ့ပုံ့က

"ဖိုးသားကလည်း စကားမပြောပါနဲ့ဆို၊ ကဲပါ. . . အဲဒါတွေအားလုံးကို မေ့လိုက်စမ်းပါ၊ စုလတ်ပြောမယ့်စကားကိုသာ အာရုံစိုက်ထား"

ထိုအခါကျမှ ဖိုးသားက ဆိုဖာပေါ်တွင်ထိုင်ချပြီး ဦးခေါင်းကိုနောက်သို့ မှီထားလိုက်သည်။ ကျွန်မက ငွေပြားချိန်သီးလေးကို သူ့မျက်နှာရှေ့တွင် လှုပ်ယမ်းရင်း

"ငွေပြားလေးကိုကြည့်နေပါ. . . ကြည့်နေပါ၊ နင် အခု အိပ်ချင်လာပြီ. . . တဖြည်းဖြည်း အိပ်ချင်လာပြီ"

ကျွန်မက တီးတိုးလေသံဖြင့် ဆွဲဆွဲငင်ငင်ပြောရင်း ဖိုးသားကို အကဲခတ်လိုက်သည်။ သည်တစ်ကြိမ်တွင်တော့ သူ ထပြီးမရယ်တော့ပါ။ စကားလည်းမပြော။ သူ့အသွင်အပြင်က တည်ငြိမ်လွန်းနေ၏။ တစ်ကိုယ်လုံးကို ဆိုဖာနောက်မှီပေါ်တွင် ပုံလျက်သား မှီချထားသည်။



ငွေပြားကလေး လွှဲယမ်းနေသည်ကို လိုက်ကြည့်နေသော မျက်လုံးအစုံမှတစ်ပါး တစ်ကိုယ်လုံး လုံးဝမလှုပ်ရှားမှုမရှိတော့။

"နင်. . . နင် အိပ်ငိုက်လာပြီ ဖိုးသား၊ နင့်မျက်ခွံတွေ လေးလာပြီ. . . လေးလာပြီ၊ မျက်ခွံတွေကို မ,လို့မရတော့ဘူး. . ."

ပုံ့ပုံ့က ပြတင်းပေါက်အနီးတွင်ထိုင်နေရာမှ ထလာသည်။ သူမ၏ခန္ဓာကိုယ်ဖြင့် ပြတင်းပေါက်ကိုကွယ်လိုက်သောကြောင့် အခန်းသည် ပို၍မှောင်သွား၏။

"နင် အိပ်ချင်လာပြီ. . . အိပ်တော့မယ်. . . နင့် ခြေထောက်တွေ မလှုပ်တော့ဘူး. . . လက်တွေလည်း ငြိမ်ကျသွားပြီ၊ ကဲ. . . နင့်မျက်လုံးတွေကို မှိတ်လိုက်တော့. . . မှိတ်လိုက်တော့"

ဖိုးသားက ကျွန်မ အမိန့်ပေးလိုက်သည့်အတိုင်း မျက်လုံးများကို အသာအယာမှိတ်လိုက်၏။ ကျွန်မစိတ်ထဲမှာတော့ ဘယ်အချိန်မှာ ဒီကောင်လေးထပြီး ဝါးကနဲလှောင်ရယ်လေမလဲဟု တွေးနေသည်။

သို့သော် ဖိုးသားကတော့ ငြိမ်မြဲငြိမ်နေ၏။ သူ့လည်ချောင်းတစ်လျှောက် ရှည်လျားသောအသက်ရှူသံကို ကြားနေရသည်။ သူ့ဦးခေါင်းက ဆိုဖာနောက်မှီပေါ်မှ ညာဘက်သို့ အနည်းငယ်စောင်းနေ၏။

ပုံ့ပုံ့ကပြုံးလိုက်ရင်း တီးတိုးလေသံဖြင့်

"နင့်မောင်လေးက သရုပ်ဆောင်တဲ့နေရာမှာတော့ အတော်ချွင်တာပဲ"

ငွေပြားကလေးကို ကျွန်မထက်ထဲမှာပြန်သိမ်းရင်း ဖိုးသားကို သေချာကြည့်လိုက်မိသည်။ မရည်ရွယ်ဘဲ ကျွန်မနှုတ်ခမ်းအစုံက ပြုံးသွား၏။ ကျွန်မမောင်လေးသည် မျောက်ရှုံးအောင်ဆော့မနေဘဲ အခုလို အိပ်ချင်ယောင်ဆောင်နေသည့်အခါမျိုးတွင် အလွန်ချစ်စရာကောင်းသည်ဟု တွေးလိုက်မိသောကြောင့်ဖြစ်သည်။

ဖိုးသား၏မျက်လုံးများက ပိတ်နေသည်။ တစ်ကိုယ်လုံး ငြိမ်သက်လျက် ရင်ဘတ်ကဖောင်းချည်ပိန်ချည်နှင့် အသက်ကို ဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ရှူနေ၏။ ကျွန်မက

"ကဲ. . . ငါ လက်ဖျောက်တီးလိုက်တဲ့အခါကျရင် နင် အိပ်မွေ့ချခံထားရာကနေ နိုးလာရမယ်"

ထိုသို့အမိန့်ပေးပြီးသည်နှင့် ကျွန်မကလက်ဖျောက်တစ်ချက် တီးလိုက်၏။

သို့သော် ဖိုးသားက တုပ်တုပ်မျှမလှုပ်ပါ။ ကျွန်မက ထပ်ပြီး လက်ဖျောက်တစ်ချက်တီးလိုက်ပြန်သည်။

"ကဲ. . . ဒါဟာ နင့်မျက်လုံးတွေကိုဖွင့်ဖို့ အချက်ပေးလိုက်တာပဲ၊ နင် အခု ပုံမှန်အတိုင်းဖြစ်သွားပြီ၊ အိပ်ရာကနိုးလာပြီ"

ဖိုးသားကား လုံးဝမလှုပ်တော့။ သူ့အသက်ရှူသံက ညင်သာလွန်း နှေးကွေးလွန်းသည်။ ဦးခေါင်းငိုက်ကျနေသောကြောင့် မေးဖျားက ရင်ဘတ်ပေါ်တင်နေ၏။

ကျွန်မက သူ့နားရွက်နားကပ်ပြီး လက်ခုပ်တစ်ချက် ကျယ်ကျယ်တီးလိုက်သည်။ သူ့မျက်လုံးပွင့်မလာ။ အသေကောင်တစ်ကောင်လို ငြိမ်သက်နေသည်။ အသက်ရှူသည့်နှုန်းကလည်း တဖြည်းဖြည်း နှေးလာ၏။

ကျွန်မက ဒေါသဖြင့်

"တော်လောက်ပြီ ဖိုးသား၊ ထတော့ မျက်ခွက်ပြောင်မနေနဲ့"

"ဖိုးသား ငါတို့ကိုကြောက်အောင် မလုပ်နဲ့နော်။ ထတော့လေ"

ပုံ့ပုံ့ကလည်း ဝင်ပြောလိုက်သည်။ ကျွန်မနှင့်ပုံ့ပုံ့တို့ တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်သောအကြည့်ဖြင့် ကြည့်မိကြ၏။ ကျွန်မက

"ဖိုးသား နင်ကတိပေးထားတယ်လေ၊ နင့်ကို အိပ်မွေ့ချပြီးရင် ဝေးဝေးမှာသွားကစားပါ့မယ်ဆို၊ ထတော့. . . ငါတို့အလုပ်လုပ်စရာရှိသေးတယ်"



ပုံ့ပုံ့ကလည်း

"ဖိုးသား. . . ဒါ နောက်စရာမဟုတ်ဘူးနော်၊ နင်တကယ်အိပ်မွေ့မကျဘူးဆိုတာ ငါတို့သိတယ်နော်"

ဖိုးသားကတော့ ခေါင်းငိုက်စိုက်ကျမြဲကျလျက်။ သူ့မျက်လုံးများက ပွင့်မလာပါ။ ကျွန်မလည်းချောင်းတစ်ခုလုံး ခြောက်သွေ့တင်းကြပ်လာသလိုခံစားရသည်။ ဒူးတွေ တဆတ်ဆတ်တုန်လာ၏။

"ငါ. . . ငါတို့ ဘာလုပ်ကြရင်ကောင်းမလဲ"

ကျွန်မက တုန်ယင်စွာဖြင့်မေးမိသည်။ ပုံ့ပုံ့က

"ကလီထိုးကြည့်ရအောင်ဟာ"

ကျွန်မက ဝမ်းသာအားရဖြင့်

"အေး. . . ကောင်းတယ်၊ ကလီထိုးရင် ဒင်းက တွန့်တွန့်လူးအောင်ယားတတ်တာဟ"

ကျွန်မက ပြောပြောဆိုဆိုဖြင့် ဖိုးသား၏ချိုင်းနှစ်ဖက်ကြားထဲသို့ လက်လျှိုကာ ကလီထိုးလိုက်သည်။ သို့သော်

ဖိုးသား၏ ပါးစပ်မေးရိုးက အနည်းငယ်ပွင့်ဟသွားသည်။ ဦးခေါင်းကတော့ ငိုက်စိုက်ကျမြဲကျလျက်၊ မျက်လုံးများကလည်း ပိတ်မြဲပိတ်လျက်နေလေသည်။ ကျွန်မ ဘယ်လောက်ကလီထိုးထိုး အထိအတွေ့အာရုံကို သူခံစားရပုံမပေါ်ပါ။

"ထလေ. . . ဖိုးသား. . . ထပါတော့"

ကျွန်မက အသံကုန်အော်ဟစ်လိုက်သည်။ ကျွန်မ မျက်ဝန်းထဲမှည်း မျက်ရည်တွေ အလိုလိုစီးကျလာ၏။

ကျွန်မသိစိတ်က ဆောက်တည်ရာမရဖြစ်ကာ ဖိုးသား၏ပုခုံးနှစ်ဖက်ကို ကျွန်မလက်အစုံဖြင့် ဖျစ်ညှစ်ရင်း အားကုန်ဆွဲကိုင်လှုပ်ခါလိုက်သည်။

ဖိုးသားကတော့ ဘာကိုမှမသိ၊ မခံစားရတော့ချေပြီတည်း။

ကျွန်မ အာခေါင်ကိုခြစ်၍ အော်လိုက်သည်။

www.burmeseclassic.com



"သူ. . . သူ လုံးဝပြန်မနိုးတော့ဘူး၊ ငါတို့. . . ငါတို့ ဘာလုပ်ကြမလဲဟင်"

■

## အခန်း (၇)

ငါ ဘာလုပ်မိပါလိမ့်။

ကျွန်မ သွေးရူးသွေးတန်း တွေးနေမိသည်။ ကျွန်မ မျက်ဝန်းထဲတွင်လည်း ဖိုးသားငယ်စဉ်ဘဝ လေးဘက်သွားတတ်ခါစအရွယ်က ပုံရိပ်များ၊ တွတ်တီးတွတ်တာ စကားပြောတတ်ခါစ မြင်ကွင်းများကို တဖျတ်ဖျတ် ပြန်မြင်ယောင်လာသည်။

"ဖိုးသားရယ် ထပါတော့၊ ထပါတော့ မမတောင်းပန်ပါတယ်"

ဖောက်ပြီး တအားကိုင်လှုပ်နေသည့် ကျွန်မ၏လက်အစုံကြားတွင် ဖိုးသားတစ်ကိုယ်လုံး ယမ်းခါနေသည်။

"ဟင်"

ဖိုးသား၏မျက်ခွံတွေ အနည်းငယ်လှုပ်သွားသည်ဟု ထင်လိုက်ရ၏။ ဟုတ်သည်၊ သူ့မျက်ခွံတွေ အနည်းငယ်လှုပ်ရာမှ အထွန့်ဖြည်းညင်းစွာ တစ်ဝက်တစ်ပျက်ပွင့်ဟလာသည်။ မျက်လုံးထောင့်တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ခတ်လိုက်၏။ ထို့နောက် ပြန်ပိတ်သွားသည်။

“ဖိုးသား . . . ဖိုးသား၊ နင် နိုးလာပြီနော်”

သည်တစ်ကြိမ်တွင်တော့ သူ့မျက်ခွံအစုံကို အားယူဖွင့်ကြည့်ပြီး ကျွန်မနှင့်ပုံ့ပုံ့တို့နှစ်ဦးစလုံးကို စိုက်ကြည့်လိုက်သည်။ သို့သော် ဗလာဟင်းလင်းနေရာတစ်ခုကို ကြည့်နေသလိုမျိုး။

သူ့အကြည့်က

“ဖိုးသား”

ကျွန်မက ယောင်ယမ်းအော်ဟစ်ရင်း သူ့ပုခုံးကိုလှုပ်ချကာ နောက်သို့ဆုတ်လိုက်မိသည်။ ဖိုးသား၏လည်ချောင်းထဲမှ ညည်းတွားသံတစ်မျိုးပေါ်လာ၏။ သည်လိုအသံမျိုး ကျွန်မ တစ်ခါမှမကြားဖူးပါ။ လူတစ်ယောက်၏အသံမျိုးမဟုတ်ဘဲ တိရစ္ဆာန်တစ်ကောင်၏ ညည်းတွားသံမျိုးနှင့်တူညီနေသည်။

ဖိုးသားက ကျွန်မတို့နှစ်ယောက်ကို အသက်ကင်းမဲ့သောမျက်လုံးများဖြင့် စိုက်ကြည့်နေလေသည်။ တုန်ယင်နေသော ကျွန်မ၏လက်ကို ပုံ့ပုံ့ကဆုပ်ကိုင်လိုက်၏။ သူမ၏ လက်ဖဝါးသည်လည်း ချွေးစေးတွေ ပျံကာ အေးစက်နေသည်။ ပုံ့ပုံ့က

“ဖိုးသား ဘာမှမဖြစ်ပါဘူး စုလတ်ရဲ့၊ ဘာမှမဖြစ်ပါဘူး”

ဟုအားပေးနေသည်။ ဖိုးသားက မျက်တောင်ကို အကြိမ်များစွာ ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်၏။ ထို့နောက် ဖြည်းဖြည်းချင်းထရပ်ဖို့ ကြိုးစားသည်။ အလွန်ကိုနှေးကွေးသော လှုပ်ရှားမှုဖြစ်မှန်း ကျွန်မ သတိထားမိ၏။ ကျွန်မက

“ဖိုးသား . . . နင် . . . နင် တကယ်ဘာမှမဖြစ်ဘူးနော်”

ဖိုးသား၏နှုတ်မှ ညည်းတွားသံလိုလို အသံတစ်ခုထွက်ပေါ်လာသည်။ သူက အသိစိတ်ကင်းမဲ့သောမျက်လုံးများဖြင့် အခန်းပတ်လည်လည်ကို ဖြည်းဖြည်းချင်းဝေ့ကာကြည့်၏။ ထို့နောက် ခြောက်ကပ်လေးလံသောအသံဖြင့်



“ငါ အခု ဘယ်ရောက်နေတာလဲ”

သူ့မေးခွန်းက ကျွန်မရင်ဘတ်ကို ဓါးတစ်ချောင်းဖြင့် ထိုးစိုက်လိုက်သလို ခံစားရသည်။ ကျွန်မက

“အခု . . . အခု မမရဲ့အခန်းထဲမှာလေ”

ဖိုးသားက သူ့မျက်မှန်ကိုချွတ်ပြီး မျက်လုံးများကို လက်ခုံဖြင့် ပွတ်တိုက်သည်။ ထို့နောက် လေးလေးတွဲတွဲဖြင့် . . .

“ဩော် . . . ဟုတ်လား”

ပုံ့ပုံ့က အသံတုန်တုန်ယင်ယင်ဖြင့် . . .

“ဖိုးသား နင် ငါ့တို့ကို မနောက်နဲ့နော်၊ ငါ ကြောက်တယ်”

ဖိုးသားက တံတွေးကိုမျိုချလိုက်၏။ သူ့မျက်လုံးကို အကြိမ်ကြိမ်ပုတ်ခတ်ပုတ်ခတ်လုပ်ပြန်သည်။ ထို့နောက် ကျွန်မကိုအကြာကြီး စိုက်ကြည့်နေ၏။ ပြီးမှ

“ဒါဆို . . . နင်က မမစုလတ်လား”

“ဟုတ်တယ်လေ ဖိုးသား၊ နင် ငါ့ကို မမှတ်မိဘူးလား”

ကျွန်မအထိတ်တလန့်ဖြေရင်း ပုံ့ပုံ့ဘက်သို့လှည့်ကာ. . .

“သူ . . . သူ . . . နောက်နေတာမဟုတ်ဘူးနော်၊ ဖိုးသား တကယ်ကို မမှတ်မိတော့တာလို့ ငါထင်တယ်၊ အဲဒါ ငါ့ကြောင့် . . .”

“မဟုတ်တာဘဲ စုလတ်ရယ်၊ အိပ်မွေ့ချခံရလို့ အတိတ်မေ့သွားတယ်ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ၊ ပြီးတော့ နင်က တကယ်အိပ်မွေ့ချတတ်တာလည်းမဟုတ်ဘူး၊ သူ . . . သူ နောက်နေတာပါ”

ကျွန်မတို့နှစ်ယောက်စလုံး ဖိုးသားကို လှမ်းကြည့်မိကြသည်။

ဖိုးသားက ခြေကိုတစ်ဖက်ချင်းစီမြှောက်ကာ ဖြည်းဖြည်းချင်း ဆန့်လျှောက်နေ၏။ သူ့ပုံစံက လမ်းလျှောက်လို့ရမရ စမ်းသပ်နေသည့်ပုံစံမျိုးဖြစ်၏။ ထို့နောက်သူက လက်တွေကို ကွေးလိုက်ဆန့်လိုက်လုပ်ကြည့်နေပြန်သည်။

ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဆရာဝန်ကိုခေါ်ရင် ကောင်းမလားမသိဘူး၊ ဖိုးသား နှင် ဆရာဝန်နဲ့ပြကြည့်မလားဟင်"

ဖိုးသား၏အကြည့်က ကျွန်မထံသို့ရောက်လာသည်။ ဆေး ခွန်းကိုမဖြေနိုင်သေးဘဲ အချိန်ကြာမြင့်စွာလေးလံနေ၏။ ပြီးတော့မှ

"ငါ နေ ကောင်း ပါ တယ်"

ဖိုးသားက သူ့နဖူးကိုလက်ဖြင့်ပွတ်ရင်း တစ်ခန်းလုံးကို ဟိုကြည့်သည်ကြည့်လုပ်နေသည်။ ပြီးတော့မှ

"မမစုလတ်နဲ့ မမပုံ့ပုံ့နော်"

ဟု မသဲမကွဲရေရွတ်သည်။ ကျွန်မက တယ်လီဖုန်းရှိရာဆီသို့ ကမန်းကတန်းသွားရင်း

"ဆရာဝန်ခေါ်လိုက်တာ ကောင်းမယ်ထင်တယ်"

"ငါ နေကောင်းပါတယ် မမစုလတ်ရဲ့၊ တကယ်ပြောနေတာ၊ ငါ နင်တို့ကို နောက်နေတာပါ၊ သိတယ်မဟုတ်လား"

ကျွန်မက သူ့မျက်လုံးတွေကို စိုက်ကြည့်လိုက်၏။ ဖိုးသားက

"အဲဒီလိုကြီးမကြည့်စမ်းပါနဲ့၊ နင်တို့နှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ ငါ နေကောင်းပါတယ်ဆို၊ မယုံဘူးလား၊ ဟောဒီမှာကြည့်"

ဖိုးသားက ပြောပြောဆိုဆိုဖြင့် ဆိုဖာပေါ်ခုန်တက်လိုက်ခုန်ဆင်းလိုက်လုပ်ပြသည်။ ထို့နောက် မျက်စိနှစ်လုံးကို နှာခေါင်းရင်းဆီသို့စွေပြီး လျှာထုတ်ကာပြောင်ပြ၏။

"ကဲ. . . တွေ့ပြီလား"

ကျွန်မနှင့် ပုံ့ပုံ့တို့နှစ်ဦးစလုံး ပြိုင်တူရယ်လိုက်မိကြသည်။ ပုံ့ပုံ့က

"ဒီပုံစံအတိုင်းသာဆိုရင်တော့ ဖိုးသားဘာမှမဖြစ်တာ သေချာပြီ"

"ဖိုးသား. . . နင် အခု ဘယ်ရောက်နေတယ်ဆိုတာ မှတ်မိတယ်နော်"



ကျွန်မက သေချာအောင်ထပ်မေးလိုက်သည်။ ဖိုးသားက

"အင်း"

"ဪ စုလတ်ကလည်း သူ ဘာမှမဖြစ်ပါဘူးဟ"

ပုံ့ပုံ့ပြောနေစဉ်မှာ ဖိုးသား၏မျက်နှာပေးက ပြန်ပြီးတည်သွားသည်။ ထို့နောက်

"မမစုလတ်၊ နင် ငါ့ကို တကယ်ပဲအိပ်မွေ့ချလိုက်တယ်နော်၊ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသလိုပဲ၊ မူးသလိုလိုဘာလိုလိုနဲ့"

"ငါ့ကိုယ်ငါလည်း မပြောတတ်ဘူး၊ နင် အခုရော ခေါင်းမူးနေသေးလား ဖိုးသား"

"ဟင့်အင်း. . . ဘာမှမဖြစ်တော့ဘူး"

"ကဲ. . . ဒါဆိုလည်း အပြင်သွားတော့လေဟာ၊ ငါနဲ့ ပုံ့ပုံ့နဲ့ ဆက်ပြီးလေ့ကျင့်စရာရှိသေးတယ်"

ကျွန်မစကားကြောင့် ဖိုးသားက နှုတ်ခမ်းကိုစူလိုက်ပြီး

"ဟာ. . . ငါ ဒီမှာပဲ နေလို့မရဘူးလား"

"နင် ကတိပေးထားတယ်လေ. . . ဖိုးသား"

"ငါ ငြိမ်ငြိမ်လေးနေပါ့မယ်ဟာ၊ တကယ်ပြောတာ၊ ငါ ဒီအခန်းထဲမှာရှိနေတယ်ဆိုတာ နင်တို့ သိတောင်မသိစေရဘူး"

ကျွန်မက ခေါင်းကိုခါယမ်းရင်း တံခါးပေါက်ဆီသို့ လက်ညှိုးထိုးလိုက်၏။ ထို့နောက်

"မရဘူး. . . သွား၊ နင့်ကို အိပ်မွေ့ချပြီးရင် အပြင်မှာ သွားစောင့်မယ်လို့ နင် ကတိပေးထားပြီးသားပဲ"

သည်တော့မှ ဖိုးသားလည်း မကျေမနပ်ဖြင့် တစ်စုံတစ်ရာကို ရေလုံးမထွေးရေရွတ်ရင်း ခြေဆောင့်ကာထွက်သွား၏။ သွားရင်းနှင့် လက်ကလည်း အငြိမ်မနေဘဲ လှေကားလက်ရန်းကို တဘုန်းဘုန်း မြည်အောင် ပုတ်သွားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ပုံ့ပုံ့ဘက်သို့ပြန်လှည့်လိုက်သည်။ ပုံ့ပုံ့က

"ငါလည်း အိမ်ပြန်ဦးမှပဲဟာ၊ ဆန်းတော့အဆန်းသားဟ. . . နော်၊ လောလောဆယ်တော့ နင်လည်း အိပ်မွေ့ချတာကို ဖတ်တိုက်ချင်စိတ်ရှိတော့မှာ မဟုတ်ဘူးနဲ့တူတယ်"

ကျွန်မက ခေါင်းကိုခါယမ်းရင်း

"ငါ နောက်ထပ် ဘယ်သူ့ကိုမှ အိပ်မွေ့ချတဲ့ကိစ္စမလုပ်တော့ဘူး ပုံ့ပုံ့၊ ဟန်ဆောင်တယ်ဆိုရုံလေးတောင် လုပ်ချင်စိတ်မရှိတော့ဘူးဟာ"

"အဲ့သလောက်လည်း အစွဲအလန်းမကြီးစမ်းပါနဲ့ စုလတ်ရယ်၊ စောစောက နင့်မောင်လေးကို တကယ်အိပ်မွေ့ချလိုက်တာမှ မဟုတ်တာ"

"ဒါဆိုရင် ဖိုးသား ဘာဖြစ်သွားတာလဲ"

ကျွန်မမေးခွန်းကြောင့် ပုံ့ပုံ့တစ်ယောက် မျက်မှောင်ကုတ်သွားပြီး

"ဒါတော့ ငါလည်းမပြောတတ်ဘူးဟာ၊ အဲဒါဖြစ်နေတုန်း တစ်မိနစ်နှစ်မိနစ်လောက်တော့ ငါလည်း တော်တော်ကြောက်သွားတာအမှန်ပဲ၊ ဒါပေမဲ့ ပြီးသွားတော့လည်း အားလုံးအိုကေသွားတာပဲ ဥစ္စာ၊ ကဲ. . . ကဲ နင့်ကို ငါ နောက်မှဖုန်းဆက်လိုက်မယ်"

ပုံ့ပုံ့က ပြောပြောဆိုဆိုဖြင့် ပြန်သွားလေတော့သည်။ ကျွန်မက တံခါးကိုပိတ်ရင်း တစ်ယောက်တည်းကျန်ခဲ့၏။

စောစောတုန်းက ဖိုးသားတစ်ယောက် အသေကောင်လို မလှုပ်မယှက်ဖြစ်နေသည့်မြင်ကွင်းကို ကျွန်မမျက်လုံးထဲမှာ ပြန်မြင်ယောင်လာသည်။

"ဟင့်အင်း. . . ဟင့်အင်း. . . ဒါတွေအားလုံးပြီးသွားပြီ"

ထိုအတွေးပုံရိပ်များကို ကျွန်မဦးနှောက်ထဲမှ အတင်းမောင်းထုတ်ပစ်လိုက်ရ၏။ ဘာပဲပြောပြော ဖိုးသားအတွက် စိုးရိမ်မှုတစ်ခုကိုတော့ ခံစားနေရသည်မှာအမှန်ပင်။



ထို့ကြောင့် အိမ်ရှေ့တံခါးမကြီးကိုပိတ်ပြီး ဖိုးသားအခန်းရှိရာ အပေါ်ထပ်ဆီသို့ လှေကားအတိုင်းတက်လာခဲ့သည်။ ဖိုးသား၏အခန်းတံခါးကို ပိတ်ထားလျက်သားတွေ့ရ၏။ ကျွန်မက နားရွက်ကိုအသာကပ်ပြီး နားထောင်ကြည့်လိုက်သည်။

တိတ်ဆိတ်နေ၏။

ကျွန်မရင်တွေ အခုန်မြန်လာသည်။

ဘာဖြစ်လို့ ဒီလောက်တောင် ထူးထူးဆန်းဆန်း တိတ်ဆိတ်နေရပါလိမ့်။ ဖိုးသားသည် ဘယ်တုန်းကမှ ဒီလိုမျိုး တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် မနေတတ်ဖူးပါ။

ကျွန်မက အခန်းတံခါးကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး . . .

"ဖိုးသားရေ. . . မမပါ"

ပြန်ဖြေသံမကြားရ။ ကျွန်မ ပိုပြီးစိတ်ပူလာ၏။

"ဖိုးသား"

ကျွန်မက အော်ခေါ်ရင်း တံခါးလက်ကိုင်ဘုကို လှည့်ကာ အသာဖွင့်လိုက်သည်။

"ဟင်"

ဖိုးသားက ကျွန်မဘက်သို့ကျောပေးက တီဗွီရှေ့တွင် ငြိမ်သက်စွာထိုင်နေ၏။ တီဗွီဖန်သားပြင်ပေါ်မှာတော့ WINNIING ELEVEN ဆိုသည့် ဘောလုံးကစားပွဲဂိမ်းစာတမ်းနှင့် အရုပ်များပေါ်နေသည်။

သို့သော် ဘာသံမှထွက်ပေါ်နေခြင်းမရှိပေ။ ဖိုးသားက ဂိမ်းကစားသည့် JOY STICK ကိုကိုင်ရင်း တောင့်တောင့်ကြီးထိုင်နေသည်။ ကျွန်မက အခန်းထဲသို့ ခပ်သုတ်သုတ်ဝင်သွားလိုက်ပြီး

"ဖိုးသား ငါခေါ်နေတာမကြားဘူးလား"

သည်တော့မှပင် ဖိုးသားက ဖြည်းဖြည်းချင်းလှည့်ကြည့်ကာ ကျွန်မကိုမေးသည်။ တီဗွီဖန်သားပြင်ပေါ်မှ အရောင်များ၊ အရုပ်များ စာတန်း

www.burmeseclassic.com

www.burmeseclassic.com



များက သူ့မျက်မှန်ပေါ်တွင် ရောင်ပြန်ဟပ်နေကြသည်။ ကျွန်မက

"ဖိုးသား. . . နင် နေကောင်းတယ်နော်"

"ကောင်းပါတယ်ဆိုနေမှပဲ၊ ဒါကိုချည်းပဲ ဘယ်နှခါလောက် ထပ်ထပ်မေးနေဦးမှာလဲ"

"အေး. . . အေး. . . ဒါဆိုရင်လည်းပြီးရော"

ကျွန်မက လှည့်ထွက်မည်ပြုစဉ် ဖိုးသားက

"နေဦး မမစုလတ်၊ ငါ သိချင်တာလေးတစ်ခုရှိလို့"

"ဘာလဲ"

"ဟောဒီဥစ္စာကို ဘယ်လိုကစားရတာလဲဟင်"

■

## အခန်း (၈)

ကျွန်မ အံ့အားသင့်သွားသည်။ ဒီဘောလုံးကစားနည်းသည် သူအကြိုက်ဆုံးတီဗွီဂိမ်းဖြစ်လျက်သားနဲ့ အခုမှ ဘယ်လိုကစားရမည် မှန်းမသိ ဖြစ်နေသည်ဆိုခြင်းမှာ လုံးဝယုတ္တိမရှိပါ။

ဖိုးသားကတော့ အပြစ်ကင်းသောမျက်လုံးအစုံဖြင့် ကျွန်မကို ငေးစိုက်ကြည့်နေသည်။ ကျွန်မ အထိတ်တလန့်မဖြစ်အောင် ကိုယ့်စိတ်ကိုကိုယ် အတတ်နိုင်ဆုံးထိန်းထားလိုက်၏။

ဒီတီဗွီဂိမ်းကို ကျွန်မ တစ်ခါမျှမကစားဖူးပါ။ သို့သော် ဂိမ်းစတင်ကစားချင်လျှင် START ကိုနှိပ်ရမည်ဆိုတာလောက်တော့ နားလည်သွားချေ၏။ ကျွန်မက JOY STICK ကို ကောက်ယူလိုက်ပြီး START ခလုတ်ကို နှိပ်လိုက်၏။ ထို့နောက် MENU ပေါ်လာသည်။

ဖိုးသားက NORMAL အဆင့်သာမက HARD အဆင့်ထိ ပင် ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်မှန်း ကျွန်မသိသော်လည်း တောင်

www.burmeseclassic.com

www.burmeseclassic.com



ပင် EASY LEVEL ကိုရွေးပြီး ခလုတ်နှိပ်လိုက်သည်။ ထို့နောက် ကျွန်မကိုယ်တိုင်က စမ်းတဝါးဝါးဖြင့်ပင် ဘယ်လိုကစားရမည်ကို ဖိုးသားအား ပြောပြလိုက်၏။

ဖိုးသားက JOY STICK ကို သူကိုယ်တိုင်ကိုင်ပြီး စိတ်ဝင်တစားကစားကြည့်လေသည်။ ဘေးမှရပ်ကြည့်နေသည့် ကျွန်မကတော့ စိတ်ပူပြီး ရင်တွေတလုပ်လုပ်ခုန်နေ၏။ ခဏအကြာတွင် ဖိုးသားက

"ဟား... လွယ်လိုက်တာကွာ"

သူက MENU ကို ပြန်ခေါ်ကာကြည့်လိုက်ပြီး

"ဩော်... လွယ်မှာပေါ့။ မမအစုတ်ပလုတ်... နင်က EASY LEVEL မှာ ထားထားတာကိုး၊ ငါ့ကိုများ အူကြောင်ကြားအောက်မေ့နေသလား"

သူက ပြောပြောဆိုဆိုဖြင့် HARD LEVEL သို့ ပြန်ပြောင်းလိုက်ပြီး ပိုင်ပိုင်နိုင်နိုင် ကစားနေလေတော့သည်။ စိတ်ပါဝင်စားလွန်းသောကြောင့် သူ့မျက်လုံးများက တီဗွီဖန်သားပြင်ပေါ်မှမခွာ။ ကျွန်မ ရှိနေသည်ကိုပင် သိတော့ပုံမရ။

ကျွန်မက သူ့အခန်းထဲမှ ခြေသံမကြားရအောင် တိတ်တိတ်လေးထွက်ခဲ့သည်။

ဘာတွေဖြစ်ကုန်ပြီလဲ။

ဖိုးသားတစ်ယောက် ပုံမှန်မဟုတ်ပါသေးရဲ့လား။

ဖိုးသားတစ်ယောက် အကြိမ်ပေါင်းမရေတွက်နိုင်အောင် သူကစားထားပြီးသားဂိမ်းတစ်ခုကို ဘယ်လိုဖွင့်ရမှန်းမသိ ဖြစ်နေသည်။ နောက်မိနစ်အနည်းငယ်အကြာတွင် ချက်ချင်းပင် ပုံမှန်ပြန်ဖြစ်သွားပြီး ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်နေပြန်တော့သည်။

ငါ သူ့ကို ဘာလုပ်လိုက်မိပါလိမ့်။

မဖြစ်ဘူး... မဖြစ်ဘူး။ ဆရာဝန်ကိုခေါ်မှပဲ။



ကျွန်မက တယ်လီဖုန်းခွက်ကိုမပြီး ဒေါက်တာကြည်စိုး၏ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ဖုန်းခေါ်သံကို အကြိမ်ကြိမ်ကြားနေရသော်လည်း မည်သူကမှ ဖုန်းကိုလာမကိုင်ပါ။ ဆရာဝန်၏ရုံးခန်းတွင် ဘယ်သူမှရှိပုံမပေါ်။

ဩော်... ဟုတ်ပါရဲ့၊ ဒီနေ့ တနင်္ဂနွေနေ့ပဲ။ ကျွန်မက ဖုန်းကို ပြန်ချထားလိုက်သည်။ အဲသည့်အချိန်မှာပင် ဖုန်းခေါ်သံကမြည်လာလေသည်။

"ကလင်... ကလင်... ကလင်... ကလင်"

လန့်ပြီး ထခုန်မိမတတ်ဖြစ်သွားသည်။ ဖေဖေတို့ဆီက လာတဲ့ဖုန်းများလား။ ဒုက္ခပါပဲ။ ငါ ဘယ်လိုဖြေရမလဲ။

ဖိုးသားတစ်ယောက် ထူးထူးဆန်းဆန်းတွေဖြစ်နေတဲ့အကြောင်း ပြောပြရမလား။ ဖိုးသားကို ငါ အိပ်မွေ့ချတဲ့အကြောင်း ပြောပြလို့ ကောင်းပါ့မလား။

ကျွန်မက ဖုန်းကို အကြောင်သားငေးစိုက်ကြည့်နေမိသည်။ ဖုန်းသံက ထပ်မြည်လာပြန်လေသည်။ ကျွန်မက တုန်ယင်နေသော လက်ဖြင့် ဖုန်းကိုကောက်ကိုင်လိုက်ရင်း...

"ဟယ်လို... ဘယ်သူလဲ"

"စုလတ်လား၊ ကိုယ်ပါ... ကိုလင်းပါ"

အမယ်လေး... တော်ပါသေးရဲ့ဟုတွေးရင်း မအောင့်နိုင်ဘဲ ခနဲရယ်လိုက်မိသည်။ ရင်ထဲမှအပူလုံးကြီး လျှောကနဲကျသွားသောကြောင့် ဖြစ်သည်။ ကိုလင်းက

"ဘာတွေ သဘောကျပြီးရယ်နေတာလဲ"

'ဟို... ဟို... ဘာမှမဟုတ်ပါဘူး၊ စုလတ်လည်း တစ်ယောက်တည်းဆိုတော့ ကြောင်စီစီဖြစ်နေပြီထင်ပါရဲ့ ကိုလင်းရယ်၊ ဘာတိုစရာရှိလို့လဲဟင် ကိုလင်း"

"စုလတ်ရဲ့ဖေဖေနဲ့မေမေ ခရီးထွက်သွားကြပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုလင်းရဲ့၊ ဒီနေ့မနက်ပဲ တောင်ငူကိုထွက်သွားကြပြီလေ"

"ဟို. . . ဒါဆို ဒီနေ့ညစာကို မင်းနဲ့ကိုယ်နဲ့ အပြင်မှာ တစ်ခုခုသွားစားကြရင်ကောင်းမလားလို့. . ."

ဘုရားရေ. . . ကိုလင်းက သူနဲ့အတူ အပြင်ထွက်ဖို့ချိန်းနေတာပဲ။ အို. . . ပျော်လိုက်တာ။ ဒါပေမဲ့ ဘာဖြစ်လို့များ ဒီနေ့ကိုမှ ချိန်းရတာလဲ။ ဒီမှာဖြင့် ပြဿနာတွေကရှုပ်လို့။

ကျွန်မက မဝံ့မရဲဖြင့်

"သွားချင်ပါတယ် ကိုလင်းရယ်၊ ဒါ. . . ဒါပေမဲ့ မဖြစ်ဘူးထင်တယ်၊ ဖိုးသားကိုထိန်းရဦးမယ်လေ၊ သူ့ကို အိမ်မှာ တစ်ယောက်တည်းထားခဲ့လို့ ဘယ်ဖြစ်မလဲ"

"ဒါဆိုလည်း ဖိုးသားကိုပါခေါ်လာခဲ့လိုက်ပေါ့။ ကိုယ့်အတွက် ဘာမှ အနှောင့်အယှက်မဖြစ်ပါဘူး၊ စုလတ်ရဲ့မောင်လေးကို ကိုယ်သဘောကျပါတယ်၊ တကယ်ပြောတာ"

"အဟုတ်ပြောတာလားဟင်၊ အို. . . ဝမ်းသာလိုက်တာ၊ နေဦး. . . ဖုန်းခဏကိုင်ထားဦးနော်၊ ဖိုးသားကို ပြေးပြီးပြောလိုက်ဦးမယ်"

ဖိုးသား၏အခန်းထဲသို့ ကျွန်မ ပြေးဝင်လာခဲ့ချိန်တွင် သူက ဂိမ်းကို သဲကြီးမဲကြီးဆော့ကစားနေဆဲပင် ရှိသေးသည်။

"ဖိုးသား. . . ငါနဲ့ကိုလင်းနဲ့ ဒီနေ့ည အပြင်ဆိုင်မှာ တစ်ခုခုသွားစားမလို့၊ နင်လိုက်မှာလား"

ဖိုးသားက PAUSE နှိပ်ပြီး ဂိမ်းကိုခဏရပ်လိုက်သည်။ ထို့နောက် ကျွန်မဘက်သို့ ဖြည်းဖြည်းချင်းလှည့်ကြည့်ပြီး

"ဟင်. . . ဘာလဲ"

"ငါနဲ့ကိုလင်းနဲ့ ဒီည အပြင်မှာ တစ်ခုခုသွားစားမလို့၊ ကြေးအိုးတို့ အသားကင်တို့ပေါ့ဟာ၊ အဲဒါ နင်လိုက်မလားလို့မေးတာ"



"ဟား. . . မိုက်တာပေါ့"

ဖိုးသားက ဝုန်းကနဲခုန်ထလိုက်၏။

"ဘယ်တော့သွားမှာလဲဟင်၊ အခုလား၊ ငါ အရမ်းဗိုက်ဆာနေပြီ"

ကျွန်မ အော်ဟစ်ပြီးရယ်လိုက်မိသည်။ ဒါ ဖိုးသားအစစ်ပဲ။

ကျွန်မက တယ်လီဖုန်းရှိရာဆီသို့ အမြန်ပြေးသွားပြီး ည (၇) နာရီမထိုးခင်လာခေါ်ဖို့ ကိုလင်းကို မှာလိုက်တော့သည်။

●

တနင်္ဂနွေညမို့လို့လားမပြောတတ်၊ 'ရွှေမြိုင်' အသားကင်ဆိုင်မှာ လူတွေကြိတ်ကြိတ်တိုးနေသည်။ ထောင့်တစ်ထောင့်က စားပွဲတစ်ဝိုင်းမှာ ကျွန်မတို့သုံးယောက်စာ နေရာရ၏။ ကိုလင်းနှင့်ကျွန်မက နှစ်ယောက်တွဲထိုင်ခုံတွင် ထိုင်လိုက်ကြပြီး ဖိုးသားကို မျက်နှာချင်းဆိုင်ကခုံမှာ ထိုင်စေသည်။

ဒါတောင်မှ ဖိုးသားက ကျွန်မတို့နှစ်ယောက်စာခုံမှာ ကြပ်ကြပ်ညပ်ညပ် အတင်းဝင်တိုးရှုထိုင်သေး၏။

"မရဘူး ဖိုးသား၊ သွား. . . ရှေ့မှာ နင်တစ်ယောက်တည်းထိုင်၊ ကဲ. . . ဘာစားမှာလဲပြော"

ကျွန်မက ခပ်ငေါက်ငေါက်ပြောလိုက်သည်။ ဖိုးသားက ချက်ချင်းမဖြေသေးဘဲ အင်္ဂလိပ်လိုရေးထားသော အစားအသောက်စာရင်း MENU ကို တကယ့်လူတတ်ကြီးစတိုင်(လ်)ဖမ်းကာ ခပ်တည်တည်ဖြင့် ဖတ်နေ၏။

ဒါတိုင်းဆိုလျှင် သူ ဒီလိုမျိုးတွေလုပ်တိုင်း ကျွန်မ စိတ်တိုရစမြဲဖြစ်သည်။ ဒါပေမဲ့ ဒီညမှာတော့ သူ့ကို အရင်အတိုင်း ပေါက်

www.burmeseclassic.com



တတ်ကရတွေ လုပ်နေတာမြင်ရသည်ကိုက စိတ်သက်သာရာရစေ၏။

အစားအသောက်တွေကိုမှာလိုက်ပြီးနောက် ကျွန်မနဲ့ကိုလင်းတို့ စကားလက်ဆုံကျဖြစ်သည်။ ထွေထွေထူးထူးအကြောင်းအရာတော့ သိပ်မပါလှ။ ကိုလင်းနှင့်ကျွန်မက ကျောင်းမှာ မေဂျာအတူတူဖြစ်သောကြောင့် အတန်းထဲကသူငယ်ချင်းတွေအကြောင်းကိုသာ ပြောဖြစ်ကြတာများသည်။

ဖိုးသားကလည်း ဘယ်နေရာမဆို သူပါရမှကျေနပ်သည့်ငကဲကလေး။ သူကလည်း ကျွန်မတို့စကားဝိုင်းထဲမှာ ဆိုင်ဆိုင်မဆိုင်ဆိုင် အတင်းလုပြီးဝင်ပြောသည်။ နောက်ပြီး အက်ကြောင်းထပ်နေအောင် သူပြောပြီးသားရယ်စရာတွေကို ထပ်ပြောပြန်လေသည်။

သို့သော် ကျွန်မ စိတ်အနှောင့်အယှက်မဖြစ်မိ။ သူ ခါတိုင်းလို ပြုမူပြောဆိုနေသည်ကပင် ကျွန်မအတွက် စိတ်ချမ်းသာစရာကောင်းနေတော့သည်။

သို့သော် မှာထားသည့်အစားအသောက်များ ရောက်လာသည့်အခါတွင်တော့ ကျွန်မ၏ပျော်ရွှင်မှုတွေအားလုံး တစ်စစီကွဲကြေလွင့်စင်သွားတော့သည်။

ဖိုးသားက အသားကင်တစ်ဖတ်ကို တူဖြင့်ညှပ်ယူကာ ပါးစပ်ထဲသို့ထည့်လိုက်၏။ ဒါကိုကြည့်ပြီး ကြောက်ရွံ့စိတ်အံ့ဩစိတ်တို့ဖြင့် ကျွန်မ ပါးစပ်အဟောင်းသားပွင့်သွားသည်။

"ဖိုးသား. . . နင်. . . ဒါဘာလုပ်တာလဲ"

ကျွန်မအသံက ကျယ်လောင်သွားသည်။ ဖိုးသားက ဘာမှနားမလည်သလို ပြန်မော့ကြည့်ပြီး

"ဟင်. . . ငါ ဘာလုပ်လို့လဲ"

"နင်. . . နင်က ညာသန်လေ၊ ဘာဖြစ်လို့ တူကို ဘယ်ဘက်လက်နဲ့ကိုင်ထားရတာလဲ"

■

## အခန်း (၉)

စားသောက်ဆိုင်မှ အိမ်သို့ပြန်ရောက်ပြီး ခဏအကြာမှာပင် မေမေ့ဆီမှဖုန်းလာသည်။

"သမီးတို့ အဆင်ပြေကြရဲ့လား"

ကျွန်မစိတ်ထဲကတော့ မပြေဘူးမေမေဟု အော်ပြောလိုက်ချင်နေသည်။ မေမေတို့ အိမ်ကို မြန်မြန်ပြန်ခဲ့ကြပါတော့။

တကယ်တမ်းလက်တွေ့မှာတော့ ပြောဖို့မဖြစ်နိုင်ပါ။ ပြောလျှင်လည်း သူတို့ ယုံကြလိမ့်မည်မဟုတ်။

"အဆင်ပြေပါတယ် မေမေ"

နောက်ထပ် မိနစ်အနည်းငယ်ခန့် ဟိုအကြောင်းသည်အကြောင်းတွေ ပြောဖြစ်ကြသေးသည်။ သို့ရာတွင် ကျွန်မနားသို့ ဝင်တစ်ချက်မဝင်တစ်ချက်။ ဖုန်းလိုင်းကလည်း သိပ်မကြည်လင်လှ [illegible] ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသားလည်း နေကောင်းတယ်မေမေ"

"ဘယ်သူ. . . ဘယ်သူ့ကိုပြောတာလဲ"

ဖုန်းသံက တဂျစ်ဂျစ်မြည်နေသည်။ ကျွန်မက

"ဖိုးသားလေ. . ."

"သမီးပြောတာ မေမေ သိပ်ကောင်းကောင်းမကြားရဘူး။ မနက်ဖြန်ညလောက်ကျရင် မေမေတို့ပြန်ရောက်မယ် သမီး၊ ဒါပဲနော်၊ ဖုန်းချလိုက်တော့မယ်"

ကျွန်မက ဖုန်းကိုပြန်ချထားလိုက်၏။ မေမေ့ကိုမလိမ်ချင်သော်လည်း မတတ်နိုင်ပါ။ မေမေတို့ပြန်ရောက်သည့်အချိန်လောက်ဆိုလျှင် ဖိုးသားတစ်ယောက် အကောင်းပကတိအတိုင်း ဖြစ်နေလောက်ပါပြီဟု ကိုယ့်စိတ်ကိုယ်တွေးပြီး ဖြေသိမ့်ကြည့်နေမိလေသည်။

●

ညသန်းခေါင်ကျော်သည်အထိ ကျွန်မ အိပ်လို့မပျော်နိုင်သေး။ မျက်နှာကြက်ကိုမော့ကြည့်ရင်း ဖိုးသားအကြောင်း စဉ်းစားနေမိသည်။

သူ အခုချိန်အထိ အိပ်မွေ့ကျနေဆဲပဲလား။ ဒါမှမဟုတ် ငါ့ကြောင့် သူ တစ်ခုခုဖြစ်သွားတာလား။ ကျွန်မစိတ်တွေ ယောက်ယက်ခတ်နေသည်။ ကူကယ်ရာမဲ့သူတစ်ယောက်လို ခံစားနေရသည်။

ခေါင်းအုံးကိုယူပြီး မျက်နှာပေါ်ဖိထားလိုက်မိသည်။ အခန်းအပြင်ဘက်မှာသာနေသော လရောင်ကိုလည်း မမြင်ချင်ပါ။ ကျွန်မ ဘာလုပ်ရမှာလဲ။

မှေးကနဲ ခဏအိပ်ပျော်သွားသည်။ ထို့နောက် အသံတစ်သံကို ကြားလိုက်ရသလိုလိုခံစားရပြီး လန့်နိုးလာ၏။ တိုးဖျော့သောအသံ၊ ဟိုးဝေးဝေးဆီမှ ထွက်ပေါ်လာသောအသံ။

အစကတော့ အိပ်မက်မက်နေသည်ဟု ကျွန်မကိုယ်ကျွန်မ



ထင်မိသေး၏။ သို့သော် မဟုတ်ပါ။ သက်ပြင်းချသံ တီးတိုးညည်းညူလိုက်သံတို့ကို ကြားလိုက်ရသည်မှာ သေချာပါသည်။

ကျွန်မ အိပ်နေရာမှ ထထိုင်လိုက်ပြီး

"ဘယ်သူတွေလဲ"

အော်မေးရင်း ကုတင်ဘေးမှမီးခလုတ်ကို ဖွင့်လိုက်သည်။ ကျွန်မတစ်ကိုယ်လုံး တုန်ယင်နေ၏။ ငါ အိပ်မက်မက်နေတာလား၊ အောက်ထပ်လှေကားရင်းနားဆီက တီးတိုးပြောသံတွေဟာ တကယ်လား။

ဒါမှမဟုတ် သူခိုးဝင်တာလား။

"အောက်ထပ်က ဘယ်သူတွေလဲ"

ကျွန်မက လှေကားထိပ်ဆီသို့ စာရွေ့ရွေ့တိုးလာရင်း လှမ်းအော်မေးလိုက်သည်။ ဖိုးသား၏အခန်းကိုလှမ်းကြည့်လိုက်တော့ တံခါးပိတ်ထားသည်ကိုတွေ့ရ၏။ တံခါးကြားမှ မီးရောင်ကိုလည်း မမြင်ရပါ။

ထိုစဉ် တီးတိုးစကားသံတွေကို ထပ်ပြီးကြားရပြန်လေသည်။

"ဖိုးသားရေ. . . ဖိုးသား"

ကျွန်မရင်ထဲမှ ထိတ်ကနဲဖြစ်သွား၏။ တစ်စုံတစ်ယောက်က ကျွန်မမောင်လေးကို ခေါ်နေသည်ပဲ။ ဒါဆိုရင်တော့ သူခိုးမဖြစ်နိုင်ပါ။ သူခိုးက ကျွန်မမောင်လေး၏နာမည်ကို ခေါ်နေလိမ့်မည်မဟုတ်ပေ။

ကျွန်မက နံရံမှမီးခလုတ်ကို လက်ဖြင့်စမ်း၍ဖွင့်လိုက်၏။ ထို့နောက်

"ဘယ်သူလဲ၊ ဘယ်သူခေါ်နေတာလဲ"

ခေတ္တမျှတိတ်နေသည်။ ထို့နောက် တီးတိုးခေါ်သံက အောက်ထပ်ဆီမှ ညင်သာတိုးဖျော့စွာထွက်ပေါ်လာသည်။

"ဖိုးသား. . . ဖိုးသားရေ"

လှေကားအတိုင်း အောက်ထပ်ဆီသို့ တဒုန်းဒုန်းပြေးဆင်းသွားလိုက်သည်။ မီးဖွင့်ထားသောကြောင့် အောက်ထပ်အခန်းတစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



လင်းထိန်နေ၏။ ဘယ်သူမှမရှိ။ ဗလာဟင်းလင်း. . .။

သို့သော် ဘယ်သူမှမရှိသည့်အခန်းထဲမှာပင် ခေါ်သံကို ကြား နေရဆဲ။

"ဖိုး. . . သား. . . ရေ. . . ငါ. . . တို့. . . စောင့်. . . နေ . . . တယ်"

ကြောက်စိတ်ကြောင့် တုန်ယင်နေသောအသံဖြင့် ကျွန်မအော် ဟစ်ပြီး မေးလိုက်သည်။

"ဘယ်သူလဲ. . . ဒီအခန်းထဲမှာရှိနေတာ ဘယ်သူတွေလဲ"

ပြန်ဖြေသံမကြားရ။

ရဲစခန်းကို ဖုန်းဆက်ရင်ကောင်းမလားဟု အတွေးဝင်လာ သည်။ တယ်လီဖုန်းရှိရာဆီသို့ ကျွန်မ ပြေးသွားလိုက်၏။ တယ်လီ ဖုန်းဆီသို့ လက်မလှမ်းမီခင်မှာပင် ကျွန်မမျက်လုံးများက တစ်စုံတစ်ရာ ဆီသို့ အကြည့်ရောက်သွား၏။

မြေအောက်ခန်းတံခါး. . .။

မြေအောက်ခန်းသို့ဆင်းသည့်တံခါးကို အိပ်ရာမဝင်ခင်က ကျွန်မ အသေအချာပိတ်ခဲ့သော်လည်း ယခုတော့ ပွင့်ဟနေလေပြီ။

ထိုတံခါးဆီသို့ ကျွန်မ တရွေ့ရွေ့တိုးကပ်သွားလိုက်သည်။

ခေါ်သံတွေက မြေအောက်ခန်းထဲမှ ထွက်ပေါ်လာနေခြင်း ဖြစ်သည်။

"""ဖိုး. . . သား. . . ရေ. . . ငါ. . . တို့. . . စောင့်. . . နေ . . . တယ်"

ကျွန်မက မြေအောက်ခန်းထဲသို့ငုံ့ကြည့်လိုက်သည်။ ပကာတိ မှောင်မိုက်နေ၏။

"ဘယ်သူလဲ. . . အထဲမှာ ဘယ်သူရှိသလဲ"

■

## အခန်း (၁၀)

"ဖိုးသားရေ. . . ဖိုးသား"

တောင်းပန်တိုးလျှိုးသောခေါ်ငင်သံက ဖိုးသားကို မြေအောက် ခန်းထဲသို့ ဆင်းလာဖို့ရန် သွေးဆောင်နေလေသည်။

ကျွန်မက မြေအောက်ခန်းမီးခလုတ်ကိုဖွင့်လိုက်သည်။ မီး ဆင်းမလာပါ။ ဒီတော့မှ မီးခလုတ်ပျက်နေသည်ကို ကျွန်မ ပြန်သတိ ရသွားသည်။ နံရံကပ်စင်ပေါ်တွင်တင်ထားသော ငါးတောင့်ထိုးလက် နှိပ်ဓါတ်မီးရှည်ကို ကျွန်မ လှမ်းယူလိုက်သည်။

ခလုတ်ကိုနှိပ်လိုက်သောအခါ အားကောင်းသောမီးအလင်း ရောင်က မြေအောက်ခန်းထဲသို့ဆင်းသော လှေကားတစ်လျှောက် ဆင်းပြာသွား၏။ အောက်ဆုံးတွင်ရှိသော အင်္ဂတေသားကြမ်းပြင်ကိုပါ မြင်ရပြီ။

ကျွန်မက လက်နှိပ်ဓါတ်မီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်

www.burmeseclassic.com



ရင်း လှေကားအတိုင်း တစ်လှမ်းချင်းဆင်းလာခဲ့သည်။ စိုစွတ်သော လေထု၏ အောက်သိုးသိုးအနံ့ကိုရသည်။

"ငါ. . . ငါ. . . ဆင်းလာပြီနော်"

ကျွန်မက မရဲတရဲအသံပေးလိုက်သည်။ အကယ်၍များ တစ်ယောက်ယောက်ကိုတွေ့ခဲ့လျှင် အပေါ်သို့ပြန်ပြေးတက်ပြီး ရဲစခန်းကို ဖုန်းဆက်မည်ဟု စိတ်ကူးထားသည်။

လှေကားထစ်များအတိုင်း တဖြည်းဖြည်းဆင်းလာစဉ် တီးတိုးခေါ်ငင်သံ ပျောက်ကွယ်သွားသည်။ နောက်ဆုံးလှေကားထစ်ကို ကျော်လွန်ပြီး သံမံတလင်းကြမ်းပြင်ပေါ် ခြေအစုံချမိချိန်တွင် အရာရာတိုင်းသည် တိတ်ဆိတ်နေလေသည်။

တိတ်ဆိတ်လွန်းနေသည်ဟု ကျွန်မ စိတ်ထဲခံစားရ၏။

တစ်စုံတစ်ရာမှားယွင်းနေသည်ဟု မသက်မသာခံစားရလောက်အောင်ပင် တိတ်ဆိတ်လွန်းနေလေသည်။

ထိုစဉ် ချောက်ချားဖွယ်ရာညည်းညူသံတစ်ခုကို ကြားလိုက်ရလေတော့သည်။

●

အပေါ်ကိုပြန်ပြေးတက်ရလျှင် ကောင်းမလား။

"ဘယ်သူလဲ"

ကျွန်မက အော်ဟစ်ပြီးမေးလိုက်သော်လည်း ကြောက်စိတ်ကြောင့် လေသံသဲ့သဲ့မျှသာ ထွက်ပေါ်လာ၏။

မြေအောက်ခန်းတစ်ခုလုံးကို လက်နှိပ်ဓါတ်မီးအလင်းရောင်ဖြင့် ဝေ့ကြည့်လိုက်သည်။ အခန်းမျက်နှာကြက်က နိမ့်နိမ့်။ ပြီးတော့ ဟိုနားသည်နားမှ တိုလီမိုလီပစ္စည်းတွေ ရှုပ်ပွနေသည်။ ကုလားထိုင် အကျိုးအပဲ့များ၊ ဗီရိုအဟောင်းများကို အခန်းထောင့်မှာ အပုံလိုက်



တွေ့ရ၏။

နောက်. . . သတင်းစာအဟောင်းတွေကလည်း စုပြီးထပ်ထားလိုက်သည်မှာ မျက်နှာကြက်သို့ပင် ထိလုမတတ်။ ပြီးတော့. . . ပြီးတော့. . .

"ဟင်"

လူတစ်ယောက်၏အရိပ်သဏ္ဌာန်ကို ကျွန်မမြင်လိုက်ရလေသည်။ သူက နံရံအနီးတွင်ရပ်ပြီး ကျွန်မကိုကျောပေးထား၏။ အစတော့ အဝတ်အစားအရောင်းဆိုင်တွင် အလှပြထားသည့်လူ့အရွယ်အစား 'ဒမ်မီ'ရုပ်ဟု ထင်လိုက်မိသေးသည်။

ကျွန်မက လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သေးသည်။ ထိုလူရိပ်လိုလို သဏ္ဌာန်က ကျွန်မဘက်သို့ ဖြည်းဖြည်းချင်းလှည့်လာ၏။ နောက်ပြီး သူ့ဘေးမှာ မိန်းကလေးလိုလို အရိပ်သဏ္ဌာန်တစ်ခုကိုပါ မြင်လိုက်ရ၏။

အဲသည့်လူရိပ်က အရိုးစုကဲ့သို့ ပိန်လှီငေါထွက်နေသောသူ့လက်ကို ကျွန်မဘက်သို့မြှောက်လိုက်စဉ်မှာပင် ကျွန်မ လန့်ပြီး သံကုန်အော်လိုက်မိတော့သည်။ ကျွန်မအကြည့်အာရုံတွေ ချာချာလည်သွား၏။

လူရိပ်က နှစ်ယောက်မဟုတ်တော့ဘဲ သုံးယောက်ဖြစ်နေသည်။ ဟင့်အင်း. . . လေးယောက်၊ သူတို့အားလုံး လေးယောက်ပါ။

ထိုလူရိပ်သဏ္ဌာန်များက တဖြည်းဖြည်းချင်း ရှေ့သို့တိုးလာကြ၏။ သူတို့၏မေးရိုးများက တွဲလောင်းပွင့်ဟနေကြပြီး ကျွန်မမောင်လေး၏နာမည်ကို ရေရွတ်နေကြလေသည်။

"ဖိုးသား. . . ဖိုးသား. . ."

ဒါ. . . ဒါ. . . ဘယ်သူတွေလဲ၊ နာနာဘာဝပူးဝင်နေတဲ့ ဖုတ်ကောင်တွေလား။

သူတို့၏မျက်နှာတွေက ဖြူဖပ်ဖြူရော်ဖြစ်ပြီး မျက်လုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



က အေးစက်လွန်းနေသည်။ သူတို့ပါးစပ်က ကြက်သရေကင်းမဲ့သော ညည်းညူသံနှင့်အတူ ကျွန်မမောင်လေးကို သူတို့ဆီလာဖို့ ခေါ်နေကြလေပြီ။

ငါ အမြန်ဆုံးပြေးမှဖြစ်မယ်။

အဲသည်အသိဝင်လာသည့်တစ်ဒင်္ဂတွင် သူတို့မျက်နှာတွေကို သဲသဲကွဲကွဲမြင်ရအောင် လက်နှိပ်ဓါတ်မီးဖြင့် နောက်ဆုံးတစ်ကြိမ် ထိုးကြည့်လိုက်၏။

"ဟင်"

ကျွန်မ အသည်းနှလုံးတွေ အေးစက်သွားသည်။

အဲသည့်လူရိပ်သဏ္ဌာန်များ၏ နောက်ကျောဘက်ဆီတွင် ကောင်လေးတစ်ယောက်ရပ်နေသည်ကို လက်နှိပ်ဓါတ်မီးအလင်းရောင်ဖြင့် မြင်လိုက်ရသောကြောင့်ဖြစ်သည်။ အဲသည့်ကောင်လေးက ခံစားချက်ကင်းမဲ့သောမျက်နှာသေဖြင့် ကျွန်မကိုစိုက်ကြည့်နေ၏။

သူ့မျက်လုံးအစုံပေါ်မှာ တပ်ဆင်ထားသောမျက်မှန်တစ်လက်ကိုပါ မြင်လိုက်ရသည်။

သူ့မျက်နှာကို ကျွန်မ မမှတ်မိစရာအကြောင်းမရှိပါ။

ဝမ်းနည်းကြောက်လန့်စွာဖြင့် သူ့ကို ကျွန်မ အော်ခေါ်လိုက်သည်။

"ဖိုးသား. . ."

■

## အခန်း (၁၁)

ကြောက်စိတ်ကြောင့် လက်တွေတုန်ယင်ပြီး လက်နှိပ်ဓါတ်မီး [illegible]တ်ကျသွားသည်။ သံမံတလင်းကြမ်းပြင်နှင့် လက်နှိပ်ဓါတ်မီးတို့ [illegible]တွေ့သံ 'ခွပ်'ကနဲ ကြားလိုက်ရပြီးနောက် အလင်းရောင်က ကြမ်း[illegible]တစ်လျှောက်လိမ့်သွား၏။

ကျွန်မ ငယ်သံပါအောင်အော်ရင်း လှေကားအတိုင်း တစ်[illegible]န်ထိုးပြေးတက်လာခဲ့တော့သည်။ မိစ္ဆာခေါ်သံများကတော့ ကျွန်မ [illegible]နောက်ကျောဆီမှ ပဲ့တင်ထပ်ကာလိုက်ပါလာနေကြဆဲ. . .။

အောက်ထပ်ခန်းမကျယ်ကြီးမှတစ်ဆင့် ကျွန်မအိပ်ခန်းရှိရာ [illegible]ပေါ်ထပ်သို့ ဘယ်လိုရောက်လာမှန်းပင်မသိတော့။ ကျွန်မ၏အိပ်ခန်း [illegible]ကို ကိုယ်လုံးဖြင့် ဝုန်းကနဲပစ်တိုက်ကာဝင်လိုက်ပြီး တမင်း[illegible]န်း ပြန်ဆောင့်တွန်းပိတ်လိုက်သည်။

ဟောဟဲ. . . ဟောဟဲနှင့် အသက်ကို မနည်းလုရှူနေရသည့်

www.burmeseclassic.com

www.burmeseclassic.com



ကြားမှပင် တံခါးကို အပြင်ကတွန်းမဖွင့်နိုင်အောင် တစ်ကိုယ်လုံးမှာ ရှိရှိသမျှအင်အားဖြင့် တွန်းမှီကာ ပိတ်ဆို့ထားမိ၏။

ပြန်ရောက်ပြီ. . . ငါ့အခန်းထဲကိုပြန်ရောက်ပြီ။ ပြန်ရောက်ပြီ. . . ဘာမှကြောက်စရာမလိုတော့ဘူး. . .။

ကျွန်မကိုယ်ကျွန်မ ပြန်ပြီးအားပေးနေမိ၏။ မောဟိုက်လွန်းနေသောကြောင့် ပါးစပ်ကိုဟကာ အသက်ရှူနေရသည်။ နောက်ဆုံးတွင် တုန်ယင်နေသောခြေထောက်များက ခန္ဓာကိုယ်ကို ထိန်းမထားနိုင်တော့ဘဲ ကုတင်ဆီသို့ တရွတ်ဆွဲလျှောက်လာပြီး အိပ်ရာပေါ် ပုံလျက်သားပစ်လဲကျသွားတော့သည်။

အိပ်ရာပေါ်တွင် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန်အောင် ကြောက်နေမိသည်။

"ဒါ. . . ဒါ အိပ်မက်ဆိုးတစ်ခုပါ။ တကယ်ဖြစ်တာမှမဟုတ်ဘဲ၊ အရမ်းကိုကြောက်စရာကောင်းတဲ့ အိပ်မက်ဆိုးတစ်ခုပေါ့"

ကျွန်မတစ်ယောက်တည်း တတွတ်တွတ်ရေရွတ်နေမိသည်။

ဖွင့်ထားသောပြတင်းပေါက်မှ လေပြည်အေးအေးတစ်ချက်က အခန်းတွင်းသို့တိုက်ခတ်လာ၏။

ဒါဟာ တကယ်ရော အိပ်မက်ဟုတ်လို့လား။ အိပ်မက်သက်သက်ပါပဲဆိုတာကို ဘယ်လိုသက်သေပြမလဲ။

ဟုတ်တယ်။ ဒါဟာ အိပ်မက်ဆိုတာ သေချာဖို့လိုတယ်။

ဖိုးသား၏အခန်းကို ကျွန်မသွားကြည့်ရပေလိမ့်မည်။ တကယ်တော့ အခုချိန်လောက်ဆို ဖိုးသားတစ်ယောက် သူ့အခန်းထဲတွင် အပူအပင်ကင်းမဲ့စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပေလိမ့်မည်။

ကျွန်မမောင်လေးသည် မြေအောက်ခန်းထဲတွင် နာနာဘာဝများနှင့်အတူ ရှိနေသည်ဆိုခြင်းမှာ ဘယ်လိုမှမဖြစ်နိုင်ပါ။ ဒါဟာ အိပ်မက်မို့လို့သာပေါ့။

မရဲတရဲလက်အစုံဖြင့် အခန်းတံခါးကိုဆွဲဖွင့်ပြီး အပြင်သို့



လှမ်းထွက်လိုက်သည်။ ထို့နောက် ဖိုးသား၏အခန်းရှိရာဆီသို့ သွေးပျက်စွာဖြင့် တစ်လှမ်းချင်းလျှောက်သွားနေမိ၏။

တကယ်ရော ဖိုးသားတစ်ယောက် သူ့အခန်းထဲမှာ အိပ်နေတာဟုတ်ပါ့မလား။

ထိုအတွေးက ကျွန်မကို တွန့်ဆုတ်ထိတ်လန့်သွားစေသည်။

တကယ်လို့များဖိုးသားဟာ သူ့အိပ်ရာထဲမှာမရှိဘဲ မြေအောက်ခန်းထဲက နာနာဘာဝတွေဆီ ရောက်နေပြီဆိုရင်ကော. . .။

ငါ ဘာလုပ်ရမလဲ. . . ငါ ဘာလုပ်ရမလဲ. . .။

ကျွန်မ ဖိုးသား၏အခန်းရှေ့တွင် ခြေစုံရပ်ရင်း သွေးပျက်ချောက်ချားနေသည်။ နှုတ်မှလည်း တီးတိုးဆုတောင်းလိုက်၏။

"အခန်းထဲမှာ ဖိုးသားရှိနေပါစေ. . ."

တံခါးလက်ကိုင်ဘုကိုလှည့်ပြီး အခန်းတံခါးကို တွန်းဖွင့်လိုက်၏။

နောက်. . . တံခါးဘေးရှိမီးခလုတ်ကို ချောက်ကနဲဖွင့်လိုက်၏။ တစ်ခန်းလုံးလင်းထိန်သွားသောမီးရောင်ကြောင့် ကျွန်မ မျက်တောင်ကို ရုတ်ခတ်ပုတ်ခတ်လုပ်မိသည်။

တစ်ခန်းလုံးတိတ်ဆိတ်နေ၏။ ဖိုးသား၏အိပ်ရာပေါ်တွင် ဟောင်းလောင်း. . .။

ဖိုးသား ရှိမနေပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဟာလာဟင်းလင်းဖြစ်နေသော ဖိုးသား၏ကုတင်ဆီသို့ ကြက်သေသေကာ ကျွန်မ ငေးစိုက်ကြည့်နေမိသည်။

ကျွန်မရင်ထဲတွင် ဘယ်လိုခံစားလိုက်ရမှန်းမသိပါ။

ဝမ်းနည်းခြင်းလား. . . ကြောက်ရွံ့ခြင်းလား။

●

ထိုစဉ် သက်ပြင်းချသံလိုလို တီးတိုးကြားလိုက်ရသဖြင့် ပြတင်းပေါက်ဆီသို့ လှမ်းကြည့်လိုက်မိသည်။

"မမစုလတ် ဘာလာလုပ်တာလဲ"

ပြတင်းပေါက်ဘေးတွင်ထိုင်နေသော ဖိုးသားက လှမ်းမေးလိုက်သည်။ သူ. . . မျက်မှန်တပ်မထားပါ။

ညအိပ်ဝတ်စုံ ဘောင်းဘီစကိုလည်း ခေါက်တင်ထား၏။



"ဖိုးသား. . . ဖိုးသား"

ဝမ်းသာအားရအော်ဟစ်ရင်း သူ့ဆီသို့ တစ်ဟုန်ထိုးပြေးသွားကာ ပွေ့ဖက်ထားလိုက်မိသည်။ ဖိုးသားက သူ့ခေါင်းမှဆံပင်များကို လက်ဖြင့်ထိုးဖွရင်း

"နင် ဘာလာလုပ်တာလဲ မမ"

ရုတ်တရက်မို့ ကျွန်မ ဘာပြန်ဖြေရမှန်းမသိပါ။ ပြီးမှ

"ငါ. . . ငါ. . . နင် အဆင်ပြေရဲ့လားလို့လာကြည့်တာ၊ ဘာလို့ အိပ်ရာထဲမှာမနေတာလဲ"

"အိပ်မပျော်လို့. . ."

"နင်. . . မြေအောက်ခန်းထဲကို မဆင်းဘူးမဟုတ်လား ဖိုးသား"

"မြေအောက်ခန်း. . . ဟုတ်လား"

ကျွန်မမေးခွန်းကြောင့် သူက မျက်မှောင်ကုတ်ပြီး ပြန်ကြည့်နေသည်။ သူ ခက်ခက်ခဲခဲ စဉ်းစားနေရပုံပေါ်၏။

"ပြောလေ. . . ဖိုးသား၊ နင် မြေအောက်ခန်းထဲကို ဆင်းသေးလား"

"ဟင့်အင်း. . . မဆင်းပါဘူး"

ကျွန်မက သက်ပြင်းချပြီး ပြန်လှည့်ထွက်တော့မည်ပြုစဉ် ဖိုးသား၏လက်နှစ်ဖက်က ကျွန်မကို ရုတ်တရက် တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်၏။

ကျွန်မက လှည့်ကြည့်လိုက်တော့ သူ့မျက်နှာလေးကို ကျွန်မဆီသို့ ဖြည်းဖြည်းချင်းတိုးကပ်လာပြီးလေသံတိုးတိုးကလေးဖြင့် ပြောသည်။

"မမစုလတ် သားကို မေ့မသွားနဲ့နော်၊ သားကို ဘယ်တော့မှ မေ့မသွားပါနဲ့"

●

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်။

ကျောင်းသွားဖို့ ကျွန်မ အဝတ်အစားကို ကမန်းကတန်း လဲလိုက်သည်။ နေ့သစ်တစ်နေ့၏အလင်းရောင်က ပြတင်းပေါက်မှ တဆင့် အခန်းထဲသို့ စီးဝင်ဖွာဖြာကျနေ၏။

ဘာပဲဖြစ်ဖြစ် အဲသည့်ခံစားမှုက ကျွန်မ၏အိပ်မက်ဆိုးတွေ ကို ခဏတဖြုတ်ပဲဖြစ်ဖြစ် မေ့ပျောက်သက်သာရာရသွားစေသည်။

သည်လိုပဲ အိမ်သစ်တစ်အိမ်ကို ပြောင်းလာရပြီဆိုလျှင် ဘယ်သူမဆို အိပ်မက်ဆိုးတွေမက်တတ်ကြတာပဲဟု ကျွန်မကိုယ်ကျွန်မ ပြန်ပြီးအားပေးမိသည်။ အချိန်တန်လျှင်တော့ အားလုံး ပုံမှန်အတိုင်း ဖြစ်သွားကြစမြဲပင်။

မနက်စာစားရန်အတွက် မီးဖိုချောင်ထဲသို့ ကျွန်မဆင်းပြီး ကြက်ဥကြော်ကာ ပေါင်မုန့်မီးကင်လိုက်သည်။ အားလုံးပြင်ဆင်ပြီး သည့်အချိန်မှာပင် ဖိုးသားက မီးဖိုခန်းဝမှာလာရပ်၏။

သူ အခုထိ ညအိပ်ဝတ်စုံကို မလဲရသေး။ ဆံပင်တွေ ကလည်း ရှုပ်ပွနေသည်။ မျက်မှန်နောက်မှ မျက်လုံးအစုံက ကျွန်မကို မမှတ်မိသလိုမျိုး စိုက်ကြည့်နေ၏။

"ဟဲ့. . . ဖိုးသား။ ခုထိ အဝတ်အစားမလဲရသေးဘူးလား။ ဘာလုပ်နေတာလဲ၊ ကျောင်းသွားရမယ်လေ"

ဖိုးသားက မျက်မှောင်ကျုံ့ကာ ခေါင်းကိုကုတ်လိုက်ရင်း၊

"ဟင်. . . ဒီနေ့ ဘာနေ့လဲ"

"ဒီနေ့ တနင်္လာနေ့လေ၊ ကဲ. . . ဒီမှာ မနက်စာလာစား။ ပြီးရင် မြန်မြန်ရေချိုးပြီး အဝတ်အစားလဲတော့၊ ဟောဒီမှာ ဖျော်ရည် ဗူးတွေ၊ နင်ကြိုက်တာ တစ်ခုယူသောက်ပေါ့"

ကျွန်မက ပြောပြောဆိုဆိုဖြင့် ရေခဲသေတ္တာထဲမှ ဖျော်ရည် သုံးလေးဗူးကို စားပွဲပေါ် ချပေးလိုက်သည်။ ရှောက်ချိုသီးဖျော်ရည်ကို သာ သူ ရွေးယူမည်ဆိုသည်ကိုလည်း ကျွန်မသိနေသည်။ ဖိုးသားက



ရှောက်ချိုသီးဖျော်ရည်ကို အကြိုက်ဆုံးမဟုတ်လား။

သို့သော် ဖိုးသားက စားပွဲဆီသို့ မလှမ်းချင်လှမ်းချင်ဖြင့် တိုးကပ်လာပြီး ဖျော်ရည်ဗူးများကို တစ်ဗူးချင်းစီ အသေအချာလှောက် ကြည့်နေသည်။ ပြီးတော့မှ တိုးဖျော့စွာဖြင့်

"ငါ မရွေးတတ်ဘူး။ ဘယ်ဟာကို သောက်ရမလဲဟင်"

ကျွန်မ လန့်ပြီးမအော်မိစေရန် နှုတ်ခမ်းကို တင်းတင်းကိုက် ထားလိုက်ရသည်။

"ဖိုးသား. . . နင် တကယ်ကိုမမှတ်မိဘူးလား"

သူက ခေါင်းကိုခါယမ်းပြသည်။

ကျွန်မ စိတ်မချမ်းသာစွာဖြင့် ရှောက်ချိုသီးဖျော်ရည်ကို ဖန် ခွက်ထဲသို့လောင်းထည့်ပေးလိုက်သည်။ ထို့နောက် ဖိုးသားတစ်ယောက် ဘယ်ဘက်လက်ဖြင့် ဇွန်းကိုကိုင်ကာ မနက်စာစားနေသည်ကို ငေး ကြည့်နေမိသည်။

ရင်ထဲမှာ ဆို့ဆို့နင့်နင့်ဖြစ်လာသည်။ သူ တကယ်ပဲ အရာရာ ကို မေ့လျော့သွားခဲ့ပြီကိုး။

ငါ ဘာလုပ်ရမလဲ။ ဒီနေ့ည ဖေဖေနဲ့မေမေပြန်လာရင် ငါ ဘယ်လိုပြောပြရမလဲ. . .။

ထိုစဉ် အိမ်ရှေ့တံခါးခေါက်သံကိုကြားရသောကြောင့် ကျွန်မ ပြေးထွက်သွားလိုက်သည်။ ပုံ့ပုံ့၏ ပြုံးရွှင်နေသောမျက်နှာကို မြင် လိုက်ရ၏။ သူမက လည်ပင်းတွင် (V) ပုံသဏ္ဌာန်လည်ပင်းပေါက် ပါသော အဝါရောင်တောက်တောက်တီရှပ်ကို ဝတ်ထား၏။

တံခါးဖွင့်ပေးလိုက်စဉ် သူမက ကျွန်မမျက်နှာကို သေသေ ချာချာအကဲခတ်ကြည့်ပြီး

"နင် ဘာဖြစ်နေတာလဲ စုလတ်"

ကျွန်မက ဘာမှမပြောတော့ဘဲ သူမကို ထမင်းစားခန်းထဲ သို့ခေါ်သွားပြီး ဖိုးသားကို လက်ညှိုးထိုးပြလိုက်၏။ ဖိုးသားကလည်း

www.burmeseclassic.com



ဝိုပုံ့ကိုပြန်ကြည့်နေသည်။ သို့သော် သူ့အကြည့်က သူစိမ်းတစ်ယောက်ကိုကြည့်သည့် မျက်လုံးမျိုး။

ထိုအခါကျမှ ပုံ့ပုံ့လည်း အထိတ်တလန့်ဖြစ်သွားပြီး

"သူ့. . . သူပြန်မကောင်းသေးဘူးလားဟင်"

"မနေ့ကထက်တောင် ပိုဆိုးလာတယ်ထင်တာပဲ"

ကျွန်မက စိတ်ပျက်ဝမ်းနည်းစွာဖြင့် ပြန်ပြောလိုက်သည်။ ပုံ့ပုံ့က ကျွန်မ၏လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ရင်း

"စုလတ် . . . နင် သူ့ကို တကယ်ပဲအိပ်မွေ့ချလိုက်မိသလားဟင်၊ ဟို . . . ဟို မတော်တဆပဲဖြစ်ဖြစ်ပေါ့"

ကျွန်မ ဘယ်လိုစိတ်ရိုင်းဝင်သွားမှန်းမသိပါ။ ပုံ့ပုံ့လက်ကို ပုတ်ချရင်း ဒေါသတကြီး အော်ဟစ်လိုက်မိသည်။

"အဲ့ဒါ နင့်ကြောင့်၊ ဟို အသုံးမကျတဲ့စာအုပ်ကို နင်ယူလာလို့၊ ပြီးတော့ ငါ့မောင်လေးကို နင်ပဲ အိပ်မွေ့ချခိုင်းတာ . . ."

"မဟုတ်သေးဘူး စုလတ် . . . မဟုတ်"

"ဘာမှလာရှင်းပြမနေနဲ့ ပုံ့ပုံ့၊ ဖိုးသားကို အိပ်မွေ့မချခင် နင်ပြောလိုက်တဲ့စကားကို မှတ်မိသေးလား"

"ငါ . . . ငါ ဘာပြောလိုက်မိလို့လဲ"

"အားလုံးမေ့ထားလိုက်စမ်းပါ ဖိုးသားလို့ နင်ပြောတယ်လေ၊ မှတ်မိပြီလား ပုံ့ပုံ့၊ နင်က အဲဒီစကားပြောပြီးမှ ဖိုးသားကို ငါက အိပ်မွေ့ချလိုက်တော့ သူက အားလုံးကိုမေ့ပစ်လိုက်တာပေါ့၊ နင် ဖြိုဟ်မွေ့တာ . . . နင် ဒုက္ခပေးတာ . . ."

ကျွန်မစကားကြောင့် ပုံ့ပုံ့တစ်ယောက် ဆတ်ဆတ်ခါနာကျည်းသွားပုံရသည်။ (တကယ်လည်း ကျွန်မအပေါ် အနွံတာခံသော သူငယ်ချင်းကောင်းတစ်ယောက်ကို ဒီလိုပစ်ပစ်ခါခါပြောစရာ ဘာအကြောင်းမှမရှိပါ။)

ပုံ့ပုံ့က နာကျင်ခါးသီးစွာဖြင့်



"နင်က အခုတော့ အပြစ်တွေအားလုံး ငါ့အပေါ်ပုံချပြီပေါ့ စုလတ် . . . ဟုတ်လား၊ ငါ ဘာမှမသိဘူး၊ ငါ တမင်ရည်ရွယ်ပြီး လုပ်ခဲ့တာလည်းမဟုတ်ဘူး"

သူမအသံကပြောရင်းနှင့် ငိုသံပါလာသည်။ ကျွန်မ ချက်ချင်းပင် စိတ်မကောင်းဖြစ်သွားသည်။

"ဆောရီးပါ ပုံ့ပုံ့ရယ်၊ ငါ တောင်းပန်ပါတယ်၊ နင့်ကို ဒီလိုပြောဖို့မရည်ရွယ်ပါဘူး၊ ငါ့စိတ်တွေ ဘာဖြစ်သွားမှန်းမသိဘူးဟာ၊ ငါ . . . ရူးချင်နေပြီ"

"စိတ်အေးအေးထားပါ စုလတ်ရယ်၊ အိပ်မွေ့ချထားတာကို ငါတို့ ပြန်ဖြေကြည့်ရအောင်လေ၊ မနေ့က ငါထားခဲ့တဲ့စာအုပ် ဘယ်မှာလဲ"

"ဟင် . . . ဘယ်လိုပြန်ဖြေမှာလဲ"

ပုံ့ပုံ့က ရင်နာသည့်လေသံဖြင့်

"ဟုတ်တယ်လေ၊ နင်အိပ်မွေ့ချခါနီးမှာ ငါက အားလုံးကို မေ့လိုက်တော့လို့ ပြောလိုက်မိတာကိုး၊ ဒီတစ်ခေါက်ကျရင် နင် ဖိုးသားကို အိပ်မွေ့ချခါနီးမှာ အားလုံးကို ပြန်သတိရစမ်းလို့ အမိန့်ပေးကြည့်မယ်လေ၊ ဒါဆို ဒီတစ်ခေါက် သူ အိပ်မွေ့ကျပြီးလို့ ပြန်နိုးလာတဲ့အခါကျရင် အားလုံး အဆင်ပြေသွားမှာပဲ"

သူ့စကားကြောင့် ကျွန်မ အတန်ငယ်စဉ်းစားနေမိသည်။ ပြီးမှ

"နင်တကယ်ပဲ အဲ့သလိုယုံကြည်သလား ပုံ့ပုံ့"

"မတတ်နိုင်ဘူးလေဟာ၊ ငါတို့ ကြိုးစားလို့ရနိုင်တာ အကုန်လုံးလုပ်ကြည့်ရမှာပဲ"

ပုံ့ပုံ့ပြောတာမှန်သည်။ နောက်ဆုံး ကောက်ရိုးတစ်မျှင်ကိုပင် ဖြစ်ဖြစ် ရလိုရငြား ကြိုးစားကြည့်ရပေလိမ့်မည်။ ကျွန်မက ဖိုးသားအက်သို့လှည့်ပြီး ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖိုးသား. . ."

မီးဖိုခန်းထဲတွင် ဖိုးသားရှိမနေတော့ပါ။ ကျွန်မ အထိတ်တလန့်ရှေ့တိမိသည်။

"ဟင်. . . ဖိုးသား ဘယ်ရောက်သွားပါလိမ့်"

စိတ်ပူပန်စွာဖြင့် မီးဖိုခန်းထဲမှ ကျွန်မတို့နှစ်ယောက်စလုံး ပြေးထွက်လာခဲ့ကြသည်။ ဘာကြောင့်ရယ်မှန်းမသိ. . . ကျွန်မ ဦးတည်ပြီး ပြေးလာမိသည့်နေရာက မြေအောက်ခန်းထဲဆင်းသည့်တံခါးဆီသို့။

ဟော. . . တွေ့ပါပြီ။ မြေအောက်ခန်းဆီသို့ဆင်းသည့် တံခါးက ပွင့်လျက်သား. . .။ ကျွန်မ တံခါးဆီသို့ပြေးသွားပြီး ငုံ့ကြည့်ကာ အော်ခေါ်လိုက်သည်။

"ဖိုးသား. . ."

သူ. . . သူ တကယ်ပင် မြေအောက်ခန်းထဲသို့ ဆင်းနေလေပြီ။ ကျွန်မ သူ့ကိုလှမ်းတွေ့ရသည့်အချိန်တွင် မြေအောက်ခန်းကြမ်းပြင်ဆီသို့ရောက်ရန် လှေကားထစ်အနည်းငယ်သာ လိုတော့သည်။

ဖိုးသားက လေးတွဲ့စွာဖြင့် နောက်ထပ်လှေကားတစ်ထစ်သို့ ဆင်းလိုက်သည်။

ပြီးတော့. . . နောက်တစ်ထစ်။

ကျွန်မက စိုးရိမ်ချောက်ချားစွာဖြင့် အော်ခေါ်လိုက်သည်။

"ဖိုးသား. . . ဘယ်ကိုသွားနေတာလဲ၊ ပြန်လာခဲ့. . . ပြန်လာခဲ့"

■

BURMESE CLASSIC .com

# အခန်း (၁၃)

ဖိုးသားက လှေကားထစ်များအတိုင်းဆင်းနေရာမှ ဖြည်းဖြည်းချင်း အပေါ်သို့ပြန်မော့ကြည့်သည်။ သူ ကျွန်မကို အကြာကြီး စိုက်ကြည့်နေသည်။ ဝိုးတဝါးအလင်းရောင်ထဲတွင်ဖြစ်လင့်ကစား သူ့မျက်လုံးများထဲတွင် စိတ်ရှုပ်ထွေးနေသည့်အရိပ်အယောင်ကို ကျွန်မ မြင်နေရသည်။

"ဖိုးသား. . . မြန်မြန်. . . အပေါ်ကိုပြန်တက်ခဲ့၊ မြေအောက်ခန်းထဲကို ဘာဆင်းလုပ်တာလဲ"

"ငါ. . . ငါ မသိဘူး"

ဖိုးသား၏လေသံက တိုးဖျော့ကာ သိစိတ်ကွယ်ပျောက်သလို ဖြစ်နေ၏။

သူက လှေကားအတိုင်း ဖြည်းဖြည်းချင်းပြန်တက်လာခဲ့သည်။ သူ့အကြည့်က ကျွန်မထံမှမခွာ။

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်သို့ ဖိုးသား၏ခြေအစုံရောက်လာသည်နှင့် တစ်ပြိုင်နက် မြေအောက်ခန်းတံခါးကို ဝုန်းကနဲမြည်အောင် ကျွန်မ ပိတ်ပစ်လိုက်သည်။ သေ့ခလောက်ကြီးကြီးတစ်လုံးလောက် အပိုရှိရင် ကောင်းမှာပဲဟုလည်း ကျွန်မတွေးမိသေး၏။ ကျွန်မကျောထဲမှ စိမ့်ကနဲကြောက်သွားမိသည်။

မနေ့ညက အိပ်မက်ထဲတွင်မြင်ခဲ့ရသော ဖိုးသား၏နာမည်ကို ခေါ်နေသည့် လူရိပ်သဏ္ဍာန်လေးခုကို ပြန်မြင်ယောင်မိသောကြောင့် ဖြစ်သည်။

ဒါပေမဲ့ အဲဒါဟာ တကယ်ရော အိပ်မက်ဟုတ်ခဲ့လို့လား။

ဖြစ်နိုင်လျှင် ကျွန်မ ဒီမြေအောက်ခန်းနှင့်ဝေးရာဆီသို့ အမြန်ဆုံးထွက်သွားချင်သည်။ ထို့ကြောင့် ဖိုးသား၏ပခုံးကိုဖက်ကာ ကျွန်မအခန်းရှိရာ အပေါ်ထပ်ဆီသို့ ခပ်သုတ်သုတ်တက်လာခဲ့ပြီး

"အခု ပုံ့ပုံ့နဲ့မမတို့က သားကို နေကောင်းသွားအောင် လုပ်ပေးမလို့သိလား၊ ဒီတစ်ခါပြီးရင် သား ဟိုအရင်ကအတိုင်း ပြန်ဖြစ်သွားမှာ. . . နော်"

"ဟင်. . . ငါ့ကို ဘာလုပ်ကြမလို့လဲ"

ဖိုးသားက ကျွန်မကို မယုံသင်္ကာဖြင့် မျက်စောင်းထိုးကြည့်ရင်း

"နောက်တစ်ခေါက် ထပ်လုပ်ဦးမယ် ဟုတ်လား"

ပုံ့ပုံ့ကဝင်၍

"ဒီတစ်ခါအိပ်မွေ့ချပြီးရင် အခု မောင်လေး မေ့မေ့နေတဲ့ဟာတွေအားလုံး ပြန်သတိရလာမှာသိလား၊ လိမ္မာတယ် လာ. . . လာ ဒီမှာထိုင်"

ဖိုးသားက ဆိုဖာပေါ်တွင်ဝင်ထိုင်လိုက်သည်။

ကျွန်မက

"ကဲ. . . ဖိုးသား အသက်ကိုမှန်မှန်ရှူ၊ တစ်ကိုယ်လုံးမှာရှိ



သမျှအကြောတွေကို လျှော့ထား"

ဖိုးသားက ဆိုဖာပေါ်သို့ တစ်ကိုယ်လုံးနစ်ဝင်သွားအောင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ကျွန်မက သူ့မျက်လုံးရှေ့တွင် ငွေဖြားချိန်သီးလေးကို လွှဲယမ်းရင်း

"ဟောဒီငွေပြားလေးကို ကြည့်နေ. . . ကြည့်နေ. . . ဟုတ်ပြီ. . . အခု မျက်ခွံတွေလေးလံလာပြီ၊ မျက်လုံးတွေကို မဖွင့်ချင်တော့ဘူး. . . မဖွင့်ချင်တော့ဘူး"

ကျွန်မက ငွေပြားကလေးလှုပ်ယမ်းနေသည့်အရှိန်ကို ဖြည်းဖြည်းကလေးဖြစ်သွားအောင် ထိန်းထားလိုက်၏။ ဖိုးသား၏မျက်ခွံတွေ မှိတ်ကျသွားသည်ကို မြင်ရသည်။

ကျွန်မက

"အခု မျက်ခွံတွေလေးနေပြီ. . . အိပ်ချင်လာပြီ. . . အရမ်းအိပ်ချင်လာပြီ"

ကျွန်မ၏မျက်ဝန်းထောင့်မှာ ပုံ့ပုံ့ကို တစ်စွန်းတစ်စမြင်ရသည်။ ပုံ့ပုံ့က လက်မထောင်ပြရင်း လေသံတိုးတိုးဖြင့်

"တကယ်အိပ်ပျော်သွားပြီဟ"

"ပေါက်ကရတွေ. . . အိပ်မပျော်ပါဘူး"

ဖိုးသား၏ ကြွပ်ဆတ်ဆတ်အသံက ရုတ်တရက် ထွက်ပေါ်လာသဖြင့် ကျွန်မတို့နှစ်ယောက်စလုံးလန့်သွားကြ၏။ ဖိုးသားက ကျွန်မတို့ကို မျက်လုံးပြူးကြည့်ရင်း

"နင့်လက်ထဲကဒင်္ဂါးပြားက ဟိုယမ်းဒီယမ်းဖြစ်နေတာကို လိုက်ကြည့်ရလွန်းလို့ ငါ ခေါင်းမူးသွားတာဟ၊ လုံးဝအိပ်မွေ့မကျဘူး လာဖြီးမနေနဲ့"

သူက ပြောပြောဆိုဆိုဖြင့် ထရပ်လိုက်၏။ ကျွန်မက

"နေဦး. . . ဖိုးသား. . . နေဦး"

"ဟာ. . . တကယ်လည်း အိပ်မွေ့မချတတ်ဘဲနဲ့ဟာ၊ တော်

www.burmeseclassic.com

ပြီး ကျောင်းနောက်ကျနေလိမ့်မယ်''

ပြောပြောဆိုဆိုဖြင့် အခန်းထဲမှ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ပြေးထွက်သွား၏။ ကျွန်မလက်ထဲမှ ငွေဒင်္ဂါးပြားလေးက ကြမ်းပေါ်သို့လွတ်ကျသွားသည်။ ကျွန်မ ပြန်မကောက်မိတော့။

ပုံ့ပုံ့က ကျွန်မပခုံးကို လာဖက်သည်။ သူမလည်း ဘာစကားမှပြောစရာမရှိ။ ကျွန်မကို နှစ်သိမ့်စရာစကားလုံး ရှာမရဖြစ်နေပုံရသည်။

ထို့ကြောင့် ကျွန်မကပင်

''လောလောဆယ်တော့ ကျောင်းကိုပဲသွားကြတာပေါ့ ပုံ့ပုံ့ရယ်၊ မေမေတို့ပြန်ရောက်လာမှပဲ သူတို့ကိုပြောပြရတော့မှာပဲ၊ ကဲ. . . ငါ့မောင်လေးကို စာအုပ်တွေကူထည့်ပေးရင်း နည်းနည်းကြည့်ထိန်းထားလိုက်စမ်းပါဟာ၊ ငါ တစ်အိမ်လုံးကတံခါးတွေ အကုန်လိုက်စစ်ပြီး မိန်းခလုတ်ချခဲ့ရဦးမယ်''

ပုံ့ပုံ့က ဖိုးသားကို ကျောင်းဝတ်စုံလဲပေးနေစဉ် ကျွန်မက မီးခလုတ်များနှင့် ပြတင်းပေါက်များကို စစ်ဆေးကြည့်လိုက်၏။ ပုံ့ပုံ့က ဖိုးသားကိုခေါ်ပြီး ခြံတံခါးဆီသို့ ထွက်သွားသည့်အချိန်တွင် အိမ်ထဲ၌ ကျွန်မတစ်ယောက်တည်းကျန်ခဲ့၏။

ကျွန်မမျက်လုံးများက မြေအောက်ခန်းတံခါးဆီသို့ ရောက်သွားပြန်လေသည်။

''ဟင်. . .''

မြေအောက်ခန်းတံခါးက ပွင့်မြဲအတိုင်း တဖန် ပြန်ပွင့်နေပြန်လေပြီ။

ထိုတံခါးကို သွားပိတ်ရလျှင်ကောင်းမလားဟု ကျွန်မ ချီတုံချတုံဖြစ်ကာ တွေဝေနေမိ၏။ နောက်ဆုံး ဘာကိုမှမစဉ်းစားတော့ဘဲ ကျောပိုးအိတ်ကိုကောက်လွယ်ကာ အိမ်ရှေ့တံခါးမကြီးကို သော့ပိတ်ပြီး ပြေးထွက်ခဲ့တော့သည်။



''ပုံ့ပုံ့ ငါ့ကိုစောင့်ပါဦး''

ကျွန်မက လှမ်းခေါ်လိုက်သော်လည်း ပုံ့ပုံ့နှင့်ဖိုးသားတို့ ကြားဟန်မတူပါ။ သူတို့က အတော်ဝေးဝေးသို့ပင် ရောက်နှင့်နေကြပြီ ဖြစ်၏။

နံနက်(၉)နာရီခန့်ရှိပြီဖြစ်သော်လည်း ကောင်းကင်တွင် တိမ်များထူထပ်နေသဖြင့် နေရောင်ခြည်က စူးစူးရဲရဲမပူသေး။ တိုက်ခတ်လာသော လေပြည်ငွေ့ကလည်း စိုထိုင်းထိုင်းဖြစ်နေ၏။

ထိုအချိန်မှာပင် ကျွန်မနောက်သို့လိုက်လာဟန်တူသော ခြေသံတစ်စုံကို ကြားလိုက်ရ၏။

မသိစိတ်၏နှိုးဆော်မှုကြောင့် အနောက်သို့ ဖျတ်ကနဲလှည့်ကြည့်မိသည်။

အနက်ရောင်လူရိပ်တစ်ရိပ်. . .။

စက္ကန့်အနည်းငယ်အတွင်းမှာပင် ထိုသူ၏မျက်နှာကို ကျွန်မ မှတ်မိလိုက်သည်။ မနေ့တုန်းက အိမ်ရှေ့ကုက္ကိုပင်ကြီးနောက်ကနေ ကျွန်မတို့အိမ်ကို ခိုးကြောင်ခိုးဝှက်ကြည့်နေတာ အဲဒီလူပေါ့။

ဘုရား. . . ဘုရား။

အဲဒီလူသည် ကျွန်မကို တစ်စုံတစ်ရာအန္တရာယ်ပြုရန် ပြေးလာနေပါရောလား။ ကြောက်စိတ်ကြောင့် ကျွန်မ အော်ပင်မအော်နိုင်ဘဲ ချာကနဲ ပြန်လှည့်ပြီး ဒုန်းစိုင်းကာပြေးတော့သည်။

ကျောပိုးအိတ်က ကျွန်မပခုံးပေါ်တွင် တဒုန်းဒုန်းခုန်နေသည်။ ကျွန်မဖိနပ်ကလည်း စိုစွတ်သောမြက်ပင်တွေပေါ် တဖျတ်ဖျတ်နင်းမိ၏။

ပြေးရင်းနှင့် မသိမသာနောက်သို့လှည့်ပြီး ခေါင်းငဲ့ကြည့်လိုက်စဉ် နောက်သို့ ထပ်ချပ်မကွာ အမိဖမ်းရန်လာနေသော ထိုလူရိပ်ကို မြင်ရသည်။

''ဟော့. . . ဟော့ကောင်မလေး''

www.burmeseclassic.com



ထိုသူက ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်သည်။

ထိုသူဘယ်သူလဲ။ ဘာဖြစ်လို့ ငါ့ကို ဒုက္ခပေးဖို့ကြိုးစားနေရတာလဲ။

အဲဒီမေးခွန်းများ၏အဖြေကို ရပ်ပြီးတွေးနေဖို့ပင် ကျွန်မမှာ အချိန်မရှိပါ။ မော်တော်ကားလမ်း၏ဟိုဘက်ခြမ်းဆီသို့ ဦးတည်ပြီး အပြေးဖြတ်ကူးသည်။ ဟိုးရှေ့မှာ ဖိုးသားလက်ကိုဆွဲပြီး သွားနေသော ပုံ့ပုံ့ကိုလှမ်းမြင်ရသည်။ ဖိုးသားတက်ရမည့် အ.မ.က (၃) ကျောင်း အဝင်နားသို့ပင် သူတို့ရောက်နေကြလေပြီ။

သူတို့ကို အမီလိုက်ရမယ်။ သူတို့နားကိုရောက်ရင် ငါ့ကို ဘယ်သူမှ အန္တရာယ်ပေးလို့မရတော့ဘူး။

"...ကျွီ"

"အမယ်လေး"

သတိတစ်ချက်လွတ်သွားစဉ် ကျွန်မအနီးမှကပ်ပြီး မောင်းနှင်သွားသည့်ကားတစ်စင်း၏ တာယာပွတ်တိုက်သံကြောင့် လန့်ဖျပ်ကာ လဲကျသွား၏။

"ဘုတ်..."

ပိုးဆိုးသည်က ကျွန်မကျောပိုးအိတ် လွင့်စင်ကျသွားပြီး အထဲမှ စာအုပ်နှင့်ပစ္စည်းတွေ ပလက်ဖောင်းပေါ်မှာ ထွက်ကျသွားသည်။

ဘုရားရေ...ဒါတွေကိုကောက်နေဖို့ ငါ့မှာအချိန်ရှိပါ့မလား။

စိတ်ကတွေးရင်း ကျွန်မလက်တွေကတော့ ပလက်ဖောင်းပေါ်တွင် ပြန့်ကျဲနေသော စာအုပ်များကို ဖယ်ဆက်သလို ကောက်ယူနေမိ၏။

ကျွန်မဦးနှောက်တွေ ဘာတွေဖြစ်ကုန်ပြီလဲ မပြောတတ်တော့ပါ။

ကျောပိုးအိတ်ကို ရင်ဘတ်ထဲမှာပွေ့လိုက်ပြီးသည်နှင့် ဖျတ်



နဲ့ နောက်ကိုလှည့်ကြည့်မိသည်။

အနက်ရောင်ဝတ်စုံနှင့်လူသည်ကား ကျွန်မနှင့်တည့်တည့် ဟိုဘက်ပလက်ဖောင်းပေါ်တွင် ရောက်နေလေပြီ။ သူနှင့်ကျွန်မကြား မှာ ကားလမ်းမတစ်ခုသာခြားတော့သည်။

ကျွန်မစိတ်ထဲက အော်ဟစ်လိုက်မိသည်။

"ကယ်ကြပါဦး"

■

www.burmeseclassic.com

www.burmeseclassic.com



ပုံ့ပုံ့က တအံ့တသြလှမ်းကြည့်ရင်း

"စုလတ်. . . နင် ဘာဖြစ်လာတာလဲ"

"လူ. . . လူ ငါ့နောက်ကလိုက်လာလို့"

ပြောပြောဆိုဆိုဖြင့် နောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

"ဟင်. . ."

ကျွန်မ ပါးစပ်အဟောင်းသားပွင့်ဟသွား၏။ ကျွန်မနောက်သို့ ကြည့်သူမှုလိုက်လာခြင်းမရှိပါ။ စောစောက အနက်ရောင်ဝတ်စုံနှင့် လူသည် ပျောက်ချင်းမလှပျောက်ကွယ်သွားလေပြီ။

ကျွန်မ သက်ပြင်းချကာ စိတ်ကိုလျှော့လိုက်တော့သည်။ အခု နေ တစ်စုံတစ်ခုပြောလိုက်ခြင်းအားဖြင့် ဖိုးသားတစ်ယောက် စိတ်အယောက်ကယက်ဖြစ်သွားမှာစိုးသောကြောင့် ဖြစ်သည်။

"အလကားပါဟာ၊ ဘာမှမဟုတ်တော့ပါဘူး"

ကျွန်မကပြောရင်း ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ ကြည့်သည့်ကျောင်းသားကျောင်းသူကိုမှ မတွေ့ရပါ။ ကျွန်မတို့ နောက်ကျနေလေပြီ။ ကျောင်းတက်ခေါင်းလောင်းထိုးပြီးသွားလောက်ပြီ ဖြစ်သည်။

ကျွန်မက ဖိုးသား၏ပုခုံးကိုဖက်ရင်း

"ဖိုးသား. . . ကျောင်းမှာ နင့်ဘာသာနင်နေခဲ့လို့ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"

ဖိုးသားက ခပ်အေးအေးပင်ပြန်ဖြေ၏။ ကျွန်မက

"ကျောင်းဆင်းတဲ့အခါကျရင် မမလာကြိုမယ်သိလား၊ ဟောဒီ နေရာကပဲစောင့်နေနော်၊ ဟုတ်ပြီလား"

ဖိုးသားက ခေါင်းညိတ်ပြသည်။ ထို့နောက် ကျောင်းဝင်းအတွင်းသို့ တရွေ့ရွေ့လျှောက်ကာ ဝင်သွားလေတော့၏။

●

အခန်း (၁၄)

ထိုစဉ် ကျယ်လောင်သောကားဟွန်းသံတစ်ခုနှင့်အတူ သစ်လုံးတင်သည့် ဆယ်ဘီးကားကြီးတစ်စင်း ဝေါကနဲဖြတ်မောင်းဝင်လာသည်။

အနက်ရောင်လူရိပ်က လန့်ပြီး ကားလမ်းမပေါ်မှ နောက်သို့ ခုန်ကာ ဆုတ်လိုက်သည်ကို တွေ့လိုက်ရသည်။

ကျွန်မအတွက်လိုအပ်သည်မှာ အဲသည်အချိန်အခိုက်အတန့် ကလေးပင်ဖြစ်ပါသည်။

ဝုန်းကနဲထပြီး တစ်ဟုန်ထိုးပြေးခဲ့သည်။ နောက်ကြောင်းကို ပြန်မကြည့်တော့။

မိနစ်ပိုင်းအတွင်းမှာပင် ကျွန်မတစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်ကာ 'ဟောဟဲ. . . ဟောဟဲ' မြည်အောင် အမောဆိုက်ရင်း အ.မ.က(၃)ကျောင်းဝင်းပေါက်သို့ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ဝင်းထဲသို့ရောက်သည်အထိ ကျွန်မနှင့်ပုံ့ပုံ့တို့ စကားမပြောဖြစ်ကြဘဲ ကိုယ်စီအတွေးများဖြင့် လေးလံနေကြသည်။ နောက်ဆုံး ကျွန်မက

“ငါ့မောင်လေး တစ်ခုခုဖြစ်နေတယ်ဆိုတာတော့ သေချာတယ်ဟာ၊ ဒီနေ့ညဲ ဖေဖေနဲ့မေမေတို့ ပြန်လာတဲ့အခါကျရင်. . .”

“သူတို့ရောက်လာရင်တော့ အဆင်ပြေသွားမှာပါ၊ ဆရာဝန်နဲ့ ပြစရာလိုရင်လည်း ပြရမှာပေါ့၊ ဒါ. . .လူကြီးတွေမှ ဆုံးဖြတ်နိုင်မှာပဲ”

ကျွန်မစကားကို ပုံ့ပုံ့ကဝင်ပြီး အဆုံးသတ်ပေးလိုက်၏။ ထို့နောက် သူမ၏ထုံးစံအတိုင်း

“စုလတ်ကလည်းဟာယ်. . .အဲဒီလိုကြီး ငိုင်မနေစမ်းပါနဲ့၊ အကောင်းဘက်ကလှည့်တွေးစမ်းပါ”

“အကောင်းဘက်ဆိုတဲ့နေရာရော ရှိသေးလို့လား ပုံ့ပုံ့ရယ်”

ထင်ထားသည့်အတိုင်းပင်ဖြစ်သည်။ ဒီနေ့တစ်မနက်လုံး ကျောင်းမှာ ဘာလုပ်လုပ်အဆင်မပြေပါ။ ကံဆိုးချင်တော့ ဓါတုဗေဒ ဓါတ်ခွဲခန်း လက်တွေ့ဝင်ရသည်။

အမှန်အတိုင်းပြောရလျှင် ဓါတုဗေဒဘာသာရပ်သည် ကျွန်မ အကျွမ်းကျင်အပိုင်နိုင်ဆုံး ဘာသာရပ်ဖြစ်သော်လည်း ဒီကနေ့ကျမှ ဓါတ်ခွဲခန်းထဲတွင် အမှားတွေတစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်မိ၏။ အဆူခံလိုက်ရသည်မှာ ရစရာမရှိ။ ကံများဆိုးချင်တော့ ဒီလိုပါပဲ။

နေ့လည်စာစားချိန်ရောက်တော့ ကန်တင်းမှာ ကျွန်မ တစ်ယောက်တည်း သွားထိုင်နေမိသည်။ ဘာမှလည်းစားချင်စိတ်မရှိ။ ထိုစဉ် ကိုလင်းရောက်လာပြီး ကျွန်မစားပွဲမှာဝင်ထိုင်ရင်း ထမင်းကြော် တစ်ပွဲ မှာလိုက်သည်။ ထို့နောက်

“ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ စုလတ်၊ မျက်နှာလည်း မကောင်းဘူး”



ကျွန်မ ခေါင်းကိုသာခါယမ်းပြမိသည်။ ထို့နောက်

“မသိပါဘူးကိုလင်းရယ်၊ ကျက်ထားတဲ့စာတွေလည်း ခေါင်းထဲကနေ ဘယ်လိုထွက်ပြေးကုန်ပြီလဲ မသိတော့ပါဘူး”

ကိုလင်းက ကျွန်မကို ကြင်နာစွာစိုက်ကြည့်ရင်း

“မနက်ဖြန်ကျရင် ကျူတိုရီယယ်ဖြေရဦးမယ်နော်၊ အဆင်သင့်ဖြစ်ပြီလား”

ကျွန်မ ဒုတိယအကြိမ်အဖြစ် ခေါင်းကိုခါယမ်းပြရပြန်လေသည်။ ကိုလင်းက

“စုလတ်ကိုကြည့်ရတာ စာထဲကို အာရုံစိုက်လို့မရဘူးနဲ့တူတယ်။ ဒီလိုလုပ်ပါလား၊ ညနေကျောင်းဆင်းရင် စုလတ်တို့အိမ်ကိုယ်လာခဲ့မယ်လေ၊ ကျူတိုရီယယ်ဖြေဖို့ စာအတူတူကျက်ကြတာပေါ့”

ကျွန်မ သူ့ကို လာခဲ့ဖို့ပြောလိုက်ချင်သော်လည်း နှုတ်မှ စကားလုံးများထွက်မလာ။

“မဖြစ်. . .မဖြစ်တူးထင်တယ် ကိုလင်း၊ ဟို. . .ဖိုးသား. . .”

“ဖိုးသားက အနှောင့်အယှက်မဖြစ်ပါဘူး စုလတ်ရဲ့၊ သူ့ဘာသာသူ ကစားနေမှာပဲ”

ကျွန်မ သူ့ကို ဘယ်လိုရှင်းပြရမည်မှန်းမသိတော့ပါ။ ဖိုးသားတစ်ယောက် ပုံမှန်မဟုတ်တော့သည့်ကိစ္စကို ဘာကြောင့်မှန်း ကျွန်မကိုယ်တိုင်လည်း နားမလည်။ ဒီည မေမေတို့ပြန်လာလျှင်လည်း ဘယ်လိုရှင်းပြရမည်မှန်းမသိ။ ကျွန်မကိုလည်း အပြစ်တင်ကြဦးမှာလား။ ဒီ. . .ဒုက္ခပါပဲ။

“မဖြစ်. . .မဖြစ်ပါဘူး ကိုလင်းရယ်”

ကျွန်မက တိုးဖျော့စွာငြင်းလိုက်မိသည်။ ကိုလင်းက အနည်းငယ်တွေဝေဆိုင်းနေပြီးမှ

“ဒါဆိုလည်းပြီးရောလေ”

သူ့အကြည့်က အနည်းငယ်အေးစက်စက်ဖြစ်သွားသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ထင်မိသည်။

●

၅

တစ်နေ့ခင်းလုံး စာထဲတွင် ကျွန်မ ဘယ်လိုမှအာရုံစူးစိုက်၍ မရတော့။ သူများတွေ အတန်းထဲဝင်သွားချိန်မှာ ကျောင်းစကြံပေါ်တွင် ကျွန်မတစ်ယောက်တည်းရပ်ကာ အပြင်သို့ငေးနေမိ၏။

မိုးကလည်း စိပ်စိပ်ကလေးရွာလာသည်။ အတန်းတက်ရန် ကျွန်မ လုံးဝစိတ်မပါတော့။ (၃)နာရီထိုးခါနီးလျှင် ဖိုးသားကို ကျောင်းမှာကြိုရဦးမည်ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးအတန်းချိန်ကိုလစ်ရန် ဆုံးဖြတ်လိုက်၏။

ပုံ့ပုံ့တက်နေသည့် အတန်းနားသို့သွားကာ အပြင်ဘက်မှနေ၍ မယောင်မလည်လူလုံးပြလိုက်သည်။ ကျွန်မကိုမြင်သွားသော ပုံ့ပုံ့က ဘာလဲဟုမေးငေါ့ပြသည်။ ကျွန်မက သူ့ကိုဖုန်းဆက်လိုက်မည် ဟု လက်ဟန်ခြေဟန်ဖြင့်ပြပြီး ထွက်ခဲ့သည်။

ဖိုးသား တက်နေသော အ.မ.က (၃) အထိရောက်အောင် အတော်ဝေးဝေးဘတ်စ်ကားစီးရဦးမည်ဖြစ်သည်။ ဘတ်စ်ကား အလာကြဲနေသဖြင့် မှတ်တိုင်တွင် အတော်ကြာကြာရပ်စောင့်နေရသေးသည်။ နာရီဝက်လောက်နေမှ လူအတန်အသင့်ချောင်သော ဘတ်စ်ကားတစ်စင်း ထိုးစိုက်လာ၏။

ဘတ်စ်ကားက ဖြည်းဖြည်းချင်း တရွေ့ရွေ့မောင်းနှင်နေသောကြောင့် ကျွန်မ စိတ်မရှည်နိုင်အောင်ဖြစ်ရသည်။ လက်မှနာရီကိုလည်း တကြည့်ကြည့်နှင့်။ တော်သေးသည်။ ဖိုးသားတို့ကျောင်းရှေ့ကိုရောက်တော့ (၃) နာရီထိုးအတိပင် ဖြစ်သည်။

ကျောင်းဆင်းခေါင်းလောင်းထိုးသံကို ကြားလိုက်ရသည်။ ကျောင်းဝင်းထဲမှ ကလေးများ၏ ပျော်ရွှင်မြူးတူးစွာ အော်ဟစ်လိုက်သံကိုကြားရသည်။ ခဏအကြာတွင် ကျောင်းဝင်းတံခါးပွင့်သွားပြီး အဖြူအစိမ်းတူညီဝတ်စုံနှင့် ကလေးတွေ တစ်ပြုံကြီးအလုပ်အယက်တိုးထွက်လာကြသည်။



သူတို့တွေကိုကြည့်ရသည်မှာ ပျော်စရာပင်ကောင်းနေသေးတော့၏။ တစ်ယောက်ကိုတစ်ယောက် အော်ကြဟစ်ကြ ပုတ်ခတ်နောက်ပြောင်ကြနှင့် တချို့ကျတော့လည်း ကျောင်းဝင်းအဝတွင် လာစောင့်နေသော မိဘများထံသို့ ခုန်ပေါက်ရင်းပြေးသွားကြ၏။ သူတို့လွယ်ထားသောလွယ်အိတ်ကျောပိုးအိတ် လေးလေးပင်ပင်ကြီးတွေကို သူတို့အမေတွေဆီ ချွတ်ပေးလိုက်ကြပြီး လွတ်လပ်ပျော်ရွှင်ပေါ့ပါးသွားကြ၏။

အခုလောက်ဆို ဖိုးသားလည်း သူ့သူငယ်ချင်းတွေနဲ့ ရယ်စရာပြောဆိုရင်း ပျော်နေမှာပဲလေဟုတွေးကာ အနည်းငယ်စိတ်ပေါ့သွားမိသည်။ သို့သော် အခုချိန်ထိတော့ ဖိုးသား၏အရိပ်အယောင်ကိုပင် မမြင်ရသေး။

ကျွန်မရှေ့မှာ ကလေးတွေတစ်သုတ်ပြီးတစ်သုတ် ဖြတ်သန်းသွားကြသည်။ ဖိုးသားပါလေမလားဟုအတွေးဖြင့် လိုက်ကြည့်ရလွန်းသောကြောင့် ကျွန်မလည်ပင်းကြွက်သားတွေပင် ကိုက်ခဲနာကျင်သလိုလို ဖြစ်လာ၏။

ကျွန်မလက်မှနာရီကိုကြည့်လိုက်တော့ (၃)နာရီ (၁၅)မိနစ်။

ဖိုးသား. . . နင် ဘယ်မှာလဲ။

ကြောက်စိတ်က ကျွန်မလည်ချောင်းဝတွင် တစ်ဆို့ဆို့ဖြစ်လာသည်။ သူ့ကို ဒီနေရာမှာလာကြိုမည်ဟု အသေအချာမှာထားခဲ့သည်မဟုတ်လား။ ဘာလို့ ခုထိထွက်မလာသေးတာလဲ။

ကျောင်းဝင်းတံခါးမကြီးထဲမှထွက်လာသော ကလေးတွေ ဖြည်းဖြည်း လူကျဲလာသည်။ တစ်ယောက်စနှစ်ယောက်စသာ ရှိတော့၏။

အပြင်ဘက်မှာလာကြိုသည့် ကျောင်းသားမိဘတွေလည်း

www.burmeseclassic.com

www.burmeseclassic.com



အလျှိုလျှိုပြန်ကုန်ကြပြီ။ အချိန်ကလည်း သုံးနာရီခွဲတော့မည်။

“ဖိုးသားရေ. . . နင် ဘယ်မှာလဲ”

ကျွန်မ မျက်ရည်တွေဝဲလာရင်း ကယောင်ကတမ်းရေရွတ်နေမိ၏။ ဖိုးသားကိုပဲ စိတ်ဆိုးရမည်လား။ ကြောက်ပဲကြောက်လန့်ရမည်လား မဝေခွဲတတ်တော့ပါ။ ဒီအတိုင်းဆက်ပြီးရပ်စောင့်နေလို့မဖြစ်တော့ပြီ။

ကျွန်မ ဘာလုပ်ရမလဲ။

စဉ်းစားစမ်း. . . စဉ်းစားစမ်း. . . ။

ခေါင်းအေးအေးထားဖို့ ကျွန်မကိုယ်ကျွန်မ အတတ်နိုင်ဆုံးသတိပေးနေစဉ်မှာပင် နာမည်တစ်ခုက အတွေးထဲမှာ ဖျတ်ကနဲပေါ်လာ၏။ ဆရာမဒေါ်သန္တာ. . . ။

ခါတိုင်းကဆိုလျှင် ဖိုးသားတစ်ယောက် ကျောင်းမှပြန်လာတိုင်း သူ့အတန်းပိုင်ဆရာမဒေါ်သန္တာ၏အကြောင်းကို အမြဲပြောလေ့ရှိသည်။

“တီချယ်ဒေါ်သန္တာကလေ သားကို ဘယ်လိုပြောတာ”

“ဒီနေ့ သားကို တီချယ်ဒေါ်သန္တာက ဘယ်လိုသင်ပေးလိုက်တာ”

စသဖြင့် သူ့ဆရာမအကြောင်း ရေပက်မဝင်အောင်ပြောတတ်၏။ ဆရာမဒေါ်သန္တာသည် ဒီကျောင်းမှာ ဖိုးသားအချစ်ဆုံးဆရာမဖြစ်၏။

ကျွန်မ ဘာကိုမှစဉ်းစားမနေတော့ဘဲ ကျောင်းဝင်းထဲသို့ ခပ်သွက်သွက်လှမ်းဝင်လိုက်သည်။ ထို့နောက် ပထမဦးဆုံးတွေ့ရသည့်ဆရာမတစ်ယောက်ကို

“ဆရာမဒေါ်သန္တာရဲ့အခန်းကို သွားချင်လို့ပါရှင်”

ဟု စုံစမ်းလိုက်ပြီး သူညွှန်ပြရာဆီသို့ လျှောက်လာခဲ့၏။

ကျွန်မရင်တွေ တဒိန်းဒိန်းခုန်နေသည်။ ဖြတ်သန်းလာခဲ့သမျှ



စာသင်ခန်းတိုင်းကိုလည်း ဖိုးသားများထိုင်နေမလားဟူသည့်အတွေးဖြင့် လိုက်ကြည့်ရသည်မှာ အမောပင်။

သို့သော် ဖိုးသား၏အရိပ်အယောင်ကိုတော့ လုံးဝမတွေ့ရပါ။

ကျွန်မ စိတ်ပျက်စွာဖြင့် သက်ပြင်းကိုသာချလိုက်မိသည်။

စတုတ္ထတန်း(A)ဟု ဆိုင်းဘုတ်တပ်ထားသော အခန်းရှေ့တွင် ကျွန်မခြေစုံရပ်မိသည်။ အခန်းထဲတွင် ကျောင်းသူကျောင်းသားတစ်ယောက်မှရှိမနေပါ။ ကျောက်သင်ပုန်းရှေ့စားပွဲမှာတော့ ဆရာမဒေါ်သန္တာဟုယူဆရသည့် အမျိုးသမီးကြီးတစ်ဦး ထိုင်နေသည်။

အဖြူအစိမ်းကျောင်းဝတ်စုံနှင့် လိုက်ဖက်ကြက်သရေရှိသောအသက်(၄၀)အရွယ်ခန့် ကျောင်းဆရာမတစ်ဦးပင်ဖြစ်သည်။ အသားမှာ အနည်းငယ်ဝဖိုင့်ဖိုင့်ဖြစ်ပြီး ရွှေရောင်ကိုင်းမျက်မှန်တပ်ထားသည်။

ကျွန်မက အခန်းဝမှနေ၍

“ဆရာမဒေါ်သန္တာလားရှင်”

“ဟုတ်ပါတယ်သမီး၊ ဝင်ခဲ့လေ”

ကျွန်မက ဆရာမဒေါ်သန္တာ၏စားပွဲအနီးသို့ လျှောက်သွားလိုက်ရင်း

“သမီးနာမည်က စုလတ်ပါဆရာမ၊ ဆရာမအတန်းထဲက ဖိုးသားရဲ့အစ်မပါ၊ အခုကျောင်းဆင်းတော့ ဖိုးသားကိုမတွေ့တာနဲ့ ဆရာမကို ဝင်မေးကြည့်တာပါ”

ကျွန်မစကားကြောင့် ဆရာမဒေါ်သန္တာ၏မျက်နှာက တစ်မျိုးဖြစ်သွား၏။ ပြီးနောက်

“ဖိုးသား. . . ဟုတ်လား”

ဟုတ်ပါတယ်ဆရာမ၊ ကျောင်းနာမည်က ‘သက်ဝေထွန်း’ ပါ။ သူ ကျောင်းဆင်းသွားတာများ ဆရာမတွေ့လိုက်မိလားဟင်”

ဆရာမဒေါ်သန္တာက ရေးလက်စဘောလ်ပင်ကို အသာချပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မျက်မှောင်ကုတ်ကာကြည့်ရင်း

"ဖိုးသားခေါ် သက်ဝေထွန်းဟုတ်လား၊ အင်း. . . သမီး အခန်းမှားလာပြီထင်တယ်"

"ရှင်. . . ဆရာမက ဒေါ်သန္တာ ဟုတ်ပါတယ်နော်"

"ဟုတ်တယ်လေ သမီးရဲ့"

"ဒါဆိုရင် မှားစရာမရှိပါဘူး၊ ဖိုးသားက အိမ်မှာ တစ်ချိန်လုံး ဆရာမအကြောင်းကိုပဲပြောနေတဲ့ဥစ္စာ"

ပျာပျာသလဲပြောလိုက်သော ကျွန်မ၏စကားကြောင့် ဒေါ်သန္တာက ကျွန်မကို တည်ငြိမ်စွာစိုက်ကြည့်ရင်း ဦးခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်သည်။ ထို့နောက်

"တစ်ခုခုတော့မှားနေပြီ သမီး၊ ဆရာမအတန်းထဲမှာ ဖိုးသားဆိုတဲ့နာမည်နဲ့ရော သက်ဝေထွန်းဆိုတဲ့နာမည်နဲ့ရော ကျောင်းသားတစ်ယောက်မှ မရှိပါဘူးကွယ်"

## အခန်း (၁၅)

အံ့သြလွန်းသောကြောင့် ကျွန်မ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကျွန်မက မျက်လုံးအပြူးသားဖြင့်ကြည့်လိုက်ရင်း

"ဆရာမ. . . ဆရာမ ဖိုးသားကိုတကယ်မသိဘူးလား၊ မျက်မှန်နဲ့လေ"

တုန်လှုပ်စွာဖြင့်ပြောလိုက်သောကျွန်မလေသံက အော်ငေါက်သည့်လေသံပေါက်သွားသောကြောင့် ဆရာမဒေါ်သန္တာ၏မျက်နှာက အနည်းငယ်တင်းမာသွား၏။ သူမက

"ငါ့အတန်းမှာ အဲဒီနာမည်နဲ့ကျောင်းသားမရှိပါဘူးလို့ မင်းကိုဒီ ဘယ်နှခါပြောရမလဲ၊ ဪ. . . နေဦး ဒီကျောင်းမှာ ဆရာမဒေါ်သန်းတင်ဆိုတာ တစ်ယောက်တော့ရှိတယ်၊ မင်း. . . သူနဲ့ငါ့ကို နာမည်ချင်းမှားနေတာဖြစ်မယ်"

"မမှားဘူး၊ ကျွန်မ သေသေချာချာသိတယ်၊ အိမ်မှာ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးက တစ်ချိန်လုံးပြောနေတဲ့နာမည်ကို မသိဘဲရှိပါ့မလား''

ဆရာမဒေါ်သန္တာ စိတ်တိုသွားဟန်တူသည်။ သူ့ရှေ့မှ ကျောင်းခေါ်ချိန်စာရင်းစာအုပ်ကို ဆတ်ကနဲလှန်ပြပြီး

''ကဲ. . . မငြင်းမယုံရင်လည်း ဒီမှာကြည့်၊ ဟောဒါ ငါ့အတန်းထဲမှာရှိတဲ့ ကျောင်းသားနာမည်စာရင်းပဲ''

ကျွန်မ နာမည်စာရင်းစာအုပ်ကိုကြည့်ပြီး ယောင်နနဖြစ်နေသည်၊ ဆရာမဒေါ်သန္တာဘက်ကလည်း သေချာလွန်းနေ၏။ ကျွန်မခေါင်းတွေထူပူလာသည်။ ဘာလုပ်ရမည်ကို မဝေခွဲတတ်တော့။

ဆရာမဒေါ်သန္တာက

''ကဲ. . . ကဲ. . . အချိန်ဖြုန်းမနေနဲ့တော့၊ ဆရာမတွေအားလုံးပြန်မသွားကြခင် ရုံးခန်းကလက်မှတ်ထိုးတဲ့နေရာမှာ ဆရာမဒေါ်သန်းတင်ကိုမီအောင် မြန်မြန်သွားရှာချေ။ အခုလို တနင်္လာနေ့မျိုးမှာဆို ဒေါ်သန်းတင်က အိမ်ကို စောစောပြန်သွားတတ်တယ်''

''ဟုတ်. . . ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်''

ကျေးဇူးတင်စကားကိုပင် အနိုင်နိုင်ပြောကာ ဆရာ ဆရာမများ နားနေခန်းရှိရာဆီသို့ ကျွန်မ အမြန်ဆုံးသုတ်ခြေတင်လာခဲ့မိတော့၏။

ရုံးခန်းထဲတွင် လူအတော်ရှင်းနေပြီဖြစ်သည်။ ကျွန်မက

''ဆရာမဒေါ်သန်းတင်နဲ့ တွေ့ချင်လို့ပါရှင်''

''မရှိတော့ဘူးရှင်၊ စောစောကလေးကပဲ အိမ်ပြန်သွားပြီ''

ခပ်ငယ်ငယ်ဆရာမတစ်ယောက်ကဖြေရင်း ဆွဲခြင်းကိုမွေ့ကာ ထွက်သွားလေတော့သည်။

ကျောင်းဝင်းတစ်ခုလုံးမှာလည်း လူခြေတိတ်စပြုပြီ၊ စာသင်ခန်းမှန်ပြတင်းပေါက်တွေကိုကြည့်ရင်း

''ဖိုးသားဘယ်မှာလဲ''

ဟု ကျွန်မစိတ်ထဲမှ ရေရွတ်ညည်းတွားမိသည်။



ကျွန်မကိုမစောင့်တော့ဘဲ သူ အိမ်ပြန်သွားတာများလား။

ဖြစ်နိုင်သည်။ သူ အခုလို မေ့တတ်နေပုံမျိုးနဲ့ဆိုရင် ကျွန်မလာကြိုဖို့ချိန်းထားသည်ကိုမေ့ပြီး သူ့ဘာသာသူ အိမ်သို့ တစ်ယောက်တည်းပြန်သွားခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုသို့တွေးမိပြီး ကျွန်မရင်ထဲတွင် မျှော်လင့်ချက်လေးတစ်ခုနွေးထွေးရှင်သန်လာ၏။

ကျွန်မခြေလှမ်းတွေကို အရှိန်မြှင့်လိုက်သည်။ ကျောင်းဝင်းထဲမှထွက်ပြီးသည်နှင့် အိမ်ဆီသို့ဦးတည်ကာ တစ်ဟုန်ထိုးပြေးတော့သည်။

ဖိုးသား အိမ်မှာရောက်နေပါစေ။

သူ ဘေးမသီရန်မခပါစေနဲ့။

အိမ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် တံခါးမကြီးကို ဂုန်းခနဲကိုယ်လုံးဖြင့်တိုက်ပြီး ပြေးဝင်လာခဲ့သည်။ အသက်ပင်မရှူအားဘဲအော်ခေါ်လိုက်၏။

''ဖိုးသားရေ. . . ဖိုးသား အိမ်ကိုပြန်ရောက်နေပြီလား''

ပြန်ဖြေသံမကြားရ။ မီးဖိုချောင်ထဲသို့ပြေးဝင်ပြီး ရှာကြည့်မိပြန်သည်။

ဟော. . . ပြီးတော့ ထမင်းစားခန်းထဲမှာရော. . .။

''ဖိုးသားရေ. . . ဖိုးသား''

ကျွန်မရပ်တန့်ပြီး နားစွင့်နေလိုက်၏။

တိတ်ဆိတ်နေသည်။ ထိုစဉ် ကျွန်မတစ်ကိုယ်လုံးမှာရှိသမျှအမွေးအသည်းတွေ ပြောင်းပြန်လန်သွားမတတ် ကြောက်စရာကောင်းသော အသံတစ်ခုကို ကြားလိုက်ရလေတော့သည်။

ညည်းတွားသံ. . .။

သားရဲတိရစ္ဆာန်တစ်ကောင်၏ နာနာကျင်ကျင် ညည်းတွားလိုက်သောအသံ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကြားရာဆီသို့ ကျွန်မမော့ကြည့်လိုက်သည်။ အပေါ်ထပ်ဆီမှလာခြင်းဖြစ်၏။

ကျွန်မက လှေကားအတိုင်း တဒုန်းဒုန်းမြည်အောင် ပြေးတက်သွားလိုက်သည်။ အပေါ်ထပ်သို့ရောက်သည်နှင့် ဖိုးသား၏အခန်းဆီသို့ ဦးတည်ပြေးလွှားသွားလိုက်ရင်း တံခါးကိုတွန်းဖွင့်လိုက်၏။

"ဖိုးသား ငါလာနေပြီ၊ ဖိုးသား. . . ဟင်. . ."

မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်မ ခေါင်းနားပန်းကြီးကာ ကြက်သေသေလျက် ရပ်သွားမိတော့၏။

အခန်းလယ်တွင် ဖိုးသားကရပ်နေသည်။ သူ့ကျောင်းဝတ်စုံကိုဝတ်ထားဆဲ။ သို့သော် သူ့မျက်လုံးတွေက ပိတ်လျက်သား. . .။

"ဖိုးသား. . ."

ဖိုးသားက ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်ထားသည်။ ပြီးတော့ ဒဏ်ရာရနေသော သားရဲတိရစ္ဆာန်တစ်ကောင်လို အသံကို ဆွဲဆွဲငင်ငင်ညည်းညူနေသည်။ ခြေလှမ်းတစ်ချက်လှမ်းလိုက်တိုင်း သူ့ဦးခေါင်းကလှုပ်ခါသွား၏။

ဘာဖြစ်လို့ သူ့မျက်လုံးတွေကို မှိတ်ထားရတာလဲ။

ဘာဖြစ်လို့ ဒီလိုကြောက်စရာအသံကြီးနဲ့ အော်နေရတာလဲ။

သူ. . . သူ. . . ဘာလုပ်နေတာလဲ၊

"ဖိုးသား. . . ရပ်လိုက်စမ်း၊ နင် ဘာလုပ်နေတာလဲ"

သူက ထပ်ပြီးညည်းတွားလိုက်ပြန်သည်။ မျက်လုံးတွေက ပွင့်မလာသေး။

သူ့အမူအရာကြောင့် ကြောက်ရွံ့စိတ်က ကျွန်မလည်ချောင်းဝမှာ တစ်ဆို့နေသည်။

"ဖိုးသား. . . တော်တော့လို့ ငါပြောနေတယ်နော်၊ နင် ဘာဖြစ်နေတာလဲ"

ကျွန်မ အသံကုန်အော်ဟစ်လိုက်သည်။ ဖိုးသားက ကျွန်မဘက်သို့လှည့်လာ၏။ သူ့မျက်လုံးတွေ ဖြည်းဖြည်းချင်းပွင့်လာပြီး စိတ်ရှုပ်ထွေးနေသည့်ဟန်ဖြင့် ကျွန်မကို အကြာကြီးစိုက်ကြည့်သည်။

နောက် . . .

တိရစ္ဆာန်တစ်ကောင်၏ မာန်ဖီသံမျိုးဖြင့် သူက

"နင်. . . ဘယ်သူလဲ၊ ငါ့အိမ်ထဲကို ဘာလို့ဝင်လာတာလဲ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကျွန်မ လန့်ပြီးမအော်မိစေရန် ပါးစပ်ကိုလက်ဝါးဖြင့် ကမန်းကတန်းပိတ်ထားလိုက်ရသည်။

''ဖိုးသား. . . နင် ငါ့ကို မမှတ်မိဘူးလား''

ကျွန်မကိုစိုက်ကြည့်နေသော သူ့မျက်လုံးတွေက ကျဉ်းမြောင်းသွားကြပြီး အော်ဟစ်လိုက်သည်။

''ထွက်သွားစမ်း. . . ငါ့အိမ်ထဲက ထွက်သွားစမ်း''

''ဖိုးသား. . . ငါ နင့်အစ်မလေ''

ဘုရား. . . ဘုရား. . . ကျွန်မ  တစ်ခုခုတော့လုပ်မှရတော့မည်။ ကျွန်မက တုန်တုန်ယင်ယင်ဖြင့် သူ့ကို

''ဖိုးသား. . . ဒီအခန်းထဲမှာပဲ နေနေနော်၊ မမ ခုချက်ချင်းပြန်လာမယ်''

မျက်မှန်ကို ဖြုတ်သန်းပြီးကြည့်နေသော သူ့မျက်လုံးတွေက



ဗလာဖြစ်နေသည်။ သူ ကျွန်မကို လုံးဝမမှတ်မိတော့တာ သေချာပါသည်။

ကျွန်မ ချာခနဲလှည့်ထွက်ပြီး တယ်လီဖုန်းရှိရာဆီသို့ ပြေးခဲ့မိ၏။

ကမန်းကတန်းဖြင့် ဒေါက်တာကြည်စိုး၏ဆေးခန်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ တစ်ဖက်မှ ဖုန်းကိုလာမကိုင်မချင်း ကျွန်မ ဝနာမငြိမ်နိုင်အောင် ဖြစ်နေရ၏။ ဖုန်းသံရှည် ခြောက်ကြိမ်ခုနစ်ကြိမ်ခန့်မြည်ပြီးသောအခါတွင်မှ အမျိုးသမီးတစ်ယောက်၏အသံက

''ဟဲလို. . . အမိန့်ရှိပါရှင်''

''ကျွန်မ. . . ကျွန်မ ဒေါက်တာကြည်စိုးနဲ့ပြောချင်လို့ပါရှင်၊ အရေးကြီးလို့ပါ''

''ဝမ်းနည်းပါတယ်ရှင်၊ ဆရာမရှိပါဘူး၊ သင်တန်းတက်ဖို့ ရန်ကုန်ကိုသွားပါတယ်၊ (၂)ပတ်လောက်တော့ကြာမယ်ထင်တယ်၊ သူ့ဆီကဖုန်းလာရင် ဘာပြောပေးရမလဲရှင်''

''နေ. . . နေပါစေ၊ ကျေးဇူးတင်ပါတယ်''

ကျွန်မက စိတ်ပျက်အားလျော့စွာဖြင့်ပြောပြီး ဖုန်းကိုပြန်ချလိုက်သည်။

မဟုတ်သေးဘူး. . . မဟုတ်သေးဘူး။ ငါ တခြား ဘယ်သူ့ကို အကူအညီတောင်းရမှာလဲ။

ရုတ်ချည်းဆိုသလိုပင် ကျွန်မအတွေးက အဒေါ်ဖြစ်သူ အန်တီသင်းသင်း၏အမည်ကို ဖျတ်ကနဲသတိရလိုက်သည်။ အန်တီသင်းသင်းက ဘယ်ကိစ္စမဆို ခေါင်းအေးအေးထားပြီး လက်တွေ့ကျကျလုပ်တတ်သော မိန်းမတစ်ယောက်ဖြစ်၏။ ဖိုးသားအတွက် အန်တီသင်းသင်းက တစ်ခုခုတော့လုပ်ပေးနိုင်မှာသေချာသည်။

ကျွန်မက အန်တီသင်းသင်း၏ဖုန်းနံပါတ်ကိုနှိပ်ပြီး တယ်လီဖုန်းကို နားရွက်နားတွင်ကပ်ထားလိုက်သည်။ ဖုန်းခေါ်နေသည့်မြည်သံ

www.burmeseclassic.com

www.burmeseclassic.com



ရှည်ကိုသာ ထပ်တလဲလဲကြားနေရ၏။ လာကိုင်မည့်သူမရှိ။

တစ်ယောက်ယောက် အမြန်ဆုံး ဖုန်းလာကိုင်လိုက်စမ်းပါဟု ကျွန်မစိတ်ထဲမှ မချင့်မရဲပြောမိသည်။ သို့သော် မည်သူမျှလာမကိုင်ပါ။ ဖုန်းပျက်နေသည်လား။ သူတို့အိမ်မှာ တစ်ယောက်မှမရှိသည်ပဲလားမပြောတတ်။

(၁၀)ကြိမ်ခန့် ကြိုးစားကြည့်ပြီးသောအခါ ကျွန်မ လက်လျှော့လိုက်ရတော့သည်။ ထိုစဉ်မှာပင်

"ဒုန်း. . . ဒုန်း. . . ဒုန်း"

အိမ်ရှေ့ဆီမှ ကျယ်လောင်သောတံခါးခေါက်သံကြောင့် ကျွန်မလန့်ပြီး ထခုန်မိမတတ်ဖြစ်သွား၏။

"ဘယ်သူလဲ. . . ပုံ့ပုံ့လား"

တံခါးခေါက်သံက ထပ်မံထွက်ပေါ်လာပြန်သည်။ ဒီတစ်ခါပို၍ ကျယ်လောင်လာ၏။

လေကားအတိုင်း ကျွန်မ ကမန်းကတန်း ပြေးဆင်းလာခဲ့သည်။

ပုံ့ပုံ့ဆိုရင်တော့ တစ်ခုခု အကူအညီပေးနိုင်ကောင်းပါရဲ့. . .။

ကျွန်မ အားကိုးတကြီးတွေးရင်း တံခါးကိုဆွဲဖွင့်လိုက်သည်။

"ဟင်. . ."

ပုံ့ပုံ့မဟုတ်ပါ။ အနက်ရောင်ဝတ်စုံနှင့်လူသာ ဖြစ်လေသည်။

■

# အခန်း (၁၇)

ထိုသူက ပိုးကောင်လေးတစ်ကောင်ကို နှုတ်သီးဖြင့်ပေါက်သတ်တော့မည့် ငှက်တစ်ကောင်၏မျက်လုံးမျိုးဖြင့် ကျွန်မကို စိုက်ကြည့်နေသည်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကလည်း ထိုးထိုးထောင်ထောင်ဖြင့် . . .။

ထိုသူ၏အကြည့်က အေးစက်လွန်းသောကြောင့် ကျွန်မကျောရိုးထဲထိစိမ့်ကာ ကြောက်သွား၏။ ထိုသူက

"မင်းမိဘတွေရှိသလား"

"ဟင့်အင်း မရှိဘူး"

ထိုစကားကို ပြောပြီးပြီးချင်း ကျွန်မ နောင်တရသွားသည်။

အို . . . ငါနှယ် မိုက်လိုက်တာ။ လူစိမ်းတစ်ယောက်ကို အိမ်မှာ လူကြီးမိဘတွေမရှိကြောင်း ဘာလို့ပြောပြလိုက်မိပါလိမ့်။

ထိုအမှားကို ကျွန်မ ချက်ချင်းအဖတ်ဆယ်ဖို့ ကြိုးစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မက အထစ်ထစ်အငေါ့ငေါ့ဖြင့်

"ဟို. . . ဟိုဒင်း ခဏနေရင် ဖေဖေနဲ့မေမေ ပြန်လာကြလိမ့်မယ်၊ ဆောရီးပဲနော်၊ ကျွန်မလည်း အပြင်သွားစရာရှိသေးလို့"

ကျွန်မက ပြောပြောဆိုဆိုဖြင့် တံခါးကိုပိတ်ရန် လက်လှမ်းလိုက်၏။ သို့သော် ထိုသူက တံခါးကို လက်ဖြင့် ရုတ်တရက်တွန်းဖယ်လိုက်ပြီး အိမ်ထဲသို့ဝင်လာသည်။

ဒုက္ခပါပဲ. . .။ သူ ဘာများလုပ်မလို့ပါလိမ့်။

ထိုသူက ကျွန်မကို အေးစက်စက်ကြည့်ရင်း

"ဒီနေ့မနက် ငါလိုက်ခေါ်တော့ မင်း အတင်းထွက်ပြေးသွားတယ်နော်"

"ဟိုဒင်း. . . ကျွန်မ. . . ကျွန်မ. . . မသိလို့ပါ၊ ရှင် ဘယ်သူလဲဟင်"

"ငါ့ကြောင့် မင်းကြောက်သွားတယ်ဆိုရင်တော့ တောင်းပန်ပါတယ်၊ ငါက လွန်ခဲ့တဲ့(၁၀)နှစ်လောက်တုန်းက ဟောဒီလမ်းထဲမှာ နေသွားခဲ့ဖူးတဲ့ စာရေးဆရာတစ်ယောက်ပါ. . ."

"ဟင်. . . စာရေးဆရာဟုတ်လား"

သူ အမှန်ကိုပြောနေသည်လား၊ လိမ်ပြောနေသည်လား ကျွန်မ မခွဲခြားတတ်။ စာရေးဆရာတစ်ယောက်ဟာ ကျွန်မနောက်ကို အမိဖမ်းဖို့ ဘာလို့လိုက်ရသလဲ။ ကျွန်မတို့အိမ်ကို ဘာဖြစ်လို့ နှိုးကြောင်နိုးဂုက် ချောင်းကြည့်နေရတာလဲ။

ကျွန်မအတွေးကို သူရိပ်မိသွားဟန်တူသည်။ ထိုသူက ကျာကင်အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်ပြီး သားရေပိုက်ဆံအိတ်ထဲတွင်ထည့်ထားသည့် ကတ်ပြားတစ်ပြားကိုပြသည်။

"မင်းမယုံဘူးလား. . . ဟောဒီမှာ ငါ့ရဲ့ စာပေလုပ်သားအဖွဲ့ဝင်ကတ်၊ လွန်ခဲ့တဲ့(၁၀)နှစ်လောက်တုန်းက စာအုပ်တစ်အုပ်ကို အေးအေးဆေးဆေး အချိန်ယူပြီးရေးချင်လို့ ဒီလမ်းထဲကအိမ်တစ်အိမ်ကိုငှားပြီး (၆)လလောက်နေသွားခဲ့ဖူးတယ်၊ အဲဒီတုန်းက ဟောဒီအိမ်ကြီးမှာ ထူးထူးခြားခြားအဖြစ်အပျက်တစ်ခု ဖြစ်ပျက်သွားခဲ့တာကိုလည်း ငါမှတ်မိနေသေးတယ်"



"ရှင်. . . ဘယ်လိုအဖြစ်အပျက်မျိုးလဲ"

ထိုသူက ကျွန်မတို့အိမ်အိုကြီး၏ ဧည့်ခန်းဆီသို့ မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ရင်း

"အဲဒီတုန်းက ဒီအိမ်ကြီးမှာနေသွားတဲ့ အမျိုးသမီးကြီးရဲ့ နာမည်က 'ဒေါ်နန်းခမ်းနွဲ့'တဲ့၊ အသက်(၃၅)နှစ်လောက်ရှိတဲ့ အပျိုကြီးတစ်ယောက်ပါ။ သူ့ဘဝမှာ တစ်ခါမှအိမ်ထောင်မပြုခဲ့ဖူးတာလည်း သေချာတယ်။

အဲ. . . တစ်နေ့တော့ ဟောဒီလမ်းထဲကို လူစိမ်းတစ်ယောက်ရောက်လာတယ်၊ ပြီးတော့ အဲဒီလူစိမ်းက ဟော့ဒီအိမ်ကို ဒေါ်နန်းခမ်းနွဲ့ရဲ့အိမ်မှန်း သိနေတယ်လေ၊ ပိုပြီးထူးဆန်းတာတစ်ခုရှိသေးတယ်၊ အဲဒီလူက သူဟာ ဒေါ်နန်းခမ်းနွဲ့နဲ့ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က လက်ထပ်ခဲ့တဲ့ခင်ပွန်းပါလို့ အခိုင်အမာပြောတော့တာပဲ"

"ရှင်. . ."

ကျွန်မစိတ်ထဲ အံ့ဩသွားမိသည်။ ဒီလူ ဘာအကြောင်းတွေကို ပြောနေတာပါလိမ့်ဟုလည်းတစ်ချိန်တည်းမှာ တွေးနေမိ၏။

ထိုစာရေးဆရာဆိုသူကတော့

"ဒေါ်နန်းခမ်းနွဲ့က အရမ်းရှက်သွားပြီး ရဲစခန်းကိုဖုန်းဆက်တိုင်လိုက်တော့ ချက်ချင်းပဲ ရဲတွေရောက်လာကြတယ်၊ ဒေါ်နန်းခမ်းနွဲ့ဟာ ဘယ်တုန်းကမှ အိမ်ထောင်မပြုခဲ့ဖူးမှန်း အားလုံးကသိနေကြတာပဲလေ၊ ဒါကြောင့် ဒီလူဟာ သက်သက်နာမည်ဖျက်ဖို့ ဒါမှမဟုတ် လူလိမ်ညာဖို့လာတယ်လို့ ယူဆကြတယ်။

ဒါပေမဲ့ ဒေါ်နန်းခမ်းနွဲ့ကိုယ်တိုင် တအံ့တဩ ခံစားရတဲ့ အချက်တစ်ခုက အဲဒီလူက သူ့အကြောင်း နိုက်နိုက်ချွတ်ချွတ် အကုန်

www.burmeseclassic.com



သိနေတယ်ဆိုတာပဲ၊ ဒေါ်နန်းခမ်းနွဲ့တစ်သက်လုံး ဘယ်သူ့ကိုမှ မပြောခဲ့ဖူးတဲ့အကြောင်းအရာတွေကိုပါ အဲဒီလူက ခရေစေ့တွင်းကျ ပြန်ပြောပြနိုင်တယ်လေ''

''အဲဒီ. . ! အဲဒီလူ ဘာဖြစ်သွားလဲဟင်''

''သူ့ကို စိတ်ကျန်းမာရေးဆေးရုံပို့လိုက်ကြတယ်၊ ဒါပေမဲ့ အဲဒီလူက သူမရူးဘူးဆိုတာကို သက်သေပြတဲ့အနေနဲ့ ဒေါ်နန်းခမ်းနွဲ့ကို ဓါတ်ပုံတစ်ပုံထုတ်ပေးသွားတာ ငါကိုယ်တိုင်ကြည့်လိုက်ရတယ်''

''ဘာဓါတ်ပုံလဲဟင်''

''အဲဒါ သူနဲ့ဒေါ်နန်းခမ်းနွဲ့တို့ အသက်(၂၀)ကျော်အရွယ်လောက်တုန်းက ဟောဒီအိမ်ကြီးရဲ့ ရှေ့မြေကွက်လပ်မှာ မင်္ဂလာဧည့်ခံပွဲလုပ်နေတုန်း အတူစုံတွဲရိုက်ထားတဲ့ပုံပါပဲ။ အဲဒီပုံထဲမှာ ဟောဒီဘေးက အိမ်နီးနားချင်းတွေရဲ့မျက်နှာတွေလည်း ထင်ထင်ရှားရှား ပါနေတယ်လေ''

''ရှင်. . . အဲဒါ. . . အဲဒါ ဘယ်လိုဖြစ်တာလဲဟင်''

အံ့သြလွန်းသဖြင့် ကျွန်မ ကြောက်စိတ်ဝင်လာမိသည်။ ထိုသူ၏မျက်လုံးများက မှုန်မှိုင်းသွားကြပြီး

''ငါလည်း အဲဒီအဖြေကိုသိချင်လို့ မရမကစုံစမ်းခဲ့ရတယ် ပြည့်ပြည့်စုံစုံတော့မသိခဲ့ရပါဘူး၊ တစ်စွန်းတစ်စပဲ သိရသလောက်ကတော့ ဟောဒီ အိမ်ကြီးရဲ့အမည်ကို လူတွေက 'အမေ့ခံအိမ်ကြီး' လို့ခေါ်ကြတယ်၊ ဒီအိမ်ကြီးမှာ ဘယ်သူမှမနေတာ ကြာလှပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီအိမ်ကြီးမှာ နေသမျှလူတွေအားလုံးဟာ သူတို့ကိုယ်သူတို့လည်း မေ့လျော့သွားကြတယ်။ ပြီးတော့ ပတ်ဝန်းကျင်ကလည်း သူတို့ရှိနေမှန်းတောင်မသိတော့ဘဲ မေ့သွားတတ်ကြတယ်၊ ဒီလို သူတို့ဟာ တဖြည်းဖြည်း ပျောက်ဆုံးသွားကြတော့တာပဲ''

''ရှင်. . . ရှင် ကျွန်မကို ခြောက်နေတာလား''

''မဟုတ်ဘူး၊ ငါပြောတာကိုယုံပါ။ မင်းမယုံရင် ဟောဒီယာ



ထဲကလူတွေကို လိုက်မေးကြည့်၊ ဒီအိမ်မှာနေသွားတဲ့ ဒေါ်နန်းခမ်းနွဲ့ဆိုတာကို ဘယ်သူမှမသိကြတော့ဘူး၊ တခြားကိုပဲပြောင်းသွားတာလား၊ ဒီအိမ်မှာနေရင်းကပဲ ပျောက်ဆုံးသွားတာလားဆိုတာ ဘယ်သူမှမသိကြဘူးလေ။

ဒေါ်နန်းခမ်းနွဲ့မှာ ခင်ပွန်းဖြစ်ဖြစ် သားသမီးတွေဖြစ်ဖြစ် တကယ်ရှိရင်လည်းရှိခဲ့မှာပေါ့။ ဒါပေမဲ့ သူတို့တွေ တကယ်ရှိခဲ့သလားဆိုတာကို ဒီအိမ်မှာနေတဲ့လူကိုယ်တိုင်ရော တခြားလူတွေကပါ မမှတ်မိတော့တာ သိပ်ထူးဆန်းတယ်''

သူ့စကားကိုနားထောင်ရင်း ဖိုးသား၏မျက်နှာကို ကျွန်မ ရုတ်ကနဲမြင်ယောင်လာသည်။ ဖိုးသားလည်း အဲဒီလိုပဲ နည်းနည်းချင်းစီ တဖြည်းဖြည်းမေ့လျော့သွားပြီလား။

ထိုသူက ကျွန်မကိုအကဲခတ်ရင်း

''အဲဒါကြောင့် ငါ ခရီးကြုံလို့ ဒီမြို့ကိုခဏတဖြုတ်ဝင်တည်းချင်း ဒီအိမ်ကြီးကိုသတိရလို့ လာကြည့်လိုက်တော့ မင်းတို့မိသားစု အသစ်ပြောင်းလာတယ်ဆိုတာတွေ့ရပြီး အရမ်းအံ့သြသွားတယ်၊ စိုးရိမ်စိုးရိမ်သွားတယ်၊ မင်းတို့မိသားစုထဲမှာ ထူးထူးခြားခြားဖြစ်နေတာတွေများ ရှိသလား''

သူပြောပုံက တစ်ခုခုကိုသိနေနှင့်ပြီး စကားနှိုက်ထုတ်နေသလိုမျိုးဖြစ်နေ၏။ ကျွန်မက ဖိုးသား၏မျက်နှာကို မြင်ယောင်နေရာမှ အထိတ်တလန့်ဖြင့်

''မရှိဘူး. . . မရှိဘူး၊ ဘာထူးခြားတာမှ မဖြစ်ဘူး။ ရှင် အဓိပ္ပါယ်မရှိတာတွေ လာပြောမနေနဲ့''

ကျွန်မက စူးစူးဝါးဝါးအော်ဟစ်လိုက်သည်။ ထိုသူက

''အိုကေ. . . အိုကေ ငါ့ကို မင်းကြောက်နေပုံရတယ်။ ထားလိုက်ပါတော့လေ၊ နောက်မှ ငါပြန်လာခဲ့မယ်။ မင်းမိဘတွေ အိမ်မှာရှိတဲ့အချိန်လောက်မှ တစ်ခေါက်ထပ်လာခဲ့ဦးမယ် ဟုတ်ပြီလား''

www.burmeseclassic.com



ထိုစဉ် အပေါ်ထပ်ဆီမှ အသံတစ်ခုကို ကြားလိုက်ရသည်။

ကျွန်မက ချာကနဲလှည့်ကြည့်ပြီး . . .

''ဖိုးသား. . . ဘာဖြစ်တာလဲ''

ပြန်ဖြေသံမကြားရ။ တိတ်ဆိတ်ခြောက်ကပ်နေသည်။

ဒီဘက်သို့ ကျွန်မ မျက်နှာကိုပြန်လှည့်လိုက်သည်။

အနက်ရောင်ဝတ်စုံနှင့်လူကား မရှိတော့။ ပျောက်ကွယ်သွားလေပြီ။

ကျွန်မခေါင်းထဲမှာ မေးခွန်းတွေနှင့် ချာချာလည်ရှုပ်ထွေးရင်းကျန်ရစ်ခဲ့သည်။ သူပြောသွားတာတွေဟာ အမှန်ပဲလား။ ဒီအိမ်ကြီးမှာနေတဲ့လူတွေဟာ အလိုလိုနေရင်း တဖြည်းဖြည်းမေ့လျော့သွားကြတာပဲလား။

ဒါဆိုရင်. . . ဒါဆိုရင်. . . ။

ဖိုးသား အခုဖြစ်ပျက်နေတာတွေဟာ ကျွန်မ သူ့ကို အိမ်မွေ့ချခဲ့တာကြောင့်မဟုတ်ဘူးပေါ့။ ကျွန်မ ဘာတစ်ခုမှ အမှားမလုပ်ခဲ့ပါ။ ဟောဒီအိမ်ကြီးကိုယ်တိုင်ကိုက မိစ္ဆာစံအိမ်ကြီးဖြစ်ပါသည်။

အမေ့ခံအိမ်ကြီး. . . တဲ့လား။

မနေ့ညတုန်းက ကျွန်မလက်ကို ဖိုးသားကိုင်ကာ ကြေကွဲဖွယ်ရာပြောခဲ့သော စကားတစ်ခွန်းကို ကျွန်မ ပြန်အမှတ်ရမိသည်။

''မမစုလတ် သားကို မေ့မသွားနဲ့နော်၊ သားကို ဘယ်တော့မှ မေ့မသွားပါနဲ့''

ကျွန်မ အော်ငိုချင်လာ၏။ နောက်ပြီး စောစောက အနက်ရောင်ဝတ်စုံနှင့်လူ ပြောသွားသည့်စကားကိုလည်း ပြန်အမှတ်ရမိသည်။

'ဟောဒီအိမ်ကြီးမှာ နေသမျှလူတွေအားလုံးဟာ သူတို့ကိုယ်သူတို့လည်း မေ့လျော့သွားကြတယ်၊ ပြီးတော့ ပတ်ဝန်းကျင်ကလည်း သူတို့ရှိနေမှန်းတောင်မသိတော့ဘဲ မေ့သွားတတ်ကြတယ်။ ဒီလိုနဲ့ သူတို့ဟာ တဖြည်းဖြည်း ပျောက်ဆုံးသွားကြတော့တာပဲ'



ကျွန်မ ကြောက်ရွံ့စိတ်ဖြင့် ခေါင်းကိုခါယမ်းလိုက်သည်။

''မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး''

သို့သော် ကျွန်မ၏အတွင်းစိတ် တစ်ဝက်တစ်ပျက်က ယုံကြည်ချင်နေသည်ဆိုခြင်းကို တဆတ်ဆတ်တုန်ယင်ကြောက်လန့်နေသော ကျွန်မ၏ခန္ဓာကိုယ်တစ်ခုလုံးက သက်သေခံနေသည်။

ဖိုးသားရှိရာအခန်းဆီသို့ ပြန်သွားရန် ကျွန်မ နောက်သို့လှည့်လိုက်၏။

''ဟင်''

ကျွန်မ အံ့အားသင့်သွားသည်။ ဖိုးသားက ကျွန်မနောက်မှာ ရောက်နှင့်နေလေပြီ။

''နင်. . . ထွက်သွားစမ်း''

သူ့အော်သံက တိရစ္ဆာန်တစ်ကောင်လို ကြောက်မက်ဖွယ်ကောင်းနေသည်။ သူ့မျက်လုံးတွေကလည်း ရိုင်းစိုင်းရန်လိုနေကြ၏။ သူ့တစ်ကိုယ်လုံးမှကြွက်သားတွေက တစ်စုံတစ်ရာကို ခုန်အုပ်ဖို့အသင့်ပြင်ထားသည့် ကြောင်ရိုင်းတစ်ကောင်လိုမျိုး။

သူက အသံနက်ကြီးဖြင့်

''ထွက်သွား. . . နင် ဒီအိမ်ထဲကထွက်သွားစမ်း''

ကျွန်မ ဘာမှပြန်မပြောနိုင်ခင်မှာပင် သူက မယုံကြည်နိုင်သောခွန်းအားဖြင့် ကျွန်မကို ဆောင့်တွန်းလိုက်ရာ

''အား. . .''

ကျွန်မ ပက်လက်လန်ကာလဲကျသွား၏။ ချက်ချင်းပင် သူ့လက်အစုံက ကျွန်မလည်ပင်းကို တင်းတင်းဆုပ်ကိုင်ပြီး ဖျစ်ညှစ်လာတော့သည်။

''အား. . . ဖိုးသား. . . မလုပ်နဲ့. . . မလုပ်နဲ့''

သူ့လက်တွေက တင်းကြပ်သထက်တင်းကြပ်လာသည်။ ကျွန်မ အသက်ရှူမဝတော့။

www.burmeseclassic.com

www.burmeseclassic.com



"အား. . . အား. . . အီး"

ငါ. . . ငါ. . . သေရတော့မယ်။

■



## အခန်း (၁၈)

ကျွန်မ မျက်လုံးတွေပြာလာသည်။ နားတွေအူနေ၏။ ဖိုးသား၏ တိရစ္ဆာန်တစ်ကောင်လို အော်ဟစ်သံက နားထဲတွင် ကြားတစ်ချက် မကြားတစ်ချက်. . .။

အသက်ရှူဖို့ကြိုးစားသော်လည်း မရတော့။ ကျွန်မက နောက်ဆုံးအသိကိုစုစည်းရင်း ဖိုးသား၏ရင်ဘတ်ကို ဆောင့်တွန်းကာ သူ့ဂျာကင်အင်္ကျီစကို မိမိရရဆုပ်ကိုင်လျက် နံဘေးသို့ တအားပစ်လွှဲလိုက်သည်။

တံခါးဘောင်နှင့်တိုက်မိသွားသည် ထင်၏။ နာကျင်သောညည်းညူသံနှင့်အတူ သူ့လက်တွေ ကျွန်မလည်ပင်းပေါ်မှ လျော့ကျသွားသည်။

လေးကားအတိုင်း ကျွန်မတစ်ကိုယ်လုံး လှိမ့်ဆင်းလိုက်ပြီး နာကျင်နေသည်ကို ဂရုမစိုက်နိုင်အား။ သန့်ရှင်းလတ်ဆတ်သော

www.burmeseclassic.com

www.burmeseclassic.com



လေငွေ့ကို အငမ်းမရရှူသွင်းမိသည်။ ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာပင် ခြေထောက်တွေက အိမ်နှင့်ဝေးရာဆီသို့ တရကြမ်းသုတ်ခြေတင်၍ ပြေးနေလေတော့သည်။

ဖိုးသား. . . ဖိုးသား. . . ဖိုးသား. . .။

ဒီနာမည်က ကျွန်မခေါင်းထဲတွင် အထပ်ထပ်မြည်ဟီးနေသည်။ သို့သော် အရင်လို ချစ်စရာကောင်းသောအမည်တစ်ခု မဟုတ်တော့။ အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်ခု၏ခေါင်းစဉ်လို ခြောက်လှန့်နေခြင်းဖြစ်သည်။

သူ. . . သူ. . . ဘာဖြစ်သွားပြီလဲ။

ထိုစဉ် ကျယ်လောင်သောကားဟွန်းသံနှင့် ဘရိတ်အုပ်သံတစ်ခုကို ကြားလိုက်ရသည်။ ကားတစ်စီးက ကျွန်မကို ပွတ်တိုက်မိတော့မလို ဖြစ်သွားခြင်းဖြစ်၏။

ကားမောင်းသူက ကျွန်မကို မကျေမနပ်ဖြင့် ဆဲရေးရေရွတ်ပြီး ကားကို ဆက်မောင်းသွားသည်။

ဘုရား. . . ဘုရား နင် ခေါင်းအေးအေးထားစမ်း စုလတ်။

ကျွန်မကိုယ်ကျွန်မ သတိပေးနေမိသည်။ ခြေထောက်တွေကတော့ ဦးတည်ရာမဲ့စွာ ပြေးနေကြဆဲ. . .။

ငါ အိမ်ကိုပြန်လို့မဖြစ်တော့ဘူး။ အိမ်သည် ကျွန်မအတွက် အန္တရာယ်ကြီးမားသောနေရာတစ်ခု ဖြစ်နေလေပြီ။

သို့သော် ကျွန်မ၏သိစိတ်နှင့် ဦးနှောက်တို့က လွန်ဆွဲနေကြသည်။

ငါ ပြန်ကိုပြန်မှဖြစ်မယ်။ ဖိုးသားကို စောင့်ရှောက်ဖို့ ငါ့မှာ တာဝန်ရှိတယ်။ ပုံမှန်စိတ်ကင်းမဲ့နေတဲ့ ငါ့မောင်လေးကို ဒီအတိုင်း တစ်ယောက်တည်း ပစ်ထားလို့မဖြစ်ဘူး။

အချိန်က ညစာစားချိန်နီးလာလေပြီ။ ဖေဖေနှင့်မေမေတို့ ပြန်လာနေလောက်ပြီ။ နောက်တစ်နာရီ နှစ်နာရီလောက်ဆို သူတို့



ပြန်ရောက်ကြတန်ကောင်းပါရဲ့။

အဲဒီအခါကျရင်ရော ဘာဆက်လုပ်ကြမလဲ။

မေမေတို့က ငါ့ကို အပြစ်တင်ကြမှာလား။ အနက်ရောင်ဝတ်စုံနဲ့လူ ပြောသွားတဲ့စကားတွေကို ပြန်ပြောပြလိုက်ရင်ရော သူတို့က ယုံမှာတဲ့လား။ နောက်ပြီး ကျွန်မမောင်လေးကို ဒီအဖြစ်ဆိုးက ကယ်နိုင်မှာတဲ့လား။

ကျွန်မစိတ်ကမရည်ရွယ်တဲ့ ခြေလှမ်းတွေက ပုံ့ပုံ့တို့အိမ်ဘက်ဆီသို့ ဦးတည်နေသည်။ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်မိပြီး မကြာခင်မှာပင် တံခါးပွင့်လာကာ ပုံ့ပုံ့က တအံ့တသြဖြင့်

"ဟဲ့. . . စုလတ်၊ ဘာဖြစ်လာတာလဲ၊ နင့်ကြည့်ရတာ မောကြီးပန်းကြီးနဲ့"

"ငါ. . . ငါ. . ."

ကျွန်မ စကားပင်မပြောနိုင်။ ပုံ့ပုံ့က ကျွန်မပုခုံးကိုဖက်ရင်း

"စုလတ် အိမ်ထဲဝင်လေ၊ နင့်တစ်ကိုယ်လုံးလည်း တုန်နေပါလား"

"ငါ. . . အိမ်က. . . အိမ်ကပြေးလာတာ၊ အိမ်မှာ. . . ဖိုးသား. . ."

"ဟင်. . . နင့်မောင်လေး ဘာဖြစ်လို့လဲ"

"ဖိုးသား တစ်ခုခုတော့ဖြစ်နေပြီ၊ အရမ်းကြောက်စရာကောင်းတာပဲ"

ကျွန်မစကားကြောင့် ပုံ့ပုံ့က အထိတ်တလန့်ဖြစ်သွားပြီး

"ဟင်. . . အခုထိ သူ အိပ်မွေ့ကျနေတုန်းလား"

"မဟုတ်ဘူး ပုံ့ပုံ့၊ အိပ်မွေ့ချတာနဲ့မဆိုင်ဘူးထင်တယ်၊ သူ. . . သူ. . . ငါ့ကို လည်ပင်းညှစ်သတ်မလို့"

"ဘာ. . . နင့်ဖေဖေနဲ့မေမေရော ပြန်မရောက်ကြသေးဘူးလား"

www.burmeseclassic.com



ထိုစကားကြောင့် ကျွန်မက ပုံ့ပုံ့တို့ညှော်ခန်းထဲရှိ တိုင်ကပ်နာရီကိုလှမ်းကြည့်လိုက်သည်။ (၆)နာရီထိုးတော့မည်။

"ရောက်တော့မှာပါ။ တော်ကြာဆို ရောက်တော့မယ်ထင်တယ်"

"ဒါဆို သူတို့ပြန်ရောက်တဲ့အထိ ငါတို့အိမ်မှာပဲ နင်စောင့်နေပါလား"

ကျွန်မက 'အင်း'ဟုပြောရင်း စိတ်ကိုလျှော့ချပြီး ညှော်ခန်းထဲရှိ ထိုင်ခုံပေါ်တွင်ထိုင်ချလိုက်သည်။ ပေါင်ပေါ်တွင် တံတောင်ဆစ်နှစ်ဖက်ထောက်ပြီး ခေါင်းငုံ့ကာ မျက်နှာကို လက်ဝါးဖြင့်အုပ်ထားမိသည်။

မျက်စိကိုစုံမှိတ်လိုက်တော့မှ နာနာဘာဝလို အရိပ်သဏ္ဍာန်လေးခုကို ကျွန်မမျက်စိထဲတွင် ပြန်မြင်လာသည်။

ကျွန်မမောင်လေးကိုသူတို့ဆီလာဖို့ ခေါ်နေကြတဲ့လူတွေ. . .

သူတို့. . . သူတို့တွေဟာ သားကောင်တွေလား။

သူတို့ဟာ အမွေခံအိမ်ကြီးကြောင့် ဒီလောကထဲကနေပျောက်ဆုံးသွားခဲ့ကြသူတွေလား။ သူတို့ဟာ ဒေါ်နန်းခမ်းနွဲ့ မမှတ်မိတော့တဲ့ သူ့သားသမီးတွေဖြစ်နိုင်သလို အဲဒီအိမ်ကြီးမှာ နေထိုင်သွားကြသူအဆက်ဆက်ရဲ့ အမွေခံဝိညာဉ်တွေလည်း ဖြစ်နိုင်တာပဲမဟုတ်လား။

အခု သူတို့က ကျွန်မမောင်လေးကို သူတို့နှင့်အတူလာနေဖို့ ခေါ်နေကြလေပြီ။

"မဖြစ်ဘူး. . . မဖြစ်ဘူး"

ကျွန်မ ဝုန်းကနဲထရပ်လိုက်မိသည်။ ကျွန်မမောင်လေးကို ဒီလိုအဖြစ်မခံနိုင်ဘူး။ ပွင့်ဟနေသော အိမ်ရှေ့တံခါးအတိုင်း လမ်းမဆီသို့ တစ်ဟုန်ထိုးပြေးဆင်းခဲ့သည်။

နောက်ဘက်ဆီမှ ပုံ့ပုံ့၏လှမ်းခေါ်သံကို ကြားရသော်လည်း



ကျွန်မ လှည့်မကြည့်တော့။

ကျွန်မ အိမ်ကိုပြန်ရောက်မှ ဖြစ်မည်။ ဖိုးသားက ကျွန်မကို သတ်ဖို့ကြိုးစားလျှင်လည်း ကျွန်မမှာ ရွေးချယ်စရာလမ်းမရှိတော့။

●

အိမ်နှင့် တဖြည်းဖြည်းနီးလာသည်။

ဒီလမ်းထောင့်ကို ချိုးကွေ့လိုက်လျှင် ကျွန်မတို့အိမ်ကို လှမ်းမြင်ရတော့မည်။ ထိုစဉ် ခွေးဟောင်သံတစ်ချက် ကြားလိုက်ရ၏။ ကျွန်မက ပြေးနေရာမှ အရှိန်ကိုမလျှော့ဘဲ လှည့်ကြည့်လိုက်သည်။

ကျွန်မတို့ခြံနှင့် နှစ်အိမ်ကျော်မှ ပင်စင်စားကြီးတစ်ဦး မွေးထားသာ အယ်လ်ဆေးရှင်းခွေးကြီးမှန်း ကျွန်မ သိလိုက်၏။ ထိုခွေးကြီးက ကျွန်မနောက်သို့ အပြေးလိုက်လာသည်။

"ဟဲ့ခွေး. . . ရှူး ရှူး သွားစမ်း"

ကျွန်မက မောင်းထုတ်သော်လည်းမရ။ ဘာဖြစ်လို့ ဒီခွေးငါ့နောက်ကို ပြေးလိုက်နေရတာလဲမသိဘူး"

နေစမ်းပါဦး။ သူ့နာမည်ကိုငါသိပါတယ်။ ဘာပါလိမ့်။

ဘာကြောင့်မှန်းမသိ။ ထိုခွေး၏နာမည်ကို ကျွန်မ စဉ်းစားမှ်မရတော့။

ခွေးက တစ်ဟုန်ထိုးပြေးလာရင်း တဝုတ်ဝုတ်နှင့်ဟောင်လိုက်သည်။ ခဏအတွင်းမှာပင် ကျွန်မကိုမီလာ၏။ ထို့နောက် ကျွန်မဆီသို့ လျှာခနဲခုန်ထွက်လိုက်သည်။

ကျွန်မက ခွေးကိုဝင်တိုက်မိပြီး ဟန်ချက်ပျက်သွားသည်။

ခွေးက ခုန်အုပ်တော့မလို ရုတ်ချည်းပတတ်ရပ်လိုက်သည်။

"အောင်မယ်လေး. . . ဟဲ့ခွေး. . . ရှူး ရှူး. . . ရှူး ရှူး"

တကယ်တော့ ခွေးက ခုန်အုပ်ခြင်းမဟုတ်ပါ။ သူ့ဦးခေါင်းကာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်ခွင်ထဲသို့ တိုးဝင်လာ၏။ ထို့နောက် ရှေ့လက်တစ်ဖက်ကို မြှောက်ကာ ကျွန်မလက်ကို ပုတ်ခတ်ကျီစယ်နေသည်။

ခွေးက ကျွန်မနှင့်ဆော့ကစားချင်၍ ဖြစ်ပေလိမ့်မည်။ ကျွန်မက သူ့ခေါင်းကိုပွတ်ပေးရင်း

"မဆော့ရဘူး. . . မဆော့ရဘူး. . . ကျွတ်ကျွတ်. . . ကျွတ်ကျွတ်"

စုတ်သပ်ကာ ချော့မြှူလိုက်သည်။ ထို့နောက် ကျွန်မအပေါ်မှီနေသော ရှေ့လက်နှစ်ဖက်ကို မြေကြီးပေါ်သို့ပြန်ချပေးလိုက်သည်။

နေစမ်းပါဦး. . . ဒီခွေးရဲ့နာမည်ကို ငါ ဘာလို့မမှတ်မိရပါလိမ့်။

"သွား. . . သွား၊ အိမ်ကိုပြန်. . . အိမ်ကိုပြန်"

ခွေး၏ကျောကုန်းကို လက်ဖြင့် အသာအယာပုတ်ကာ နှင်လိုက်ပြီး အိမ်ဆီသို့ ကျွန်မ ဆက်လက်ပြေးခဲ့သည်။ ခွေးကလည်း မပြန်ဘဲ ကျွန်မနောက်မှ တကောက်ကောက်ဆက်လိုက်လာသည်။

အိမ်မှာ ဖေဖေနှင့်မေမေ ပြန်ရောက်နေနှင့်ကြပါစေဟု ကျွန်မစိတ်ထဲက ကျိတ်ပြီးဆုတောင်းမိသည်။ သို့သော် . . .

ခြံတံခါးဝမှနေ၍ အားကိုးတကြီး လှမ်းကြည့်လိုက်သည့်အခါ မျှော်လင့်ထားသလို မေမေတို့၏ကားကို မတွေ့ရသည့်အတွက် ကျွန်မစိတ်ဓါတ်ကျသွားသည်။

အိမ်ရှေ့စင်ဝင်အောက်မှ ဟာလာဟင်းလင်း။ အိမ်ရှေ့တံခါးမကြီးကလည်း ကျွန်မပြေးထွက်သွားစဉ်က ထားရစ်ခဲ့သည့်အတိုင်း ဟောင်းလောင်းပွင့်လျက်။

ထိုစဉ် တအီအီ ညည်းညူသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ စောစောက အယ်လ်ဖေးရှင်းခွေးကြီးသည် ကျွန်မနောက်သို့ ဆက်လိုက်မလာဘဲ မလှမ်းမကမ်းမှာသာရပ်ပြီး အိမ်ကြီးအား လှမ်းကြည့်နေသည်ကိုတွေ့ရသည်။

သူ့အမြီးကို နောက်ခြေထောက်နှစ်ချောင်းကြားမှာ ကျော



ထား၏။ နားရွက်တွေကလည်း စောစောကလိုထောင်မနေတော့။ အိမ်ကိုလှမ်းကြည့်ရင်း ခွေးတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ကြောက်နေရှာပုံရ၏။

ထို့နောက် ချာကနဲလှည့်ကာ သုတ်ခြေတင်ပြီး ပြေးတော့သည်။

ကျွန်မလည်း ဒီအိမ်ကြီးနှင့်ဝေးရာဆီသို့ ပြေးထွက်သွားချင်စိတ်ပေါ်လာသည်။ သို့သော်. . . ဖိုးသားက ဟောဒီမိစ္ဆာအိမ်ကြီးအတွင်းမှာ ရှိနေသေးသည်မဟုတ်လား။ သူ့ကို ကယ်နိုင်မှဖြစ်ပေလိမ့်မည်။ ကျွန်မအတွက် ရွေးချယ်စရာလမ်းမရှိတော့. . .။

ကျွန်မ အိမ်ထဲသို့ တစ်ဟုန်ထိုးပြေးဝင်သွားလိုက်သည်။

ထင်ထားသည့်အတိုင်းပင်. . .။

မြေအောက်ခန်းထဲသို့ဆင်းသည့်တံခါးက ဟောင်းလောင်းပွင့်နေသည်။

ပြီးတော့. . . ပြီးတော့ ဟိုအောက်ဘက် အနက်ရှိုင်းဆုံးတစ်နေရာဆီမှ အပေါ်သို့လွင့်ပျံတက်လာသော တီးတိုးညည်းညူခေါ်ငင်သံများ။

သို့ရာတွင် သည်တစ်ကြိမ်တွင်တော့ သူတို့က မောင်လေးဖိုးသား၏နာမည်ကို ခေါ်နေကြခြင်းမဟုတ်တော့ပါ။ သူတို့ခေါ်နေကြသည်က . . .

"စုလတ်. . . စုလတ်. . . ငါတို့စောင့်နေကြတယ်"

ကျွန်မနာမည်ကို ထပ်ခါတလဲလဲခေါ်နေသည့်အသံ ကြားလိုက်ရသောကြောင့် ရုတ်တရက် နှလုံးသွေးရပ်သွားမလောက် ကြောက်လန့်သွားသည်။

"ငါ့ကို မခေါ်ကြပါနဲ့၊ ငါ့ကို မခေါ်ကြပါနဲ့. . . အား. . ."

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဆောက်တည်ရာမရအောင် ကြောက်လန့်နေသည့်အခိုက်မှာပင် ဖိုးသားအတွက်ပါ စိတ်ပူသွားသည်။

ငါ သိပ်များနောက်ကျသွားပြီးလား။

ဖိုးသားတစ်ယောက် သူတို့ဆီကို ရောက်သွားနှင့်ခဲ့လေပြီလား။

ကျွန်မက ဖိုးသား၏အိပ်ခန်းရှိရာအပေါ်ထပ်ဆီသို့ ပြေးတက်ခဲ့သည်။ သူ့အိပ်ခန်းကိုရော ကျွန်မအိပ်ခန်းကိုပါ တံခါးဖွင့်ကြည့်လိုက်၏။ ဖိုးသားကို လုံးဝမတွေ့ရ။

အောက်ထပ်သို့ ကျွန်မ ပြန်ဆင်းခဲ့ရတော့သည်။

ရွေးချယ်စရာလမ်းမရှိတော့ဘူးဟူသည့် အသိဖြင့်ပင် မြေအောက်ခန်းတံခါးဆီသို့ ကျွန်မ တရွေ့ရွေ့ချဉ်းကပ်ခဲ့သည်။ စောစောက ခေါ်ငင်သံတွေကိုတော့ မကြားရတော့ပြီ၊ တိတ်ဆိတ်နေ၏။ သို့သော်



အဲဒီတိတ်ဆိတ်မှုကပင် ကျွန်မနားထဲတွင် ကြောက်မက်ဖွယ်ရာ ပဲ့တင်ထပ်နေလေသည်။

ကျွန်မက မြေအောက်ခန်းလှေကားအတိုင်း မရဲတရဲငုံ့ကြည့်ပြီး

"ဖိုးသား. . ."

ခပ်တိုးတိုး ခေါ်ကြည့်လိုက်သည်။ သူ ဒီမြေအောက်ခန်းထဲမှာရှိမှန်း ကျွန်မသိနေသည်။ ဘယ်လိုလုပ်ရမလဲ။ ကျွန်မကိုယ်တိုင်ဆင်းသွားပြီး သူ့ကို ခေါ်ထုတ်ခဲ့ရမှာလား။

"ဖိုးသားရေ. . . မမစုလတ်ပါ၊ နင် မမကို မမှတ်မိတော့ဘူးမဟုတ်လား၊ ငါ့ကို မမှတ်မိတော့ဘူးလားဟင်၊ မမ အခု အောက်ကိုဆင်းလာခဲ့မယ်နော်"

ပြောပြီး အသာနားစွင့်ထောင်နေလိုက်သည်။ ပြန်ဖြေသံမကြားရ။

ခဏအကြာတွင် ကျွီခနဲမြည်သံတစ်ခုကို ကြားရသည်။ အလွန်နှေးကွေးသောအသံ၊ လေးလံသောတံခါးတစ်ချပ်ကို တွန်းဖွင့်လိုက်သောကြောင့် မြည်သွားသည့်အသံမျိုး။

"ဖိုးသားရေ မမပြောနေတာကြားရလား၊ သားကိုကူဖို့ မမအောက်ဆင်းလာပြီနော်"

ကျွန်မက အသက်ကို ဝဝရှူသွင်းလိုက်သည်။ နံရံကပ်စင်ပေါ်မှ လက်နှိပ်ဓါတ်မီးတစ်လက်ကိုယူပြီး လက်နက်သဖွယ် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိ၏။ ဘာမှမဖြစ်ပါစေနဲ့ဟု စိတ်ထဲကကျိတ်၍ဆုတောင်းမိသည်။

ထို့နောက် လှေကားအတိုင်း မြေအောက်ခန်းထဲသို့ တစ်လှမ်းချင်းဆင်းလာခဲ့တော့သည်။ လှေကားတစ်ဝက်ခန့်အရောက်တွင် ဘွိခနဲ လေးလေးပင်ပင်မြည်သံကို ကြားရပြန်သည်။ ကျွန်မက. . .

"ဘယ်သူလဲ. . . ဖိုးသားလား"

www.burmeseclassic.com



ပြန်ဖြေသံမကြားရ။ ကျွန်မက ကျန်နေသေးသောလှေကားထစ်တွေကို အပြေးတစ်ပိုင်း ဆင်းခဲ့မိ၏။ လက်နှိပ်ဓါတ်မီးကိုကိုင်ထားသော လက်ဖဝါးထဲတွင် ကြောက်စိတ်ဖြင့် ချွေးစေးတွေရွှဲနစ်ပြီး အေးစက်နေသည်။

သံမံတလင်းကြမ်းပြင်ပေါ်သို့ ခြေချမိပြီးသည်နှင့် လက်နှိပ်ဓါတ်မီးအလင်းရောင်ဖြင့် ဟိုသည်ဝေ့ကြည့်လိုက်သည်။

"ဟင်. . ."

ကျွန်မမျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားသည်။ မျက်နှာချင်းဆိုင်နံရံပေါ်တွင် သဘော်ဆေးအနီရဲရဲကို တစ်စုံတစ်ရာဖြင့် ရေးထားသော စာတမ်းတစ်ခု. . .။

စာလုံးအရွယ်အစားက ပန်းကန်ပြားအသေးတစ်ချပ်စာခန့်ရှိမည်။ လောလောလတ်လတ် ရေးထားခါစဖြစ်သောကြောင့် ဆေးမခြောက်သေးဘဲ အနီရောင်ဆေးစက်တွေ စီးကျနေသည်။ စာတမ်းက. . .

**'ငါ့ကို မမေ့ကြပါနဲ့'**

ကျွန်မရင်ထဲမှာ တစ်စုံတစ်ရာ ပြင်းပြင်းထန်ထန် ပေါက်ကွဲသွားသလိုမျိုး ခံစားလိုက်ရသည်။ အဲဒီအခိုက်အတန့်မှာပင် ဖိုးသားကို ကျွန်မ မြင်လိုက်ရခြင်းဖြစ်လေသည်။

ကျွန်မ မျက်တောင်ကို တစ်ချက်နှစ်ချက်ပုတ်ခတ်ပြီး ကိုယ့်မျက်စိကိုပင် ကိုယ်မယုံချင်။

ဟုတ်သည်။ ဖိုးသားမှ ဖိုးသားအစစ်. . .။

ဝါကျင့်နေသော သတင်းစာစက္ကူဟောင်းအပုံနှင့် ပရိဘောဂအပျက်အစီးများကြားက နေရာလွတ်ထောင့်တစ်ခုတွင် သူရပ်နေသည်။ သူ မျက်နှာမူထားသောနံရံမှာ တံခါးပေါက်တစ်ခုရှိနေသည်။

မြေအောက်ခန်းထဲကနေ ဘယ်ဆီကိုဆက်ပြီးသွားတဲ့ တံခါးလဲ. . .။ ကျွန်မ မပြောတတ်။



ဖိုးသားက ကျွန်မကို ကျောပေးပြီးရပ်နေသည်။ သူ့ကိုယ်ခန္ဓာပေါ်သို့ ပြာလဲ့လဲ့သန်းသော ငွေရောင်အလင်းတစ်ခု ထိုးကျနေ၏။

ကျွန်မက ဖိုးသားကိုလှမ်းခေါ်ရန် ပါးစပ်ကိုဖွင့်ဟလိုက်သည်။ သို့သော် မည်သည့်စကားလုံးမှ ကျွန်မပါးစပ်က ထွက်မလာနိုင်တော့။

ကျွန်မလက်ထဲကဓါတ်မီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ရှေ့သို့တစ်လှမ်းတိုးသွားလိုက်သည်။ ပြီးတော့ နောက်တစ်လှမ်း။

ဖိုးသားရှေ့က တံခါးအတွင်းပိုင်းတွင် နက်ရှိုင်းစွာမှောင်မိုက်နေသည်ကို မြင်ရ၏။ ဖိုးသားက ထိုတံခါးပေါက်ကိုဖြတ်သန်း၍ အမှောင်ထုထဲသို့ တိုးဝင်ရန် ခြေလှမ်းကိုပြင်လိုက်သည်။

ကျွန်မက အထိတ်တလန့်ဖြင့် အော်ဟစ်လိုက်၏။

"ဖိုးသား. . . မသွားနဲ့၊ မသွားနဲ့. . . ဒီကိုပြန်လှည့်ခဲ့"

ကျွန်မအော်သံက နာဖျားမကျန်းဖြစ်နေသူတစ်ယောက်၏ တုန်တုန်ယင်ယင် အကူအညီတောင်းခံသံမျိုး. . .။

ကျွန်မအော်သံကြောင့် ဖိုးသား ခြေလှမ်းတုံ့သွားသည်။ ထို့နောက် သူက အလွန့်အလွန် ဖြည်းညင်းစွာ ကျွန်မဘက်သို့ လှည့်ကြည့်လိုက်သည်။

ကျွန်မတို့မောင်နှမနှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ရင်း ကြက်သေသေနေမိကြသည်။

ခဏအကြာတွင် ဖိုးသားက သူ့နှုတ်ခမ်းအစုံကို ဖြည်းညင်းစွာဖွင့်ဟလိုက်ပြီး စကားတစ်ခွန်း ပြော၏။

"ဂွတ်ဘိုင်. . ."

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဖိုးသား. . . မသွားနဲ့"

ကျွန်မစကားကို သူ ကြားဟန်မတူ။

ဖိုးသားက တံခါးပေါက်ကိုဖြတ်သန်းပြီး အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

"ဖိုးသား. . ."

ကျွန်မ တစ်ဟုန်ထိုးပြေးသွားပြီး သူ့ကို အမိလှမ်းဆွဲလိုက်၏။ သို့သော် တံခါးက ချက်ချင်းပင် ဝုန်းကနဲပြန်ပိတ်သွားသလို ထင်မိသည်။ ကျွန်မတစ်ကိုယ်လုံးက ဖုန်အလိမ်းလိမ်းထနေသော အုတ်နံရံနှင့်သာ အရှိန်ပြင်းပြင်းဝင်ဆောင့်မိသည်။

နာကျင်လွန်းသဖြင့် ကျွန်မဒူးညွတ်ကာခွေကျသွား၏။ နာကျင်စွာညည်းညူလိုက်မိပြီးမှ အားတင်းကာပြန်ထရင်း စောစောကတံခါးကို တွန်းဖွင့်ဖို့ကြိုးစားသည်။



သို့သော် ကျွန်မရှေ့တည့်တည့်တွင် မည်သည့်တံခါးမျှ ရှိမနေပါ။ ဖုန်အလိမ်းလိမ်းကပ်ငြိနေသော အုတ်နံရံသက်သက်သာ ရှိနေသေးသည်။

ကျွန်မက သွေးရူးသွေးတန်းဖြင့် အုတ်နံရံတစ်လျှောက် လက်ဖြင့်လိုက်စမ်းမိသည်။ မည်သည့်တံခါးမှရှိမနေပါ။

"ဖိုးသား. . . ဘယ်ရောက်သွားတာလဲ၊ နင် ဘယ်ကိုရောက်သွားတာလဲ"

ကျွန်မက ဒေါသတကြီးအော်ဟစ်ရင်း နံရံကို လက်သီးဆုပ်ဖြင့် ထုမိသည်။ ဖုန်တွေသာလွင့်လာ၏။ အုတ်နံရံမှာတော့ တံခါးနှင့်တူတာ ဟူ၍ အက်ကွဲကြောင်းလေးတစ်ကြောင်းမျှပင် ရှာမတွေ့ချေ။

"ဖိုးသား. . ."

ကျွန်မကသွေးရူးသွေးတန်းဖြင့် အသံကုန်အော်ဟစ်ရင်း မြေအောက်ခန်းလှေကားအတိုင်း အပေါ်သို့ပြန်ပြေးတက်ခဲ့သည်။ ကျွန်မ တယ်လီဖုန်းဆက်မှဖြစ်မယ်။ ရဲကို အကြောင်းကြားမှဖြစ်မည်။

တယ်လီဖုန်းဆီသို့ ကျွန်မလက်လှမ်းလိုက်စဉ်မှာပင် အိမ်အပြင်ဘက်ဆီမှ အားကောင်းသောမီးရောင်တစ်စုံက ဖြာကျလာသည်ကို သတိထားလိုက်မိ၏။

မော်တော်ကားတစ်စီး၏ ရှေ့မီးသီးအလင်းရောင်ဖြစ်သည်။

အိမ်ရှေ့စင်ဝင်အောက်တွင် ရပ်တန့်လိုက်သော မော်တော်ကားတာယာဘီးများ၏ ပွတ်တိုက်သံ၊ ကားစက်သံတို့ကိုပါ ကြားလိုက်ရ၏။

"ဟင်. . . မေမေနဲ့မေမေ ပြန်လာပြီလားမသိဘူး"

ကျွန်မကပြေးပြီး ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်သည်။ တုတ်သည်။ ဖေဖေနှင့်မေမေတို့နှစ်ဦးစလုံး ကားပေါ်မှဆင်းရန် ပြင်နေကြလေပြီ။

"မေမေ. . ."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ဝမ်းသာအားရအော်ဟစ်ရင်း အိမ်ရှေ့တံခါးကို ဝုန်းကနဲဆွဲဖွင့်ကာ တစ်ဟုန်ထိုး ပြေးထွက်သွားလိုက်သည်။ ထို့နောက် အလောတကြီးဖြင့်

"မေမေ. . . မြန်မြန်လာ. . . မြန်မြန်၊ အရေးကြီးတယ်"

ကျွန်မက ပါးစပ်ထဲပေါ်လာသမျှ စကားလုံးတွေကို အရူးတစ်ယောက်လို တရစပ်အော်ဟစ်ပြောရင်း မေမေ့ကို ကားထဲမှ အတင်းဆွဲခေါ်နေမိ၏။ မေမေက တအံ့တဩဖြစ်ပြီး ပါးစပ်အဟောင်းသားဖြင့် ကျွန်မကို ကြည့်နေသည်။

ကားမောင်းသူဘက်မှ တံခါးပွင့်သွားပြီး ဖေဖေဆင်းလာ၏။ သူက ကျွန်မကိုတစ်လှည့် အိမ်ကြီးကိုတစ်လှည့်ကြည့်ရင်း မျက်မှောင်ကုတ်ကာ. . .

"ဘာလဲ. . . သမီး၊ ဘာတွေဖြစ်နေတာတုန်း"

"ရှင်းပြနေဖို့အချိန်မရှိဘူး ဖေဖေ၊ လာပါသွားရအောင်"

မေမေက ကားထဲမှထွက်လိုက်ပြီး ကျွန်မကို စိတ်မသက်သာစွာကြည့်ရင်း

"ဘာဖြစ်လို့များ ဒီလောက်တောင် အော်ဟစ်နေရတာလဲ သမီးရယ်၊ အိမ်ထဲမှာဘာတွေဖြစ်နေလို့လဲ"

ကျွန်မက မေမေ့လက်မောင်းတစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ကာ မီးဖိုခန်းဘက်ဆီသို့ တရကြမ်းဆွဲခေါ်သွားသည်။ ကျွန်မက

"မေမေ. . . ဖိုးသားလေ. . . ဖိုးသားပေါ့၊ သူ. . . သူ မြေအောက်ခန်းထဲမှာ ပျောက်သွားပြီ"

"ဖိုးသား. . . ဟုတ်လား"

ဖေဖေက ကျွန်မနောက်က ခပ်သုတ်သုတ်လိုက်နေရာမှ ခြေလှမ်းကိုရပ်တန့်ပြီး မေးလိုက်သည်။ ကျွန်မက

"မြန်မြန်လာပါ ဖေဖေရယ်၊ ဖိုးသားလေ မြေအောက်ခန်းထဲကို ဆင်းသွားပြီးတော့ အဲဒီထဲက တံခါးတစ်ချပ်ထဲဝင်သွားတယ်။



ဖေဖေတို့ ခရီးထွက်သွားကတည်းက သူ့ပုံစံကအရမ်းထူးဆန်းတယ်။ အို. . . ဒါတွေပြောနေရရင် အရှည်ကြီးပါ၊ လာ. . . ဖေဖေ မြေအောက်ခန်းထဲ သမီးတို့လိုက်ဆင်းရအောင်၊ ဖေဖေတို့ အဲဒီမှာ ဘာလုပ်နေကြတာလဲ"

ဖေဖေရောမေမေပါ နှစ်ဦးစလုံးက ကျွန်မကို အကြာကြီးစိုက်ကြည့်နေကြ၏။ ထို့နောက် မေမေက

"သမီး. . . စလတ်၊ မြေအောက်ခန်းထဲမှာ ဘယ်သူ. . ."

"ဖိုးသားလေ. . ."

ကျွန်မက စိတ်မရှည်နိုင်စွာ အော်ဟစ်လိုက်သည်။ ဖေဖေက နားမလည်နိုင်ဟန်ဖြင့် ကျွန်မကို ပြန်မေးလေသည်။

"ဖိုးသားဆိုတာ ဘယ်သူလဲသမီး"

"ဟင်. . ."

အံ့ဩလွန်းသဖြင့် ကျွန်မနှုတ်ဖျားမှ ဟင်ကနဲသာ ရေရွတ်လိုက်နိုင်တော့၏။ ကျွန်မက

"ဖိုးသားဆိုတာ သမီးရဲ့မောင်လေးလေ၊ မေမေတို့ရဲ့ သားလေ၊ ဘာတွေဖြစ်နေကြတာလဲ၊ လာပါ မြန်မြန်သွားရအောင်"

ဖေဖေရောမေမေပါ နှစ်ဦးစလုံး တုပ်တုပ်မျှမလှုပ်ကြ၊ ကျွန်မကို စိုက်ကြည့်နေသည့် သူတို့၏မျက်ဝန်းများထဲတွင် ကျွန်မအတွက် စိုးရိမ်ပူပန်နေမှုကို အတိုင်းသားမြင်ရသည်။

ဖေဖေက ကျွန်မ၏ဦးခေါင်းကို ညင်ညင်သာသာပွတ်သပ်ရင်း တည်ငြိမ်သောလေသံဖြင့် . . .

"သမီး စိတ်ငြိမ်ငြိမ်ထားလေကွယ်၊ သမီးဟာ ဖေဖေတို့ရဲ့ တဦးတည်းသောသမီးလေကွယ်။ သမီးမှာ ဘယ်တုန်းကမှ မောင်လေး ရှိခဲ့ဖူးဘူးလေ"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဘာ!. . . သမီးမှာ မောင်လေးမရှိဘူး ဟုတ်လား၊ ဖေဖေတို့ ဘာတွေပြောနေကြတာလဲ၊ စိတ်မှ ကောင်းကြသေးရဲ့လား"

ကျွန်မ ကယောင်ကတမ်းပြောနေမိသည်။ ဖေဖေက ကျွန်မကို ကြင်နာစွာဖြင့် ပုခုံးမှသိုင်းဖက်ရင်း

"လာပါသမီးရယ်၊ လိမ္မာပါတယ်၊ ညှော်ခန်းထဲမှာ အေးအေးဆေးဆေး စကားသွားပြောရအောင်နော်"

မေမေကတော့ ညည်းညည်းညူညူဖြင့် ခေါင်းကိုခါရင်း

"အစကတည်းက သမီးကို တစ်ယောက်တည်းမထားခဲ့မိရင်ကောင်းမှာ"

ကျွန်မက

"ဖိုးသားကို ဒီအတိုင်းပစ်ထားကြတော့မှာလား"

ကျွန်မအသံက ငိုသံပါနေ၏။ ဖေဖေက သက်ပြင်းချလျှက်



"သမီးက ဟိုးကလေးလေးဘဝကတည်းက တကယ်မရှိတဲ့လူကို ရှိသလိုမျိုး စိတ်ကူးနဲ့ဖာတ်လမ်းဆင်ပြီး ပြောတတ်တဲ့ညွှာ၊ အခု အသက်(၂၀)ပဲ ရောက်နေပြီ၊ ဒါမျိုးတွေ မလုပ်ရဘူးလေ"

"ဖိုးသားဆိုတာ သမီး စိတ်ကူးယဉ်ပြီးပြောနေတာမဟုတ်ဘူး။ ဖေဖေတို့ ကိုယ့်သားအရင်းကိုတောင် မမှတ်မိကြတော့ဘူးလား။ လာပါ အခု မြေအောက်ခန်းထဲ သွားကြည့်ရအောင်"

"အေးပါသမီးရယ်၊ နောက်တော့ တို့ အေးအေးဆေးဆေး သွားကြည့်ကြတာပေါ့"

ဖေဖေကပြောပြောဆိုဆိုနှင့် ကျွန်မနဖူးကို သူလက်ဖမိုးဖြင့် စမ်းသပ်လိုက်ရင်း

"ဟင်. . . သမီးကိုယ်က နည်းနည်းနွေးနေသလိုပဲ၊ အဖျားရှိတယ်ထင်တယ်"

"မဖျားဘူး၊ သမီးဘာမှမဖြစ်ဘူး"

ကျွန်မ မည်သို့ပင်ပြောပြော ဖေဖေနှင့်မေမေက ကျွန်မအိပ်ခန်းထဲသို့ အတင်းတွဲခေါ်သွားကြ၏။ ထို့နောက် အဖျားတိုင်းသည့်သာမိုမီတာကို ကျွန်မပါးစပ်ထဲသို့ အတင်းထည့်ပြီးတိုင်းကြည့်ကြသည်။ မေမေက ကျွန်မကို ကုတင်ပေါ်တွင် ငြိမ်ငြိမ်လေးလှဲနေဖို့ပြော၏။ ဖေဖေကတော့ ဒေါက်တာကြည်စိုးကို ဖုန်းဆက်ရန်နှင့် ရေနွေးအိုးတည်ရန် အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

ထိုအခါတွင်မှ ကျွန်မက မေမေ့ကို

"ဘာတွေဖြစ်နေသလဲဆိုတာ သမီးအေးအေးဆေးဆေးရှင်းပြမယ် မေမေ၊ ဖိုးသားဆိုတာ တကယ်ရှိတယ်၊ မေမေတို့ သူ့ကို မေ့သွားကြတာ၊ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီအိမ်ကြီးက အမေ့ခံအိမ်ကြီးမို့လို့ပဲ. . ."

မေမေက ကျွန်မကို သတ္တဝါအထူးအဆန်းတစ်ကောင်လိုကြည့်နေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



"သမီးကို ဘယ်သူပြောတာလဲ"

"ဒီနေ့ အိမ်ကို လူတစ်ယောက်လာတယ်၊ စာရေးဆရာလို့ ပြောတာပဲ၊ သူက ဒီအိမ်ကြီးအကြောင်းပြောပြ. . ."

"တော်ပြီ. . . တော်ပြီ. . . သမီး၊ မေမေ သဘောပေါက်ပြီ၊ အဲဒီ စာရေးဆရာဆိုတဲ့လူ ပေါက်ကရလေးဆယ်ဇာတ်လမ်းတွေဆင်ပြီး ပြောတာကို စိတ်ကူးယဉ်တတ်တဲ့ငါ့သမီးက စိတ်ထဲစွဲပြီး အဟုတ်ထင်နေတာပေါ့လေ. . .၊ ကြာရင် သမီးရူးသွားလိမ့်မယ်"

"မဟုတ်ဘူး မေမေ. . . မဟုတ်ဘူး၊ သမီးပြောတာကို ဆုံးအောင် သေသေချာချာနားထောင်စမ်းပါ"

ကျွန်မက အားမလိုအားမရဖြင့် မေမေ၏ပုခုံးနှစ်ဖက်ကို ကျစ် ကျစ်ပါအောင်ဆုပ်ကိုင်ပြီး လှုပ်ယမ်းကာ စိတ်ရှိလက်ရှိ အော်ဟစ်လိုက်မိသည်။

ရုတ်တရက်. . . မေမေ့မျက်လုံးများထဲတွင် ကြောက်ရွံ့မှုကို အတိုင်းသားမြင်လိုက်ရသည်။ မေမေက အတင်းရုန်းထွက်ဖို့ကြိုးစားရင်း

"လွှတ်. . . လွှတ်. . . ငါ့ကိုလွှတ်"

မမျှော်လင့်ဘဲ ဝရုန်းသုန်းကားဖြစ်သံများကြောင့် ဖေဖေက စိုးရိမ်တကြီးဖြင့် အခန်းထဲသို့ ပြန်ပြေးဝင်လာ၏။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်ကြတာလဲ"

မေမေက ကျွန်မကိုလက်ညှိုးထိုးပြီး အထိတ်တလန့်ဖြင့်

"သူ. . . သူ့ကို လုံးဝထိန်းလို့မရတော့ဘူး၊ မြင့်တို့ကို အန္တရာယ်ပေးဦးမှာလားမသိဘူး ကိုသက်၊ ဘာလုပ်ကြမလဲ"

"မကြောက်နဲ့ မြင့်၊ စိတ်အေးအေးထား၊ ဒေါက်တာကြည်စိုးက မနက်ဖြန် လာကြည့်မယ်ပြောတယ်။ လောလောဆယ်တော့ သမီးကို အိပ်ဆေးတိုက်ထားလိုက်တာအကောင်းဆုံးပဲ"

ဖေဖေက မေမေ့အား တိုးတိုးပြောနေသံကြားရသည်၊ ကျွန်မ



အလွန်ဝမ်းနည်းသွား၏။

သူတို့က ကျွန်မကို အရူးတစ်ယောက်အဖြစ် သတ်မှတ်လိုက်ကြလေပြီ။ ကျွန်မ ဘာလုပ်ရမည်နည်း။ ကျွန်မ ကုတင်ပေါ်တွင်ထိုင်ရင်း လက်ဖဝါးနှစ်ဖက်ပေါ် မျက်နှာမှောက်ကာ အသံမထွက်ဘဲ ကြိတ်ငိုနေမိသည်။

အဲဒီအခိုက်တန့်မှာပင် ဖိုးသားကို ဖေဖေနှင့်မေမေတို့ ပြန်မှတ်မိလာအောင် လုပ်နိုင်မည့် နည်းလမ်းကောင်းတစ်ခုကို ကျွန်မ စဉ်းစားလိုက်မိ၏။

ဓါတ်ပုံ. . .။

ကျွန်မတို့ မိသားစုလိုက် တစ်စုတစ်ဝေးတည်းရိုက်ကူးထားသော ဓါတ်ပုံသည် ကျွန်မအဝတ်အစား ဗီရိုအံဆွဲထဲတွင် သိမ်းထားသည့် ဓါတ်ပုံအယ်လ်ဘမ်ထဲတွင် ရှိသည်။

ကျွန်မ ဝုန်းကနဲထရပ်လိုက်ပြီး ဗီရိုဆီသို့ ပြေးသွားမိ၏။

"ဟဲ့. . . သမီး. . . ဘယ်လဲ၊ ဘာလုပ်မလို့လဲ"

မေမေက စိုးရိမ်တကြီးဖြင့် လှမ်းဟန့်တားသည်။

"ခဏလေး မေမေ၊ ဖိုးသားတကယ်ရှိတယ်ဆိုတာ မေမေ့ကို သက်သေပြမလို့"

ကျွန်မက ပြောပြောဆိုဆိုဖြင့် ဗီရိုအံဆွဲထဲမှ အယ်လ်ဘမ်စာအုပ်ကို ဆွဲထုတ်ပြီး ရှေ့ဆုံးစာမျက်နှာကိုလှန်ကာ မေမေ့ရှေ့သို့ ထိုးပြရင်း

"ဟောဒီမှာကြည့်. . . သမီးတို့ တစ်မိသားစုလုံးရဲ့ မိသားစု ဓါတ်ပုံ"

ကျွန်မစကားကြောင့် မေမေက ဓါတ်ပုံကိုတစ်လှည့် ကျွန်မကို တစ်လှည့်ကြည့်ရင်း စိတ်ထိခိုက်ဟန်ဖြင့် မျက်ဝန်းထဲတွင် မျက်ရည်ကြည်တွေ သီဖွဲ့လာသည်။

မေမေ့အမူအရာကြောင့် ကျွန်မ ဇဝေဇဝါဖြစ်သွားပြီး ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲရှိ မိသားစုဓါတ်ပုံကို ပြန်ငုံ့ကြည့်လိုက်သည်။ ဓါတ်ပုံထဲတွင်. . .

ဖေဖေရယ်. . . မေမေရယ်. . . ကျွန်မရယ်. . . ၊ သုံးယောက်တည်း. . .။

ဖိုးသားမပါပါ။

●

အံ့ဩစိတ် ကြောက်လန့်စိတ်တို့ဖြင့် ကျွန်မဦးနှောက်တွေ နောက်ကျိရှုပ်ထွေးသွားသည်။

အစတုန်းက ဒီဓါတ်ပုံထဲတွင် ဖေဖေရယ်မေမေရယ် ကျွန်မရယ် ပြီးတော့ မောင်လေးဖိုးသားရယ် လေးယောက်စလုံးပါခဲ့သည်ကို ကျွန်မ အအေးချာမှတ်မိနေသည်။

မောင်လေးဖိုးသားက သူ၏အညိုရောင်ဝက်ဝံရုပ်ကလေးကို ပိုက်ကာ ပြုံးရယ်နေသည်ကိုလည်းကောင်း၊ အနီနှင့်အဖြူရောင်ကွက်ကြား ဖလံထည်အင်္ကျီကလေးကို ဝတ်ဆင်ထားသည်ကိုလည်းကောင်း ကျွန်မ အသေးစိတ် တိတိကျကျမှတ်မိနေ၏။

အခုတော့ ဖိုးသားတစ်ယောက် ဓါတ်ပုံထဲကပါ ပျောက်ကွယ်သွားလေပြီ။

ကျွန်မ ဘာပြောရမှန်းမသိတော့။

ကျွန်မ ဦးခေါင်းတစ်ခုလုံး ရီဝေနောက်ကျိနေလေပြီ။

ကျွန်မတစ်ကိုယ်လုံး နုန်းချိကာ ခြေတွေလက်တွေကိုပင် အနိုင်နိုင်သယ်လျက် အိပ်ရာဆီသို့ ပြန်လာပြီးထိုင်ချလိုက်၏။ မေမေက စိုးရိမ်တကြီးဖြင့် ကျွန်မဘေးတွင်ထိုင်ကာ ပုခုံးကိုဖေးမှီထားသည်။

ခဏကြာတော့ ဖေဖေပြန်ရောက်လာပြီး သောက်ရေတစ်ခွက်နှင့် အဝါရောင်ဆေးပြားလေးနှစ်ပြားကို လှမ်းပေးရင်း



"ရော့. . . ရော့ သမီး၊ ဒါလေးသောက်လိုက်၊ ပြီးရင် အိပ်လိုက်တော့သမီး၊ မနက်နိုးလာတဲ့အခါကျရင် အားလုံးလန်းဆန်းသွားလိမ့်မယ်"

ကျွန်မက ဆေးပြားနှစ်ပြားကိုလှမ်းယူပြီး ရေဖြင့်မျှောကာ သောက်ချလိုက်၏။ ထူးဆန်းသည်ကား ဆေးမသောက်မီကပင် ကျွန်မ မျက်ခွံများမှာ အလွန်လေးလံနေပြီး ဖွင့်မရနိုင်အောင်ဖြစ်နေခြင်းပင်။

ထိုစဉ် ဖျတ်ကနဲ အတွေးတစ်ခုပေါ်လာသည်။

ဖိုးသားရော ငါ အိပ်မွေ့မချခင်ကတည်းက ဒီလိုမျိုးမျက်ခွံတွေလေးလံနေခဲ့တာလား. . .။

ထိုအတွေးကို ဆုံးအောင်ပင် ကျွန်မ ဆက်လက်စဉ်းစားနိုင်စွမ်းမရှိတော့ပါ။ ကျွန်မ အလွန်ပင်အိပ်ချင်နေလေပြီ။

အဲဒီနောက်တွင်တော့ ကျွန်မ ဘာကိုမှမသိတော့။

●

နောက်တစ်နေ့မနက်တွင် ကျွန်မ အိပ်ရာမှနိုးလာသည်။ နေရောင်ခြည်က ကျွန်မ မီးခိုးရောင်အခန်းထဲ ဖြာကျနေသည်ကို တွေဝေစွာဖြင့် ကျွန်မငေးကြည့်နေမိ၏။

ဒီလောက်အချိန်တွေအကြာကြီး အိပ်ခဲ့ပြီးတာတောင်မှ အိပ်ရေးဝသည်ဟုမခံစားရ။ ကျွန်မတစ်ကိုယ်လုံး မောပန်းနွမ်းနယ်နေ၏။

ဘာကြောင့်လဲ. . . ဘာကြောင့်လဲ။

ကျွန်မ စိတ်သောကရောက်လွန်းသောကြောင့် ဖြစ်ပေလိမ့်မည်။

ဟုတ်တော့ ဟုတ်သည်။ မနေ့ကတစ်နေ့လုံး လူရောစိတ်ပါ အကြီးအကျယ် ပင်ပန်းဆင်းရဲဒုက္ခရောက်ပြီးမှ အိပ်ရာဝင်ခဲ့ရသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .

မနေ့က မည်သည့်ကိစ္စအတွက်ကြောင့် ကျွန်မစိတ်ဒုက္ခ ရောက်ခဲ့ရပါသလဲ။

ပြန်စဉ်းစားကြည့်လိုက်သည်။

မမှတ်မိတော့. . .။

■

## အခန်း (၂၂)

ကုတင်ပေါ်မှနေ၍ ခြေအစုံကိုကြမ်းပြင်ပေါ်သို့ချပြီး ဖြည်း ဖြည်းချင်းထရပ်လိုက်သည်။ ကျွန်မမျက်လုံးတွေက ကြမ်းပြင်ပေါ်ကျ နေသော အယ်လ်ဘမ်စာအုပ်ကိုမြင်လိုက်ရ၏။

ကြည့်စမ်း. . . ဒါဟာ တစ်ခုခုကို သက်သေပြဖို့ ငါ ကြိုးစား ခဲ့တာပေါ့။ အဲဒီတစ်ခုဟာ ဘာလဲ။

အပြင်းအထန်စဉ်းစားရင်း ခေါင်းထဲတွင် အမည်နာမတစ်ခု ဖျတ်ကနဲပေါ်လာသည်။

ဖိုးသား. . . ဟုတ်တယ် ဖိုးသား။

ကြည့်စမ်း ငါကိုယ်တိုင်တောင် သူ့ကို မေ့လျော့တော့မလို့ ပါလား။ မဖြစ်ဘူး. . . မဖြစ်ဘူး။

ကျွန်မက ဖိုးသား၏နာမည်ကို တတွတ်တွတ်ရေရွတ်ရင်း ဆံသွက်သွက်ပင် ရေချိုးအဝတ်အစားလဲလိုက်သည်။ ပြီးတော့ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



မေမေတို့နှင့်တွေ့ဖို့ အောက်ထပ်ကိုဆင်းခဲ့၏။

တကယ်တော့ ရေချိုးအဝတ်အစားလဲနေစဉ်မှာကတည်းက မေမေတို့ကို ဖိုးသားအကြောင်းရှင်းပြဖို့အတွက် စကားတွေကိုအသေအချာ ရွေးချယ်စီကုံးထားပြီးသားဖြစ်သည်။

အရင်ဆုံး. . . ဖိုးသားကို ကျွန်မ အိပ်မွေ့ချသည့်အကြောင်း၊ ပြီးတော့ ဖိုးသားတစ်ယောက် ထူးထူးဆန်းဆန်း အပြုအမူတွေလုပ်လာသည့်အကြောင်း၊ မြေအောက်ခန်းထဲမှ ခေါ်သံကြားရသည့်အကြောင်းများကို ပြောပြမည်။ ဒီနောက်မှတော့. . . စာရေးဆရာဆီသို့ ရောက်လာပြီး ဒီအိမ်ကြီး၏ရာဇဝင်နှင့် အမေ့ခံအိမ်ကြီးဟုခေါ်တွင်သည့်အကြောင်းများကိုပါ ရှင်းပြရပေလိမ့်မည်။

ဒီလိုစီကာပတ်ကုံး သေသေချာချာရှင်းပြနိုင်ဖို့အတွက် ကျွန်မ တည်ငြိမ်နေမှ ဖြစ်မည်။ သွေးရူးသွေးတန်း ကမူးရှူးထိုးပြောနေမိရင်တော့ ဖေဖေတို့၏ယုံကြည်မှုကိုမရနိုင်။ ရူးနေသည်ဟုပင် အထင်ခံရလိမ့်ဦးမည်။

ကျွန်မ ကိုယ့်ကိုယ်ကို အတည်ငြိမ်ဆုံးဖြစ်အောင်ထိန်းရင်း မီးဖိုခန်းထဲသို့ ဝင်ခဲ့သည်။ ကျွန်မ အံ့အားသင့်သွား၏။ မီးဖိုခန်းထဲတွင် မည်သူမျှ ရှိမနေပါ။

"ဖေဖေ. . . မေမေ"

ကျွန်မက တစ်အိမ်လုံးကြားလောက်အောင် အော်ခေါ်လိုက်သည်။ သို့သော် တုံ့ပြန်သံမကြားရ။ ကျွန်မက ပြတင်းပေါက်ဆီသို့ ပြေးသွားပြီး အိမ်ရှေ့စင်ဝင်အောက်သို့ လှမ်းကြည့်လိုက်၏။ မော်တော်ကားလည်း ရှိမနေတော့ပါ။ သေချာသည်၊ ဖေဖေရောမေမေပါ အလုပ်သို့ ထွက်သွားကြလေပြီ။

အံ့ဩဖို့တော့ကောင်းသည်။ တကယ်ဆိုလျှင် ကျွန်မအတွက် စာတိုလေးတစ်စောင်လောက်တော့ ရေးပြီးထားခဲ့ဖို့ ကောင်းတာပေါ့။ အခုတော့ မနက်စာစားဖို့အတွက်ပင် ကိုယ့်ကိုယ်တိုင် ပေါင်မုန့်ကို



မီးကင်ရပေတော့မည်။

ကျွန်မစိတ်ထဲတွင် နာနာကျင်ကျင်ခံစားရ၏။ ခါတိုင်းလို မေမေကိုယ်တိုင်ကြော်သည့် ထမင်းကြော်လေးများစားလိုက်ရလျှင် ဘယ်လောက်အရသာရှိမလဲ။ သို့သော် ကျွန်မအတွက်များများစားစား တွေးနေချိန်မရ။ မနက်စာစားပြီးသည်နှင့် ကျောင်းသွားရဦးမည် မဟုတ်ပါလား။

မနက်စာကို ပေါင်မုန့်မီးကင်၊ ကြက်ဥကြော်တို့ဖြင့်သာ တင်းတိမ်လိုက်ရတော့သည်။

●

ကျောင်းသို့ရောက်လာပြီးမှ ကိုယ့်ကိုယ်ကို စိတ်ပျက်သလို နောင်တရသလို ဖြစ်မိ၏။ ကျွန်မ အသိအာရုံထဲတွင် အရာရာသည် ဝေဝေဝါးဝါးဖြစ်နေသည်။

ဆရာမတွေက ဘာစာတွေသင်နေကြတာလဲ။ ကျွန်မနားထဲ ကြားတစ်ချက်မကြားတစ်ချက်။ ကျွန်မသူငယ်ချင်းတွေကရော စကားလာပြောကြသလား၊ နှုတ်ဆက်ကြသလား ကျွန်မ သေချာမသိတော့။

ကျွန်မစိတ်ထဲတွင် ဖိုးသားအတွက် တစ်ခုခုမလုပ်ပေးနိုင်ဘဲ ရှိနေသေးသည်ကိုတွေးပြီး ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်မိသည်။

'မမစုလတ် သားကိုမေ့မသွားပါနဲ့နော်' ဟူသည့် စကားသံလေးကို ပြန်လည်ကြားယောင်နေမိ၏။

စိတ်ချ. . . ဖိုးသား၊ ငါ နင့်ကိုဘယ်တော့မှမမေ့ဘူး။

ကျွန်မစိတ်ထဲက တီးတိုးပြောလိုက်သည်။ တစ်ချိန်လုံး ဖိုးသားနာမည်ကို စိတ်ထဲက တတွတ်တွတ်ရွတ်သည်။ ပြီးတော့ ကျောင်းသုံးပလာစာအုပ်တွေ၏ စာမျက်နှာတိုင်းမှာ ဖိုးသား၏နာမည်တွေကို ချည်း ထပ်ခါထပ်ခါ အပြည့်လျှောက်ရေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှသာ သူ့ကို ငါမေ့မသွားမှာမဟုတ်လား။

ရေးရင်း ရေးရင်း ကျွန်မမျက်လုံးတွေ မှောင်မိုက်လာသည်။ အရာရာတိုင်းသည် မှောင်သထက်မှောင်လာလေ၏။

''ဟဲ့ စုလတ်. . . စုလတ်''

တစ်စုံတစ်ယောက်က ကျွန်မပုခုံးကို အတင်းလှုပ်နှိုးနေသည်။ ကျွန်မ မျက်လုံးကိုမဖွင့်နိုင်။ ရီဝေဝေလေးလံနေ၏။

ထိုတစ်စုံတစ်ယောက်က ကျွန်မပုခုံးကို ထပ်တလဲလဲကိုင်လှုပ်ရင်း ကျွန်မနာမည်ကိုခေါ်နေသည်။ နောက်ဆုံးတွင် ကျွန်မကိုယ်ကျွန်မ စိတ်တင်းပြီး မျက်လုံးကိုဖွင့်ကြည့်လိုက်နိုင်သည်။

''ဟင်. . . ပုံပုံ''

''အမယ်လေး စိတ်ပူလိုက်ရတာစုလတ်ရယ်၊ ငါ ဒီလောက်လှုပ်နှိုးနေတာတောင် နင်ကမနိုးတော့ ဘာများဖြစ်သွားပြီလဲလို့၊ နင်နေမကောင်းဘူးလားဟင်''

''ငါ. . . ငါ နေကောင်းပါတယ်''

''ဒါဆိုလည်း ဘာဖြစ်လို့ ခုံပေါ်မှာမှောက်ပြီး အိပ်နေရတာလဲ၊ အတန်းသားတွေအားလုံး ကန်တင်းရောက်ကုန်ကြပြီ၊ ဒီအခန်းထဲမှာ နင်တစ်ယောက်တည်းကျန်ခဲ့တာ''

''ငါ. . . ဗိုက်သိပ်မဆာလို့ပါဟာ''

ကျွန်မက ပင်ပန်းနွမ်းနယ်စွာဖြင့် ဖြေလိုက်၏။ ပုံပုံက

''မနက်က နင့်ကိုငါ ဓါတ်ခွဲခန်းဘက်သွားရင်း လက်လှမ်းပြခဲ့သေးတယ်၊ နင်က ကြောင်တောင်တောင်နဲ့၊ ဘာလဲ ငါ့ကိုမမြင်လိုက်ဘူးလား''

''အေးဟာ. . . ငါ ဒီနေ့တစ်နေ့လုံး စိတ်နဲ့လူနဲ့သိပ်မကပ်ချင်ဘူး''

ပုံပုံက ကျွန်မကို စိုးရိမ်စွာကြည့်ရင်း

''နင့်ကိုကြည့်ရတာ တစ်မျိုးကြီးပဲစုလတ်''



''အေး. . . ဟုတ်တယ်၊ ငါ့ကိုယ်ငါလည်း ဘာဖြစ်နေမှန်းမသိဘူး။ ဖိုးသားအတွက် စိုးရိမ်နေတာတစ်ခုပဲသိတယ်။ မနေ့ညနေက ဖိုးသားတစ်ယောက် မြေအောက်ခန်းထဲဆင်းသွားရာက လုံးဝပျောက်သွားတယ်လေ၊ မေမေတို့ကိုပြောပြတော့လည်း ငါ့ကိုမယုံကြဘူး''

''နေဦး. . . နေဦး စုလတ်၊ ဘယ်သူ. . . ပျောက်သွားတာ''

ပုံပုံက မေးခွန်းကိုပင် ဆုံးအောင်မမေးနိုင်ဘဲ ကျွန်မကိုမျက်မှောင်ကုတ်ပြီးကြည့်နေ၏။ ကျွန်မက

''ဖိုးသားလေ. . . မြေအောက်ခန်းထဲမှာ ပျောက်သွားတာ''

''စုလတ်. . . နင်ပြောတဲ့ ဖိုးသားဆိုတာ ဘယ်သူလဲဟင်''

●

အဲဒီနောက်ပိုင်းမှာတော့ ဘာတွေဆက်ဖြစ်သလဲဆိုတာ ကျွန်မကောင်းကောင်းမမှတ်မိတော့ပါ။

ပုံပုံကို အစအဆုံးရှင်းပြဖို့ ကျွန်မ ကြိုးစားခဲ့လေသလား။ ဒါမှမဟုတ် ဘာမှမပြောတော့ဘဲ စားပွဲခုန်မှထပြီး အခန်းထဲမှ တစ်ဟုန်ထိုးပြေးထွက်ခဲ့လေသလား. . .။

ကျွန်မ ဘာကိုမှ ရေရေရာရာ မမှတ်မိတော့။

ဖြစ်နိုင်လျှင် မည်သူနှင့်မှမတွေ့ချင်ဘဲ အဝေးဆုံးကို ကျွန်မပြေးထွက်သွားချင်နေမိ၏။ ကျွန်မမှာ ကြောက်လန့်စိတ်လွှမ်းကဲနေပြီလားမသိပါ။

နောက်ဆုံးမှာ သေချာတာတစ်ခုကတော့ ကျွန်မ၏ခြေလှမ်းများက အိမ်ဆီသို့ ပြန်ရန်ဦးတည်နေကြပြီး ပုံပုံက ကျွန်မကိုလှမ်းခေါ်နေသည်။ သို့သော် ကျွန်မ သူမကို လစ်လျူရှုထားလိုက်တော့၏။

ကျွန်မ၏အတွေးတွေ မှတ်မိစိတ်တွေက အေးခဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပေါ်သို့ဖြာကျနေသည့် နေရောင်ကိုပင် နွေးထွေးသည်ဟု မထင်မိ။

ကျွန်မ၏အိမ်တံခါးဝရှေ့သို့ ရောက်လာသည့်အချိန်တွင် ညနေ လေးနာရီခန့်ရှိနေလောက်ပြီထင်သည်။ အချိန်ကို ကျွန်မ သေသေချာ ချာမသိ။

ကျွန်မက အိမ်ရှေ့တံခါးမကြီး၏ လက်ကိုင်ဘုသီးကိုလှည့်ကာ တွန်းဖွင့်လိုက်သည်။ တံခါးက ပွင့်မလာ။ သော့ခတ်ထားလျက်သာ ဖြစ်နေ၏။

ကျွန်မက အိတ်ထဲတွင်နှိုက်စမ်းရင်း သော့ကိုရှာလိုက်သည်။ မတွေ့. . .။

ဒုက္ခပဲ. . .မနက်တုန်းက အိမ်ကထွက်အလာမှာ သော့ယူ လာဖို့ ကျွန်မမေ့ခဲ့ချေပြီ။

မေမေ အိမ်မှာရှိလျှင် အကောင်းသားဟု ကျွန်မတွေးလိုက် သည်။ ခါတိုင်း ဒီအချိန်လောက်ဆို မေမေ အိမ်ပြန်ရောက်နေလေ့ ရှိသည်။ ပြီးတော့ မီးဖိုထဲမှာ ချက်ပြုတ်နေတတ်၏။

ကျွန်မက လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ ဘာသံမှ မကြားရ။ ကျွန်မက ခေါင်းလောင်းခလုတ်ကို ထပ်ခါထပ်ခါနှိပ်လိုက် ပြန်သည်။ ပြီးတော့မှ အိမ်ထဲမှာ ခုထိ ခေါင်းလောင်းကြိုးကို မသွယ် ရသေးမှန်း ပြန်သတိရသွား၏။ ထို့ကြောင့် ကျွန်မက တံခါးကို လက်သီးဆုပ်ဖြင့် တဒုန်းဒုန်းမြည်အောင် ထုပစ်လိုက်သည်။

တံခါးဖွင့်စမ်းပါ။ မြန်မြန်ဖွင့်ကြစမ်းပါ။ မောင်လေးကို မြေ အောက်ခန်းထဲမှာ ဒီအတိုင်းပစ်ထားတာ ဘယ်လောက်ကြာသွားပြီ လဲ. . .။

ကျွန်မက တံခါးကို ထပ်တလဲလဲ ထုရိုက်နေမိတော့သည်။ လက်တွေနာကျင်လာ၏။ နောက်ဆုံးတွင် တံခါးက ပွင့်ဟသွားသည်။ မေမေက အဝင်ဝမှာဆီးကာရပ်ရင်း ကျွန်မကို အသေအချာ



ကြည့်နေ၏။ ထို့နောက် အင်မတန်ဖော်ရွေသည့်ဟန်ဖြင့် စကားတစ် ခွန်းပြောလိုက်သည်။

"ဘာကိစ္စရှိလို့ပါလဲရှင်၊ ကျွန်မဘာလုပ်ပေးရမလဲ"

အံ့သြတုန်လှုပ်လွန်းရသောကြောင့် မေမေ့ကို ကျွန်မ ဘာပြန် ပြောရမည်မှန်း မသိနိုင်တော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"မေမေ. . . သမီးလေ၊ မေမေ့သမီး စုလတ်ပါ၊ မမှတ်မိတော့ဘူးလား"

ကျွန်မက တံခါးရွက်ကို အဆုံးအထိ ရှင်းရှင်းပွင့်သွားအောင် တွန်းဖယ်လိုက်ရင်း အော်ပြောမိသည်။

မေမေကတော့ ကျွန်မကို တကယ့်သူစိမ်းပြင်ပြင်လို စိုက်ကြည့်ရင်း

"ဘယ်လို. . . ဘယ်လို ဘယ်ကသမီးလဲ၊ ငါလည်း နင့်ကို မသိရပါလား"

"မေမေ သမီးကို မေ့မပစ်လိုက်ပါနဲ့၊ သမီးကို အိမ်ထဲပေးဝင်ပါ၊ ဖိုးသားဆီသွားရအောင်လေ"

ကျွန်မက ပြောပြောဆိုဆိုဖြင့် ရှေ့သို့အတင်းတိုးကာဝင်လိုက်၏။ မေမေက ကြောက်လန့်တကြားဖြင့် ကျွန်မကို ခါးခါးသီးသီးကြည့်ရင်း



"ထွက်သွား. . . နင် ငါ့အိမ်ထဲကထွက်သွား"

"မသွားဘူး၊ မေမေ သမီးနဲ့ မြေအောက်ခန်းထဲလိုက်ခဲ့"

ကျွန်မက မေမေ့ကိုအတင်းဖက်ကာ မြေအောက်ခန်းဆီသို့ အတင်းဆွဲခေါ်၏။ မေမေက ကျွန်မလက်မှလွတ်အောင် ဆောင့်ရုန်းရင်း

"လွှတ်. . . လွှတ် နင် ငါ့ကို ဘာလုပ်မလို့လဲ၊ ခုချက်ချင်း ငါ့ကိုလွှတ်"

ကျွန်မကလည်း မလွှတ်ဘဲ အတင်း ဆွဲမြဲဆွဲခေါ်သည်။ မေမေ့မျက်လုံးများက ကြောက်လန့်တကြားပြူးကျယ်ဝိုင်းစက်လာကြပြီး

"နင်. . . နင် ပိုက်ဆံလိုချင်ရင် ယူသွားပါ၊ ငါ့ကိုတော့ အန္တရာယ်မပေးပါနဲ့ဟယ်၊ တောင်းပန်ပါတယ်၊ ရှစ်ကြီးခိုးပါရဲ့၊ ငါ့ကို အခုလွှတ်ပေးပါ၊ နင်လိုချင်တဲ့ပိုက်ဆံပေးပါ့မယ်"

"ပိုက်ဆံ. . . ဟုတ်လား၊ သမီး ပိုက်ဆံတောင်းနေတာမဟုတ်ဘူးမေမေ၊ သမီးလိုချင်တာ မေမေ သမီးကိုမှတ်မိဖို့ ပြီးတော့ ဖိုးသားကိုမှတ်မိဖို့. . . ဒါပဲ"

မေမေ တဆတ်ဆတ်တုန်အောင် ကြောက်ရွံ့နေသည်။

မေမေသည် သူ့သမီးအရင်းခေါက်ခေါက်ကိုပင် မမှတ်မိတော့ဘဲ ကြောက်ရွံ့နေရရှာပကော. . .။

ကျွန်မမျက်ဝန်းအိမ်ထဲမှ မျက်ရည်တွေ အလိုလိုစီးကျလာသည်။ သို့သော် သုတ်ပစ်ရန်မကြိုးစားမိတော့။

မေမေက ကျွန်မကို အန္တရာယ်ပေးနိုင်သည့်သတ္တဝါတစ်ကောင်လိုကြည့်ရင်း တုန်တုန်ရီရီဖြင့်

"အေး. . . အေးပါ၊ ငါ မင်းကို မှတ်. . . မှတ်မိပြီ။ မင်းပြောတဲ့ ဟို. . . ဟို ဖိုးသားဆိုတဲ့လူကိုလည်း မှတ်မိပါပြီ။ ကဲ. . . ကျေနပ်ပြီလား၊ ငါ့ကိုလွှတ်နော်"

www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘာကိုမှ မှတ်မိခြင်းမရှိပါ။ သူ့ကို အန္တရာယ်ပေးမည်ထင်ပြီး အလိုက်အထိုက်ပြောနေခြင်းသာဖြစ်မှန်း ကျွန်မ သိပါသည်။

ဝမ်းနည်းလွန်းသောကြောင့် ကျွန်မရင်ထဲမှာဆို့တက်လာ၏။ မေမေယုံအောင် ကျွန်မ ဘယ်လိုသက်သေပြရမလဲ။

မြေအောက်ခန်းထဲမှာ ဖိုးသားသာလျှင်ရှိတော့သည်။ သူ့ကို ကျွန်မ မမေ့ပါ။ သူ့ကို ကျွန်မ ဘယ်တော့မှ မေ့သွားလိမ့်မည်မဟုတ်ပါ။

''ဖိုးသားရေ. . . မမလာပြီ''

ကျွန်မက မေမေ့လက်မောင်းကို ဆုပ်ကိုင်ထားရာမှ လုံးဝလွှတ်လိုက်ပြီး မြေအောက်ခန်းဆီဆင်းသော တံခါးပေါက်သို့ လျှောက်လာခဲ့တော့သည်။ မေမေကတော့ ကျွန်မလက်မှ လွတ်လျှင်လွတ်ချင်း တယ်လီဖုန်းဆီသို့ ပြေးသွားကာ ကမန်းကတန်းဆက်တော့သည်။ ရဲစခန်းသို့ဆက်ခြင်း ဖြစ်ပေလိမ့်မည်။

မေမေက အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့နေသည့်အသံဖြင့်

''ဟုတ်ပါတယ်ရှင်၊ ကျွန်မ တစ်ခါမှမတွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့ အိမ်ထဲကို ဖွတ်အတင်းဝင်လာတာရှင့်။ ရူးနေတယ်လို့ထင်ပါတယ်. . . ဟုတ်ကဲ့. . . ကျွန်မကို အန္တရာယ်ပေးမယ့်ပုံပါ၊ အမြန်ဆုံးလာကြပါရှင်''

တယ်လီဖုန်းထဲသို့ပြောနေသော မေမေ့စကားသံများကို ကြားရသော်လည်း ဘယ်လိုမှမခံစားမိတော့။ ကျွန်မက တီးတိုးရေရွတ်လိုက်သည်။

''ဖိုးသားရယ်. . . နင့်ကိုငါ ဘယ်တော့မှမမေ့ပါဘူး''

ပြီးနောက် ကျွန်မက မြေအောက်ခန်းထဲသို့ဆင်းသော လှေကားအတိုင်း တစ်လှမ်းချင်းဆင်းလာခဲ့တော့သည်။

■

# နှိုက်

ကျွီကနဲ လေးလံသောတံခါးတစ်ချပ် တွန်းဖွင့်သံလိုလို ကြားရသည်။ မြေအောက်ခန်း တစ်ဖက်စွန်းနံရံဆီမှဖြစ်သည်။

ကျွန်မက မြေအောက်ခန်းကြမ်းပြင်ပေါ်တွင် တရွေ့ရွေ့စမ်းလျှောက်ရင်း အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

ဟင်. . . တံခါးတစ်ချပ်။

နံရံတွင် အက်ကြောင်းမျှမရှိပါဘဲနှင့် တံခါးတစ်ချပ် အလိုလိုပေါ်လာပြီး ဖြည်းဖြည်းချင်း ပွင့်ဟလာနေလေသည်။

ကျွန်မက ထိုတံခါးဆီသို့ လျှောက်သွားလိုက်သည်။

တံခါး၏ဟိုဘက်မှာတော့ ပိန်းပိတ်နေသောအမှောင်ထုကို မြင်ရ၏။ ကျွန်မက သေသေချာချာ စိုက်ကြည့်နေမိသည်။

အမှောင်ထု. . .၊ အို. . . မဟုတ်သေးပါဘူး။ အမှောင်ထုထဲရှေ့တွင် မီးခိုးရောင်ဝိုးတဝါးသဏ္ဌာန်တစ်ခုကို ကျွန်မ တွေ့မြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အဲဒီရုပ်ပုံသဏ္ဌာန်ကို ကျွန်မ မြင်မြင်ချင်းပင် မှတ်မိလိုက်၏။

ဖိုးသား. . .။ ဟုတ်တယ်. . . ဖိုးသားအစစ်ပါပဲ။

တံခါး ဟိုဘက်အခြမ်းမှနေ၍ ဖိုးသားက ကျွန်မကို လှမ်းကြည့်နေသည်။ သူ့ကို မြင်နေရသည်မှာ အခိုးအငွေ့တွေကို စုဖွဲ့ထားသည့် ပုံသဏ္ဌာန်သက်သက်ဖြစ်နေ၏။ လုံးဝမီးခိုးရောင်ကြီးသာဖြစ်သည်။

ဖိုးသားနှင့်ကျွန်မ မျက်လုံးချင်းဆုံမိကြသည်။

ဖိုးသား၏ပါးစပ်က ဖြည်းဖြည်းချင်းပွင့်ဟလာသည်။ ထို့နောက် ပြန်ပိတ်သွားသည်။ နှုတ်ခမ်းအဖွင့်အပိတ်ကြားတွင် လေးလံလွန်းသည်ဟုထင်ရ၏။ ထို့နောက် သူ့စကားသံကို ကျွန်မ ကြားရလေသည်။

"နုလတ်. . . ငါတို့ နင့်ကိုစောင့်နေကြတယ်"

ကျွန်မ အသည်းနှလုံးထဲအထိ အေးစိမ့်သွားသည်။ ပြီး. . .

"ဟင့်အင်း. . . မလာဘူး ငါမလာဘူး၊ ငါ့ကို မခေါ်ကြနဲ့"

ကျွန်မက အကြောက်အကန်ငြင်းမိသည်။

"လာခဲ့ပါ. . . စုလတ်၊ အခု နင့်ကို သူတို့မေ့သွားကြပြီပဲ၊ ဘာတွေကို တွယ်တာနေဦးမှာလဲ၊ နင့်ရဲ့ သံယောဇဉ်ကိုလား. . . နင့်ရဲ့နာမည်ကိုလား။ ဘယ်ဟာကို ဘဝလို့ခေါ်သလဲ၊ နင်က ဘဝလို့ ထင်နေတဲ့အရာတွေအားလုံးဟာ တစ်ချိန်ကျရင် လူတွေကမေ့ပစ်လိုက်ကြမယ့်အရာတွေပါပဲ"

ဟုတ်သလား. . .။ သူ ပြောတာမှန်များမှန်နေသလားဟု ကျွန်မ ပြန်စဉ်းစားကြည့်မိသည်။

ကျွန်မက ဘာလို့ သတိရခံချင်နေရတာလဲ။

ပြဿနာက ဒါပဲဖြစ်သည်။



ကျွန်မက ဘာလို့ သူများတွေရဲ့သတိရတာကို ခံချင်နေရတာလဲ။

●

'သတိရတယ်' ဟူသော စကားလေးတစ်ခွန်းသည် လူသားဘဝကို ချုပ်ကိုင်ထားသည်မှာ အံ့ဩဖို့တော့ကောင်းလေသည်။ တကယ်တော့ 'သတိရတယ်'ဆိုခြင်းမှာ သိမှတ်စိတ်ကလေးတစ်ခုမျှသာ ဖြစ်သည်။

ကျွန်မတို့သည် ကိုယ့်ကို မိဘတွေကသတိရသည်ဆိုလျှင် စိတ်လုံခြုံမှုကိုခံစားရသည်။ သူငယ်ချင်းတွေက သတိရသည်ဆိုလျှင် ပျော်ရွှင်ကြည်နူးမှုကို ခံစားရသည်။ တခြားလူတွေအများကြီးက သတိရသည်ဆိုလျှင် ပီတိဖြစ်ကာ မသိမသာ ဂုဏ်ယူတတ်ကြသည်။

တကယ်တော့ အဲဒီသိမှတ်စိတ်တွေဟာ တစ်ချိန်ချိန်မှာ ဘယ်ကိုများရောက်သွားကြမှာပါလိမ့်။

နောက်ဆုံး ကျွန်မတို့ သေဆုံးသွားကြတဲ့အခါမှာဖြစ်ဖြစ်ပေါ့။

●

ဟောသည်လောကကြီးတစ်ခုလုံးမှာ သင့်ကိုသတိရတဲ့သူတစ်ယောက်မှမရှိတော့ဘူးဆိုရင်ရော. . .။

သင် ဘယ်လိုခံစားရမလဲ။

အရမ်းကို အထီးကျန်သွားမှာပဲ မဟုတ်ဘူးလား။

တကယ်တော့ ကျွန်မတို့သည် သူများက ကိုယ့်ကိုသတိရနေစေချင်သည်ဆိုခြင်းမှာ မိမိကိုယ်တိုင် အထီးကျန်ရမည်ကို ကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်းကြောင့်သာဖြစ်၏။

အထီးကျန်မဖြစ်ချင်သူတွေက ကိုယ့်မိသားစုကို အတင်းဖက်တွယ်ထားကြသည်။ သူငယ်ချင်းတွေကို အတင်းဖက်တွယ်ထားကြသည်။ နာမည်ကျော်ကြားမှုတွေ အသိုင်းအဝိုင်းတွေနှင့် ကိုယ့်ကိုယ်ကို နှောင်ဖွဲ့ပစ်လိုက်ကြသည်။

ဒါပါပဲ။

တကယ်တော့ လူတွေဟာ မွေးကတည်းက အထီးကျန်နေမှန်း ကိုယ့်ကိုယ်ကို ဘယ်သူမှမသိကြတာပါ။

•

သေသွားပြီးတဲ့နောက်မှာရော ကိုယ့်နာမည်ကို လူဘယ်လောက်များများက သတိရနေစေချင်ကြသလဲ၊ ဘယ်လောက်ကြာကြာ အထိကော သတိရနေစေချင်တာလဲ။

(တချို့ကတော့ စိတ်ကူးယဉ်အတွေးထဲမှာတောင်မှ သေပြီးတဲ့နောက်အထိ အထီးကျန်ဖြစ်မှာကို ကြောက်ကြတုန်းပဲလေ။ သူ့ရဲ့ကောင်းဆိုတဲ့လူတွေတောင် ဒါကိုတော့ ကြောက်တတ်ကြတယ်မဟုတ်လား။)

တကယ်တော့ သေပြီးပြီဆိုလျှင် အထီးကျန်ဖြစ်ရမှာကို ဘာကြောက်စရာလိုနေသေးလို့လဲ။

သတိရသူရော သတိရခြင်းကိုခံရသူရော နှစ်ယောက်စလုံးဟာ တစ်ချိန်ချိန်ကျရင် အမေ့လျော့ခံလိုက်ရမယ့်လူတွေချည်းပဲ မဟုတ်လား။

•



"မမစုလတ်. . ."

ဖိုးသား၏ခေါ်သံက နွေးထွေးနေသလိုခံစားရ၏။

"အခုဆို နင့်ကို သူတို့အားလုံးမေ့သွားကြပြီ။ အဲဒီလောကမှာ နင်ဟာ မရှိတဲ့လူတစ်ယောက်ဖြစ်သွားပြီပဲ။ လာခဲ့ပါ. . . လာခဲ့ပါ။ ငါတို့ စောင့်နေကြတယ်"

ဟုတ်သည်။

အခုဆိုလျှင် ဖေဖေနှင့်မေမေတို့အတွက် ကျွန်မသည် သမီးတစ်ယောက်မဟုတ်တော့။ မကြာခင် စိတ်ကျန်းမာရေးဆေးရုံမှဖြစ်စေ၊ ရဲတွေဖြစ်စေ ရောက်လာကြလိမ့်မည်။ သူတို့က ကျွန်မဘယ်သူလဲဟု မေးမြန်းကြမည်။ မေမေက သူမ မသိပါဟုဖြေလိမ့်မည်။

အဲဒီအခါကျလျှင် ကျွန်မလည်း ကိုယ့်ကိုယ်ကို ပြန်မေးရပေတော့မည်။

ငါ. . . ဘယ်သူလဲ။

ကျွန်မမှာ ရွေးချယ်စရာမရှိတော့ပါ။ ဘယ်သူမှမဟုတ်သည့် လူတစ်ယောက်အဖြစ်နှင့် ဒီလောကထဲတွင် ဆက်လက်နေထိုင်သွားဖို့ ဘာအဓိပ္ပာယ်မှမရှိပါ။

ရေမှာ အမှောင်ထုက နွေးထွေးလွှမ်းနေသည်။

ကျွန်မကိုယ်ပေါ်သို့ ပြာလဲ့လဲ့ငွေရောင်အလင်းတန်းတစ်ခု ထိုးကျလာ၏။ စိတ်ထဲတွင် ပေါ့ပါးလန်းဆန်းသွားသည်။

**(ကိုယ့်ကိုယ်ကို အထီးကျန်ဖြစ်မှန်း အသေအချာခံယူလိုက်သောအခါ လူသည် လွတ်လပ်မှုနှင့် ပြည့်စုံသွားလေသည်။)**

ထိုစဉ် လှေကားအတိုင်းပြေးဆင်းလာကြသော ခြေသံများကို ကြားလိုက်ရ၏။

မေမေတို့ ဖြစ်မည်ထင်သည်။

ကျွန်မ လှည့်မကြည့်တော့ဘဲ နှုတ်မှ စကားတစ်ခွန်းကိုသာ တီးတိုးရေရွတ်လိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်ဘိုင်"

ထို့နောက် လောကနှစ်ခုကိုခြားနားထားသည့် တံခါးပေါက်ကိုဖြတ်သန်းကာ အမှောင်ထုထဲသို့ တိုးဝင်လျှောက်လှမ်းသွားလိုက်တော့သည်။

ကျွန်မ အားလုံးကို ထားရစ်ခဲ့ရဲချေပြီ။

■

သတိုးစော

'အမှေခံအိမ်ကြီး'ဆီကို ရောက်လာခဲ့တဲ့. . .

လွန်ခဲ့တဲ့ နှစ် (၃၀) က မင်္ဂလာပွဲရဲ့ သတို့သားဟာ. . .

ဘယ်သူလဲ?

အဖြေကတော့. . .

●

●

■ သေဆုံးပြီးတဲ့သူကိုတောင် တမလွန်ကနေ ခေါ်ပြန်ခေါ်နိုင်တဲ့. . .မှတ်စုလေးတစ်စု

■ လောကမှာရှိတဲ့ ဘယ်တံခါးကိုမဆို ဖွင့်နိုင်တဲ့. . .သော့တစ်ချောင်း

■ ဘယ်ရထားမှ မရပ်တော့ဘဲ ဘူတာရုံဟောင်းဆီ လူတွေကိုပို့ပေးနိုင်တဲ့. . .ရထားလက်မှတ်တစ်စောင်

■ လူတွေရဲ့ ငိုညည်းသံတွေကို ပိတ်စလုပ်ပြီးချုပ်ထားတဲ့. . .စောင်တစ်ထည်

■ ကြည့်မိသူတိုင်းကို သတိလစ်မေ့မျောသွားစေနိုင်တဲ့. . .ဂျိုကာဖဲချပ်လေးတစ်ချပ်

■ အချိန်ကို ရပ်တရက် ရပ်တန့်ပစ်နိုင်တဲ့. . .မီးခြစ်တစ်လုံး

အဲဒါတွေနဲ့ ဖွဲ့စည်းထားတဲ့ ဝတ္ထုတစ်ပုဒ်

#၁၀

သတိုးစော

ရဲ့

(၁၀)အုပ်မြောက်အထူးထုတ်

အိပ်မက်ရွာ၊ အခန်း (၁၃)၊

သေမင်းရှူးတဲ့ဆောင်းကစား

ရှေ့လမျှော်

www.burmeseclassic.com

## ဆက်လက်၍

- ကိုယ့်ကိုယ်ကို သေဆုံးပြီးမှန်းမသိကြသေးတဲ့ လေယာဉ်ကလေသည်တစ်စု
- မရေလာမြစ်ကိုဖြတ်ကူးပြီး လူ့လောကထဲကို အရောက်ပြန်လာသူတစ်ယောက်
- အကြားအမြင်ဟောဆရာမကြီးတစ်ယောက်ရဲ့ ပါးစပ်က 'မကောင်းဆိုးဝါး' လို့ ခေါ်ဝေါ်ခံရပြီးတဲ့နောက်မှာ မိစ္ဆာအဖြစ်ဆိုးတွေနဲ့ ဆက်တိုက်ကြုံတွေ့ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ချောက်ချားဖွယ်နေ့ရက်များ

#၁၁

# သချိုင်းစောင

ရဲ့
(၁၁) အုပ်မြောက်

**တမလွန်ပြေးဝိဉာဉ်**

ရွှေအိမ်မှူးစာပေ

ရွှေအိမ်မှူးစာပေ

သရဲတစ္ဆေစာမူပိတ်ခေါ်ပွဲ

**သုရစာမူ**

# ခရမ်းနု

စံပယ်လား...ဟင်

ကျွန်မဘဝတွင် တွေ့ကြုံခဲ့ရသော ဝမ်းနည်းစရာ ယူကြုံးမရဖြစ်စရာနှင့် အင်မတန်မှ သွေးပျက်ကြောက်လန့်ဖွယ်ကိစ္စတစ်ခုကို တင်ပြချင်ပါသည်။ ယခု ကျွန်မရေးသားသော အဖြစ်အပျက်သည် တကယ်ဖြစ်ရပ်မှန်ဖြစ်ပါကြောင်းနှင့် ကာယကံရှင်များအား ငဲ့ညှာ၍ နာမည်၊ နေရပ်လိပ်စာများအား လွှဲပြောင်းရေးသားထားရပါကြောင်း။

**စာရေးသူ**

www.burmeseclassic.com

www.burmeseclassic.com

ဘာလိုလိုနဲ့ ခြောက်နှစ်ကျော်တောင်ကြာခဲ့ပါပြီ၊ ကျွန်မ ဆယ်တန်းကျောင်းသူဘဝကပါ။ ဒါပေမဲ့ ကျွန်မရဲ့မျက်လုံးထဲမှာရော၊ စိတ်ထဲမှာပါ မနေ့တစ်နေ့ကလိုပဲ ထင်မှတ်နေဆဲ မြင်ယောင်နေဆဲပါ။ မှိုးအုံ့နေတဲ့ ညနေစောင်းတွေများဆိုရင် ကျွန်မကြုံတွေ့ခဲ့တဲ့ အဲဒီ အဖြစ်အပျက်ဆိုးကြီးများ ထပ်မံဖြစ်ပျက်လာဦးမလားလို့ ယနေ့ထက်တိုင် သွေးပျက်နေဆဲပါ။ အဖြစ်က . . .

"သမီးရေ . . . ဒီမှာ စံပယ်ရောက်နေတယ်ဟေ့"

"ဟင်"

ကျွန်မ စာကျက်နေရာမှ အံ့သြစွာဖြင့် ဘောလ်ပင်ကို ယောင်ရှ်ပင်လွှတ်ချလိုက်မိသည်။ ကျွန်မတို့က ဒဂုံမြောက်ပိုင်း (၄၃)ရပ်ကွက်တွင်နေသည်။ နောက်ပြီး ကျွန်မတို့အိမ်ရောက်ဖို့ (၄၉) ကားကို ဂိတ်ဆုံးထိစီးရပြီးနောက် လမ်းမကြီးပေါ်တွင်ရှိသော ကျွန်မတို့၏အိမ်သို့ (၁၀)မိနစ်ခန့် လမ်းလျှောက်ရသေးသည်။ ထိုသို့ လာရခက်သောနေရာမျိုးကို မြို့ထဲရှိ 'အိမ်ရာ'တစ်ခုတွင်နေသော ကျွန်မ



သူငယ်ချင်းက ညနေစောင်းနေဝင်ခါနီး ရောက်လာသဖြင့် အင်မတန်မှ အံ့သြရပါသည်။

"စံပယ် . . . နင် ဘယ်လိုလုပ်ပြီး . . ."

"ရှူး . . ."

ကျွန်မ စကားဆုံးအောင်မပြောလိုက်ရပါ။ စံပယ်က ပျာယီးပျာယာဖြင့် အခန်းထဲသို့အတင်းဝင်ပြီး . . .

"နင် ဘာမှမပြောနဲ့ဦးဟာ၊ ငါ နင်တို့အိမ်မှာ ဒီတစ်ည အိပ်မယ်၊ ရမလား"

"ဟင် . . . စံပယ် ငါကမရဘူးဆိုရင်ကော နင် ဒီအချိန်မှ ဘယ်သွားဦးမှာလဲ"

စံပယ်က မျက်နှာမကောင်းစွာဖြင့် . . .

"ရပါတယ်ဟာ၊ ငါ တစ်နေရာရာသွားမှာပေါ့"

"ဒီမှာ . . . စံပယ် နင် ငါ့အိမ်မှာအိပ်တာ ပြဿနာတော့ မရှိပါဘူး၊ ဒါပေမဲ့ နင် ဘာဖြစ်လာတာလဲဆိုတာတော့ ငါသိထားသင့်တယ်လေဟာ"

စံပယ်က စိတ်ညစ်ညူးစွာ ခေါင်းထဲသို့လက်ထည့်ပြီး ဆံပင်များအား ကုတ်ဖွနေရင်းမှ . . .

"ကျွတ် . . . ငါ သိပ်စိတ်ညစ်တယ်ဟာ၊ ငါ့မှာ ကွိုင်က တော်တော်ပူနေပြီ"

"ထုံးစံအတိုင်းပဲပေါ့ . . . ဟုတ်လား"

"အင်း"

စံပယ်က သိပ်မချောပါ။ ဒါပေမဲ့ ကောင်လေးများစွာဖြင့် တွဲသွားတွဲလာလုပ်လွန်းသည်။ ကျောင်းစာကိုလည်း စိတ်မဝင်စားသည့်အပြင် အရွယ်နှင့်မလိုက်အောင် သုံးချင်ဖြုန်းချင်လွန်းသည်။ သူ့စရိုက်ကြောင့် သင်တန်းသူအများစုက မခင်ချင်ကြသလို စံပယ်ကလည်း ဂရုမစိုက်ဘဲနေခဲ့သည်။ ကျွန်မကိုမှ ထူးထူးခြားခြားခင်သဖြင့် ကျွန်မကလည်း ညီအစ်မအရင်းကဲ့သို့ ခင်မင်ခဲ့ရသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ 'သူမ'ကိုမကြိုက်ပါ။ ယခုလည်း ကျွန်မဆီလာရောင်နေတာပဲ ဖြစ်ရမည်ဟု တွေးမိကာ . . .

"ကဲပါ. . . ဒါဆိုလည်းအိပ်လေ၊ ငါ အမေ့ကိုပြောပေးမယ် နော်"

"အေးဟာ. . . ကျေးဇူးပဲ"

ကျွန်မက အမေ့ကို ကြည့်ကောင်းအောင်ပြောကာ စံပယ့်ကို အိပ်စေလိုက်ပါသည်။ ကျွန်မတို့အိမ်တွင် မိသားစု(၃)ယောက်သာ ရှိသည်။ အဖေကလည်း ရုံးမှပြန်မလာသေးပါ။ အမေကတော့ ကျေနပ်စွာပင်ခွင့်ပြုခဲ့သည်၊ ထိုညက ကျွန်မ တစ်ညလုံးမအိပ်ခဲ့ရပါ။ သူမပြောတာတွေနားထောင်ရင်း မိုးလင်းခါနီးမှအိပ်ခဲ့ရပါသည်။ စံပယ်က နေ့လယ်ဘက်တွင် ကျွန်မဆီလာလည်လေ့ရှိသော်လည်း ယခုလို ညအိပ်ခြင်းအတွက် အနည်းငယ် အံ့သြနေသည်မှတစ်ပါး ဒေါ် အေ ကလည်း ဘာမှမပြောဘဲနေပေးခဲ့သည်။ နံနက်သင်တန်းသွားခါနီးမှ. . .

"သမီးရေ. . . သမီး. . . သင်တန်းသွားရမယ်လေ၊ မထသေး ဘူးလား"

"ရှင်. . . ဩော်. . . ဟုတ်ကဲ့အမေ၊ ဟုတ်ကဲ့"

"ဟဲ့. . . ဟဲ့. . . စံပယ်ထတော့၊ သင်တန်းသွားရတော့မယ် ပြင်တော့"

"ဟာ. . . နင်ကလည်း သင်တန်းသွားဖို့ ငါ့မှာ ဘာမှမပါတဲ့ ဟာကို"

"ကျွတ်. . . ဒါဆိုဘယ်လိုလုပ်မလဲဟ၊ သင်တန်းမတက်ရင် အမေဆူမှာပေါ့"

"အင်း"

စံပယ်က ပျင်းကြောဆန့်လိုက်ပြီးမှ . . .

"ရတယ်၊ နင်သွားလိုက်တော့၊ ငါ အိမ်ပြန်လိုက်မယ်"

"ဟဲ့. . . အစောကြီး၊ ဖြစ်ပါ့မလား"



"ရပါတယ်၊ ဒီအချိန်ဆို ငါ့အမေကလည်း ရုံးသွားဖို့ပြင် နေလောက်ပြီ၊ ငါရောက်တဲ့အချိန်ဆို သူ အိမ်မှာမရှိလောက်တော့ ဘူး"

"ဒါဆိုလည်းထဟာ၊ အမေတို့ မရိပ်မိခင်လစ်ရအောင်"

ထိုနေ့က ကျွန်မသင်တန်းမသွားခင် စံပယ့်ကိုကားပေါ်တင် ပေးပြီးမှ ကျွန်မ သင်တန်းဆက်သွားခဲ့သည်။ အမေတို့က စံပယ်နှင့် ကျွန်မ သင်တန်းတူသည်ဟုထင်မှတ်သဖြင့် ဘာမှမမေးခဲ့ပေ။ တကယ် တော့ ကျွန်မနှင့်စံပယ်က ကျူရှင်မှာ ခင်ခဲ့သိခဲ့ကြခြင်းဖြစ်သည်။ စံပယ့်ကိုတွေ့ရခြင်းသည် ထိုနေ့က နောက်ဆုံးဖြစ်မည်မှန်းသိလျှင် ကျွန်မ ပြန်မလွှတ်ခဲ့ပါ။ ကျွန်မ သင်တန်းမတက်ဘဲနေခဲ့မည်သာ ဖြစ် ပါသည်။ ယခုတော့ ကျွန်မတစ်ဘဝလုံးအတွက် နောင်တရနေမိသည့် အဖြစ်က တော်တော်ဆိုးပါသည်။ ထိုနေ့က သင်တန်းဆင်း၍ ညနေ ကျူရှင်သို့သွားသောအခါ ကျွန်မ သူမ၏သတင်းဆိုးကို ကြားခဲ့ရ တော့သည်။

"စံပယ်. . . အသတ်ခံရလို့တဲ့ နိုင်လေး"

"ဟင်. . . ဘာ. . . ဘာဖြစ်တယ်"

"စံပယ်. . . အသတ်ခံရလို့တဲ့"

"ဘယ်ကစံပယ်လဲ"

"ဘယ်ကစံပယ်ရမှာလဲဟယ်၊ နင့်သူငယ်ချင်းစံပယ်ပေါ့၊ စိတ်မကောင်းလိုက်တာဟယ်"

"ဟာ. . . မဖြစ်နိုင်တာ၊ သူ မနက်ကမှ ငါ့အိမ်ကပြန်သွား တာဟဲ့၊ ဘုရား. . . ဘုရား တကယ်ကောဟုတ်ရဲ့လား၊ နင် လူမှားပြီ နဲ့တူတယ်နော်"

"တကယ်ပဲ နိုင်လေး၊ နေ့လည်က ကောင်လေးနှစ်ယောက် ဝင်သတ်သွားတာတဲ့၊ စံပယ်ကလည်း ပြန်ခုခံသေးတယ်တဲ့၊ အခန်း ထဲမှာ ဝုန်းဒိုင်းကြဲနေတာပဲတဲ့၊ အဲဒီအသံတွေကြောင့် ဘေးအိမ်က သူတွေ အပြင်ကအတင်းထုရိုက်ပြီးဝင်တော့ လူသတ်သမားတွေက

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးပေါ်ကထွက်ပြေးသွားတယ်တဲ့၊ မမိလိုက်ဘူးတဲ့၊ ရက်ရက်စက်စက်ကို လုပ်သွားကြတာတဲ့ဟာ''

ကျွန်မသည် ပြောနေသောသူကိုပင် မမြင်နိုင်တော့အောင် ကျွန်မရင်တွေ ဗလောင်ဆူနေမိသည်။ အာရုံတွေဝေဝါးကာ သူမကို ပင် ငေးစိုက်ကြည့်နေမိသည်။ မနေ့ညကပဲ ကျွန်မနှင့်အတူရှိခဲ့သော ကျွန်မ၏သူငယ်ချင်းက အခု မရှိတော့ဘူးတဲ့။ ရက်ရက်စက်စက် အသတ်ခံရတာတဲ့၊ ကျွန်မသည် မယုံကြည်နိုင်လောက်အောင် ဆွံ့အ သွားခဲ့ရသည်။

''နိုင်လေး. . . သတိထားဟာ၊ ငါတို့လည်း လုံးဝမယုံကြည် နိုင်ဘူး၊ ဒါပေမဲ့ ဒါက တကယ်ဖြစ်သွားပြီဟ''

အတန်းထဲရှိ သင်တန်းသူ သင်တန်းသားများသည် ကျွန်မ အား ဂရုဏာသက်စွာ ဝိုင်းကြည့်နေကြလေသည်။ ထိုစဉ် ဆရာ ရောက်ရှိလာပြီး . . .

''သမီး. . . ဒီနေ့ စာမသင်နဲ့တော့နော်၊ သမီး စိတ်မကောင်း ဖြစ်သလို ဆရာတို့လည်း စိတ်မကောင်းဖြစ်ရတယ်။ ဒီတော့ သမီး အိမ်ပြန်နားနေလိုက်။ ဆရာ ဒီက သင်တန်းသား(၂)ယောက် ထည့် ပေးလိုက်မယ်၊ ဟုတ်ပြီလား''

ကျွန်မလည်း ခေါင်းကို ကြိုးစားညိတ်ပြလိုက်ရသည်။ ကျွန်မ စိတ်နဲ့ကိုယ်နဲ့ကပ်သည့်အချိန်မှစ၍ မျက်ရည်များသည် မငိုဘဲနှင့် အလိုလိုကျလာကာ အိမ်ပြန်ရောက်တဲ့အချိန်ထိ တားမရနိုင်ခဲ့။ ကျွန် မှကျောင်းသားများနှင့်ပြန်လာပြီး မျက်ရည်လည်ရွဲဖြစ်နေသော ကျွန်မ ကိုမြင်သောအမေမှာ စိုးရိမ်တကြီးပြေးပွေ့ထားကာ . . .

''သမီးလေး. . . သမီးလေး. . . ဘာဖြစ်လာတာလဲ. . . ဘာဖြစ်လာတာလဲ''

''အမေ့. . . အမေ့''

''ဟေ. . . ပြော. . . သမီးပြော''

''စံပယ်သေပြီ၊ စံပယ် အသတ်ခံရလို့တဲ့ အမေရဲ့''



''ဟယ်. . . ဘုရား. . . ဘုရား. . . ဘယ်လိုဖြစ်တာလဲကွယ်၊ ဘယ်လိုဖြစ်ရတာလဲ''

ကျွန်မအားလိုက်ပို့သော သင်တန်းသားတစ်ဦးမှ (နာမည် မမှတ်မိတော့ပါ) . . .

''ဒီလိုပါအန်တီ. . . နေ့ခင်းက သူ့အိမ်မှာ ဝင်သတ်သွား တာတဲ့၊ စံပယ်ကလည်း ပြန်ခုခံသေးတယ်တဲ့၊ သူတို့အသံတွေ ဘေး အိမ်ကလူတွေကြားပေမယ့် တံခါးက အထဲကနေ သော့ပိတ်ဂျက်ချ ထားတာဆိုတော့ တော်တော်နဲ့ဖွင့်လို့မရဘူး။ ဖွင့်လို့ရတဲ့အချိန်ကျ တော့ အသက်မမီတော့ဘူးတဲ့၊ မသေမချင်းကိုသတ်သွားတာတဲ့၊ မြင် ခဲ့တဲ့သူတွေပြောတာတော့ ရုပ်ပျက်ဆင်းပျက် ရက်ရက်စက်စက်ကို သတ်သွားတာပဲတဲ့''

''အမလေး. . . ဘုရား. . . ဘုရား. . . ဖြစ်မှဖြစ်ရလေကွယ်၊ ရက်စက်လိုက်ကြတာ၊ သနားလိုက်တာ၊ ဖြစ်မှဖြစ်ရလေ. . . ဖြစ်မှ ဖြစ်ရလေ''

အမေကာ သမီးချင်းစာနာစွာ မချိတင်ကဲရေရွတ်နေပြီး ကျွန်မ အား တင်းကျပ်စွာဖက်ထားလေသည်။ အတန်ကြာမှ သတိဝင် ကာ. . .

''ကြော်. . . သားတို့ကိုကျေးဇူးတင်ပါတယ်ကွယ်၊ သားတို့ ပြန်ရမှာဝေးတော့ ပြန်လိုက်ကြတော့နော်''

''ဟုတ်ကဲ့ အန်တီ၊ နိုင်လေး. . . ငါတို့ပြန်တော့မယ်နော်''

ကျွန်မလည်း သူတို့ကိုခေါင်းညိတ်ပြကာ အိမ်ထဲသို့လှမ်းဝင် ခဲ့သည်။ ကျွန်မ တစ်ညလုံး ဘယ်သူနဲ့မှစကားမပြောဘဲ လေကား အတက်အဆင်းတွင်ပင် ထိုင်နေမိသည်။ အမေကတော့ စံပယ့် အကြောင်း အဖေ့ကိုပြန်ပြောပြကာ စိတ်မကောင်းဖြစ်နေသည်။ အသုဘ ချမည့်နေ့တွင် အမေပါလိုက်ပို့ရန် အဖေ့ထံမှ ခွင့်တောင်းနေသံကြား ရသည်။ 'သူငယ်ချင်းရယ်. . . ဖြစ်မှဖြစ်ရလေဟယ်' ကျွန်မ စိတ် မကောင်းခြင်းကြီးစွာဖြင့် စိတ်ထဲမှရေရွတ်နေမိပါသည်။ ထိုစဉ် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ. . . ဝေါ. . ."

"ဟာ"

ကျွန်မတို့မိသားစု (၃)ယောက်မှာ ခေါင်းနပန်းများကြီးကာ လန့်သွားကြပြီး အသံလာရာသို့ ပြိုင်တူလှည့်ကြည့်မိလိုက်ကြသည်။ 'ဟယ်' ကျွန်မစိတ်ထဲမှအသံဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပိတ်ထားသောရေသန့်ဘူး 'ဘုံပိုင်ခေါင်း'မှာ ပွင့်ကာ ရေများထွက်ကျလာခြင်းကြောင့်ဖြစ်သည်။ အချိန်က နွားရိုင်းသွင်းချိန်။

"ဟဲ့. . . သမီး အိမ်ထဲဝင်စမ်း. . . အိမ်ထဲဝင်စမ်း"

ကျွန်မလည်း လန့်ဖျန့်ကာ အိမ်ပေါ်တက်ပြီး အမေ့နားကပ်နေမိသည်။ အဖေက အပွင့်ရကျပ်သော ရေသန့်ဘူးခေါင်းကို သေသေချာချာပိတ်ပြီးမှ . . .

"အမေကြီးရဲ့ ရေသန့်ဘူးက 'ခေါင်း'ချောင်နေလို့ပါကွ"

အမေက တစ်စုံတစ်ခုပြောမည့်ဟန်ပြင်စဉ်မှာပင် အဖေက စကားလွှဲကာ . . .

"ကဲ. . . သမီး စာကျက်လို့မရလည်း ဘုရားရှိခိုးပြီး စောစောအိပ်တော့နော်၊ ဟုတ်ပြီလား"

ကျွန်မတို့အိမ်က ဒီတစ်ခေါက် ရေသန့်ဘူး၏ဘုံပိုင်ခေါင်းမှာ အင်မတန်မှကျပ်သဖြင့် အမေစိတ်ဆိုးတာကိုမြင်မိသော ကျွန်မက သဘောပေါက်စွာပင် အဖေ့အား ခေါင်းပဲညိတ်ပြလိုက်သည်။ ထိုညမှာ အမေက ကျွန်မကို ခေါ်သိပ်ခဲ့သည်။ ထို့ကြောင့် ကျွန်မ ကောင်းစွာအိပ်ပျော်ခဲ့ရပါသည်။

စံပယ့်အား အသုဘချသောနေ့. . .။

ထိုနေ့က 'စံပယ့်'၏မျက်နှာကို ကျွန်မ တစ်သက်မေ့နိုင်တော့မည်မဟုတ်ပါ။ လူသတ်သမားများသည် စံပယ့်အား ရက်ရက်စက်စက်သတ်သွားသည်မှာ မြင်ရက်စရာပင်မရှိပါ။ အလောင်းပြင်ထားစဉ် သူမ၏အမေသည် သတိလစ်ကာလဲကျသွားခဲ့သဖြင့် မနည်းကို ပြုစုခဲ့ကြရသည်။ စံပယ့်အနေနှင့် မသေမီ ဝေဒနာ အပြင်းအထန်ခံစားခဲ့



ရမှန်းကိုလည်း သူမ၏ အသက်ကင်းမဲ့နေသောမျက်နှာတွင် အတိုင်းသားမြင်နေရသည်။ ကျွန်မအပြင် ကျွန်မ၏အမေနှင့် လိုက်ပို့သောသင်တန်းသူသင်တန်းသားများလည်း စိတ်မကောင်းခြင်းကြီးစွာဖြင့် ငိုကြွေးခဲ့ကြရသည်။

စံပယ့်အိမ်သို့ အမေနှင့်သွားကာ သူမ၏အမေအား အားပေးစကားပြောနေစဉ်တွင် ကျွန်မသည် မည်သို့မှမကြည့်ရက်နိုင် မခံစားနိုင်သဖြင့် ဝရန်တာတွင်ထွက်ထိုင်ကာ သူမအတွက် ဆုတောင်းပေးနေမိသည်။ စံပယ် ဘယ်လောက်တောင်ခံစားသွားရမှာပါလိမ့်၊ ဘယ်လောက်များ ကြောက်ရွံ့ခဲ့မှာပါလိမ့်ဟုတွေးမိကာငိုင်နေမိသည်။ ဒီလိုနှင့် စံပယ့်ရက်လည်သောနေ့ကို ရောက်ရှိလာခဲ့သည်။ စံပယ့်ရက်လည်သောနေ့သည် ကျွန်မဘဝ၏ 'ခြောက်အိပ်မက်'မက်ခဲ့သောနေ့ ဖြစ်ခဲ့သည်။

ထိုနေ့ကအဖြစ်အပျက်အား ကျွန်မတစ်သက်လုံး မေ့မရနိုင်လောက်အောင် အရိုးစွဲသည်အထိ ထိတ်လန့်ခဲ့ရသည်။

ထိုနေ့က သောကြာနေ့။ မိုးကလည်း ထူးထူးခြားခြား မဲမှောင်နေအောင် အုံ့မှိုင်းနေသည်။

ကျွန်မ ကျူရှင်လည်းမသွားချင်သဖြင့် အိမ်မှာပင်ရှိနေခဲ့ပါသည်။ အမေကလည်းမရှိ အဖေကလည်း ပြန်မလာသေးသည့်အတွက် ကျွန်မသည် စိတ်အားငယ်စွာ ဘုရားစင်အောက်ကခုံကလေးတွင် ထိုင်ကာ လမ်းမအား ငေးကြည့်နေမိသည်။ သို့သော် ကျွန်မ၏မျက်လုံးထဲတွင် သူမအား အသုဘချသောနေ့ကမျက်နှာကိုသာ မြင်ယောင်နေမိသည်။ ကျွန်မသည် စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် သူမ၏မျက်နှာအား မေ့ပျောက်ရန် ကြိုးစားနေလိုက်သည်။ တစ်ယောက်တည်းရှိနေရသည့်အတွက် စိတ်အားလည်းအလွန်ငယ်နေမိသည်။

ထိုစဉ် အိမ်နောက်ဖေးအဆောင်မှ ညည်းသံလိုလိုနှင့် တစ်စုံတစ်ယောက်က လှေကားပေါ်သို့ ဒရွတ်တိုက်ဆွဲ၍တက်လာသော အသံလိုလို ကြားလိုက်ရသည်။ ကျွန်မတို့အိမ်သည် နောက်ဖေးဆောင်

www.burmeseclassic.com

www.burmeseclassic.com



သို့ လှေကား(၃)ထစ်ဆင်းမှရောက်သည်။ ယခုကြားရသောအသံသည် ထိုအုတ်လှေကားပေါ်သို့ ဒရွတ်ဆွဲ၍တက်လာသောအသံမျိုးဖြစ်သည်။ ကျွန်မက နားကြားလွဲခြင်းလော စိတ်ထင်ခြင်းကြောင့်လောဟု နားစိုက်ထောင်လိုက်မိသည်။

“အင်း. . . ရှပ်”

ဟင်. . . ဟုတ်တယ်၊ ဒါ ညည်းသံ။ ဒရွတ်ဆွဲတက်လာတဲ့အသံ။ ကျွန်မ၏ရင်မှာ ဆောင့်ခုန်သွားပြီး နောက်ဖေးဆောင်သို့ လှမ်းကြည့်မိသည်။ သို့သော် အိပ်ခန်း(၂)ခန်းခံနေသောကြောင့် ဘာမှမမြင်ရပေ။ ဒါပေမဲ့ . . .

“အင်း. . . အင်း. . . ရှပ်. . . ရှပ်”

“အမလေး. . . ဘုရား”

ညည်းညူသံနှင့် ‘ရှပ်’ဆိုသောအသံရှည်ကြီးအား ကျွန်မ သေသေချာချာကြားလိုက်ရသည်။ ကျွန်မသည် သွေးပျက်ခြင်းနှင့်အတူ ငေးကြည့်နေစဉ်မှာပင် ကျွန်မစိတ်ထဲမှ . . .

“စံ. . . စံပယ်လား. . . မဟုတ်ဘူးနော်. . . မဟုတ်ဘူး. . . မဟုတ်လား”

“အင်း. . . ဘုတ်”

“ဟင်. . . ဟုတ်တယ်. . . ဟုတ်တယ်. . . ဒါ. . . ဒါ. . . စံ စံပယ်. . . စံပယ်၊ ရောက်လာပြီ၊ အပေါ်ကိုရောက်လာပြီ၊ အမလေး ဘုရားကယ်ပါ”

ကျွန်မသည် ကြောက်လန့်လွန်းစွာ အိမ်လယ်ခန်းသို့ လှမ်းကြည့်နေမိသည်။

အသံသည် ခေတ္တငြိမ်သက်သွားသည်။ ကျွန်မသည် လှုပ်ရှားဖို့မေ့လျော့စွာ ဘာမြင်ရမလဲဟု စိုက်ကြည့်နေမိသည်။ အပြင်ဘက်တွင်လည်း မိုးအုံ့ခြင်းကြောင့် ပို၍မှောင်နေလေပြီ။ ကြောက်စိတ်ဖြင့် ကျွန်မ အော်ဟစ်ရန်ပင်သတိမရခဲ့ပါ။

“ရှပ်. . . ဖျောက်”



“ဟော. . . လာနေပြီ. . . လာနေပြီ. . . နင်. . . နင်”

“ရှပ်. . . ဖျောက်”

‘ရှပ်’ဆိုသော ဒရွတ်ဆွဲသံလေးလေးကြီးနှင့်အတူ ကြားရသော ‘ဖျောက်’ဆိုသောအသံမှာ အိပ်ခန်းနံရံတွင် အလှရိုက်ထားသောသစ်များအား လက်ဖြင့် ပွတ်လာသောအသံဟု ကျွန်မစိတ်ထဲက သိလိုက်သည်။ ထိုသို့ အလှရိုက်ထားသော သစ်သားဖု(၁၀)ခုရှိသည်။ ကျွန်မ၏နှလုံးများသည် ခုန်ရလွန်းသဖြင့် ပါးစပ်က ထွက်ကျတော့မည်ကဲ့သို့ ခံစားနေရသည်။

“ရှပ်. . . ဖျောက်”

“ရှပ်”

“စံ. . . စံပယ်. . . ငါကြောက်တယ်. . . ငါကြောက်တယ် မလာနဲ့. . . မလာပါနဲ့”

ကျွန်မသည် တဆတ်ဆတ်တုန်ယင်ကာ ကုလားထိုင်လက်တန်းအား ဆုပ်ကိုင်ထားမိသည်။

“ရှပ်. . . ဖျောက်”

“အား. . . လေးလှမ်းရှိပြီ. . . လေးလှမ်း. . . မလာနဲ့. . . မလာနဲ့”

ကျွန်မစိတ်ထဲမှ အသံကုန်အော်ဟစ်နေသော်လည်း ပါးစပ်က မည်သည့်အသံမှ မထွက်နိုင်ခဲ့ပါ။ စံပယ့်ကို ဘယ်လိုပုံစံဖြင့် မြင်ရမလဲဟုတွေးကာ ဇောချွေးများပြန်နေခဲ့သည်။ ‘ဒ. . . ဒရွတ်ဆွဲနေတာဆိုတော့. . .’ ကျွန်မဆက်မတွေးရဲတော့ဘဲ ပြူး၍သာကြည့်နေမိသည်။

“ရှပ်. . . ဖျောက်. . . ရှပ်”

“ငါး. . . ငါးလှမ်း. . . အမေရေ. . . အမေ”

ကျွန်မသည် လုံးဝအသံမထွက်၊ မလှုပ်ရှားဘဲနှင့် အမေ့ကိုသာ တမ်းတနေမိသည်။ ယခုအချိန် သူမအား ကျွန်မတွေ့လိုက်ရရင် ကျွန်မ သေသွားမည်လားဟုလည်း ထိတ်လန့်တကြားတွေးမိလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မတစ်ကိုယ်လုံး ဇောချွေးများနှင့်ရွဲနစ်နေသည်။ ခြေသံကြီးကား လေးလေးကြီးနှင့် မှန်မှန်ထွက်ပေါ်နေဆဲ။ ထိုစဉ် ခြေရှေ့လမ်းမှ . . .

"သမီးရေ. . . သမီး. . . ဟဲ့. . . မီးလည်းမထွန်းပါလား"

"အမေ. . . အဖေ"

အဖေနှင့်အမေ့အသံကြားရသဖြင့် ကျွန်မ မျက်စိမှိတ်ကာ ပြေးထွက်သွားလိုက်သည်။ ဒူးတွေက ကြောက်စိတ်ကြောင့် မနိုင်ဘဲ အယိုင်ယိုင်အနဲ့နဲ့ အသံကလည်းမထွက်နိုင်သဖြင့် တအားအော်ပစ်လိုက်ရသည်။

"အမေ. . ."

ကျွန်မရဲ့အသံနက်ကြီးနှင့် အော်သံကြောင့်ရော ကျွန်မပြေးလာတာမြင်တာကြောင့် အဖေနှင့်အမေက အလူလျားဖားလျား စိုးရိမ်တကြီးပြေးလာကြပြီး ဖိနပ်ချွတ်တွင် ကျွန်မအားပွေ့မိကာ . . .

"ဘာဖြစ်လဲ. . . ဘာဖြစ်တာလဲ. . . သမီး. . . ပြောစမ်း. . . ဟဲ့. . . ဟဲ့. . ."

ကျွန်မသည် ပြူးကျယ်နေသောမျက်လုံးတို့ဖြင့် အသံမထွက်ဘဲ အခန်းထဲသို့ လက်ညှိုးထိုးပြလိုက်ရသည်။ အဖေနှင့်အမေလည်း အခန်းထဲသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ထို့နောက် အခန်းထဲသို့တစ်လှည့် ကျွန်မအားတစ်လှည့် တိတ်ဆိတ်စွာကြည့်နေကြသည်။ ကျွန်မလည်း အဖေနှင့်အမေ့ထံမှ မည်သည့်အသံမှထွက်မလာသဖြင့် အမေ့ရင်ခွင်ထဲမှာ ပုန်းနေရာမှ အသာချောင်းကြည့်လိုက်ရာ . . .

"အား. . . အား. . ."

"ဟဲ့. . . သမီး. . . သမီးရဲ့"

"အား"

ထိုစဉ်က ကျွန်မမြင်လိုက်ရသည်က သူမဝတ်နေကျဂါဝန်ကြီးနှင့် ဆံပင်ဖားလျားဖြင့် ကျွန်မဆီသို့ လက်လှမ်းခေါ်နေသော သူမ။



"အား. . . အ. . ."

ကျွန်မလည်း လောကကြီးနှင့် လုံးဝအဆက်အသွယ်ပြတ်သွားခဲ့သည်။ အဖေနှင့်အမေ အနားတွင်ရှိနေခြင်းကြောင့်သာ ကျွန်မတစ်ခါတည်းသေမသွားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က သူမကြည့်နေသောအကြည့်သည် မည်သည့်အဓိပ္ပါယ်မှန်း သေသေချာချာမသိပေမယ့် ထိုနေ့ညနေက သူမ၏အကြည့်နှင့်ပုံစံအား ယနေ့ထက်တိုင် သွေးပျက်စွာ မြင်ယောင်နေမိပါသေးသည်။

■

ခရမ်းနု



| | |
|---|---|
| အမည် | – နိုင်မေလတ် |
| ကလောင်အမည် | – ခရမ်းနု |
| အသက် | – ၃၄ နှစ် |
| မှတ်ပုံတင်အမှတ် | – ၁၂/ဥကမ(နိုင်)၀၀၂၀၈၅ |
| နေရပ်လိပ်စာ | – အမှတ် (76-B)၊ ဂန္ဓမာ(၂)လမ်း၊ F.M.I City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |

www.burmeseclassic.com

www.burmeseclassic.com



## ရွှေအိမ်မှူးစာပေ

### သရဲတစ္ဆေစာမူပိတ်ခေါ်ပွဲ

(၁) သင် သရဲအခြောက်ခံရဖူးပါလား။

(၂) သရဲအခြောက်မခံရဖူးသေးသော်လည်း မည်သည့်အရာက သင့်ကို ကြောက်လန့်စေပါသနည်း။

(၃) သင့်ဘဝတွင် ကြောက်စရာအကောင်းဆုံး အဖြစ်အပျက်တစ်ခုကို ဖော်ပြပါ။
(စိတ်ကူးယဉ်ဖြစ်စေ၊ တစ်ဆင့်ကြားဖူးသော အဖြစ်အပျက်ကိုဖြစ်စေ ဖော်ပြနိုင်ပါသည်။)

(၄) ထိုအဖြစ်အပျက်မှ မည်သည့်အရာက သင့်ကို ကြောက်လန့်စေပါသနည်း။

(၅) ထိုအချိန်တွင် သင် မည်သို့ခံစားရပါသနည်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူ မည်သူမဆို မိမိတို့ ရေးတတ်သလို စိတ်ထဲရှိသည့်အတိုင်း လွတ်လွတ်လပ်လပ် ရေးသား၍ **ရွှေအိမ်မှူးစာပေ – အမှတ် (၂၂၁)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့** သို့ ရေးသားပေးပို့နိုင်ပါသည်။

စာမူကို လျှောက်လွှာစာရွက် အနည်းဆုံး (၁) မျက်နှာမှ အများဆုံး (၅) မျက်နှာအထိ ရေးသားနိုင်ပြီး စာရေးသူ၏ အမည်၊ အသက်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့်အတူ ဓါတ်ပုံပါ ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။

ရွေးချယ်ခြင်းခံရသော စာမူများကို ရွှေအိမ်မှူးစာပေမှ လစဉ်ထုတ်ဝေမည့် သတိုးစောဖနှင့် ခွန်းချိုငြိမ်းချမ်း တို့၏ လုံးချင်းဝတ္ထုများ



တွင် ထည့်သွင်းဖော်ပြပြီး ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

စာအုပ်တွင် နေရာအခက်အခဲရှိပါသဖြင့် တစ်ပုဒ်တည်းသာ ရွေးချယ်ဖော်ပြနိုင်သော်လည်း ပေးပို့သည့်စာမူများထဲတွင် အရည်အသွေးကောင်းမွန်သော နှစ်မြို့က်ဖွယ်ရာစာမူအမြောက်အများ ရောက်လာပါသည်။

အဆိုပါကလောင်ရှင်များအား စင်တင်ပေးသင့်သည်ဟု ယူဆသောကြောင့် အလျဉ်းသင့်သည့်အခါတွင် 'သရဲတစ္ဆေဝတ္ထုတိုစုစည်းမှု' အဖြစ် သတိုးစောဖ၊ ခွန်းချိုငြိမ်းချမ်း တို့၏ ဝတ္ထုတိုများနှင့်အတူ ထုတ်ဝေပေးသွားဖို့အထိ ရည်မှန်းထားပါသည်။

ထို့ကြောင့် စာမူပေးပို့သူများ မိမိတို့၏ စာမူအား ပုံနှိပ်ထုတ်ဝေရန် သဘောတူညီချက်ကိုပါ ပူးတွဲပေးပို့နိုင်ပါသည်။

■

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

၏

စင်တင်ကလောင်ရှင်

# နွေဦးခင်

## တိုးတိတ်သောချစ်တေးသွား

(အချစ်လုံးချင်းဝတ္ထုသစ်)

---

အချစ်ဆိုတာ နာကျင်ခံစားရတာ. . .
အချစ်ဆိုတာ ငြိမ့်ညောင်းစွဲငြိစရာ. . .
ပေါင်းစပ်လိုက်ရင် တေးသွားလေးတစ်ခုပါ။

---

ငယ့်အပေါ် ဂရုဏာဒေါသောဖြင့် နန္ဒနိုင်အား ချဉ်ကြောင်းဖိုင်း ပြောနေသည့် နွယ်နှင့်ဖိုးချမ်းကို ငယ် ဘာမှမတုံ့ပြန်နိုင်ပါ။ နှလုံးသား ဆိုတာလည်း နားလည်ရခက်ခဲလွန်းလှပါသည်။ မနေ့တုန်းကတော့ ဝမ်းနည်းသိမ်ငယ်နာကျင်ကာ သူ့ကို မုန်းတီးလိုက်တာဟု တွေးနေခဲ့ ပြီး အခုတော့ သူ့ကို သူများမုန်းမှာ ကြားထဲက ကြောက်နေမိပြန်ပါ သည်။

ကိုယ်တိုင်က မုန်းတီးနာကျည်းနေပေမယ့် သူများတကာ သူ့ကို မမုန်းစေချင်မိတာ ဘယ်လိုထူးဆန်းတဲ့ တန်ခိုးစွမ်းအားက ဖန်တီး ထားပါလိမ့်. . .။

**ထွက်ပြီ**

စာမူခွင့်ပြုချက်အမှတ် [၅၀၁၀၂၄၀၈၀၇]

ရွှေအိမ်မှူးစာပေ

# နွေဦးခင်

## သံယောဇဉ်မိုးကောင်းကင်အောက်

(ဒုတိယမြောက် ၊ အချစ်လုံးချင်းဝတ္ထုသစ်)

အသံက မဆိုစလောက်လေးဝဲချင်ကာ အသားအရေဖြူ လုပတဲ့ သူဟာ တောင်ပေါ်သားတစ်ယောက်များလား။ ယောက်ျားပီ ပြီး ကြည့်ကောင်းမယ့်ပုံစံရှိသော်လည်း လောကကို မကျေမနပ် ကြည့်တတ်တဲ့ဟန်ပန်နဲ့ လူလတ်ပိုင်းအရွယ်လူတစ်ယောက်က ဘ ကဘယ်လို သူမတို့လမ်းထဲကို ရောက်ခဲ့တာလဲ။ တော်ပြီ. . . သူ တစ်ယောက်အကြောင်းတွေးတာ နည်းနည်းများသွားပြီ။ သူမခေါင်း ဆတ်ခနဲခါကာ စက်ဘီးနင်းရင်းနဲ့ သီချင်းတစ်ပုဒ်ကို တီးတိုးညည် လိုက်ပါသည်။

**မကြာမီမျှော်**

www.burmeseclassic.com